မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Established in 1914
Myanma Alinn Daily
အတွဲ (၅၃)
အမှတ် (၈၁)
၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ သောကြာနေ့။

**ပြည်သူ့စွမ်းအားဖြင့်**
**နိုင်ငံတော်ကို**
**တည်ဆောက်အံ့**

# ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း အင်ဒိုနီးရှားနိုင်ငံလွှတ်တော် House of Representatives ဥက္ကဋ္ဌနှင့်တွေ့ဆုံဆွေးနွေး

စာမျက်နှာ-၃

# မွေ့လက်ဝှေ့အားကစားပြိုင်ပွဲ မြန်မာမှ သူဇာဟန်၊ မောင်တူးနှင့်ထွန်းထွန်းမင်းတို့ ဗိုလ်လုပွဲတက်

သတင်း-ဇင်ဦး
ဓာတ်ပုံ-သူရ(တောင်ငူ)

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မွေ့လက်ဝှေ့ အားကစားပြိုင်ပွဲ အမျိုးသား အမျိုးသမီး အကြိုဗိုလ်လုပွဲများကို နေပြည်တော်ဝဏ္ဏသိဒ္ဓိလက်ဝှေ့ အားကစားရုံ၌ ဒီဇင်ဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပခဲ့ရာ ပထမဦးစွာ အမျိုးသမီး ၅၇ ကီလိုတန်းပြိုင်ပွဲတွင် ထိုင်းနိုင်ငံမှ SIRISOPA SIRISAK (အနီ)က မြန်မာမှ ဇင်မာခိုင်(အပြာ)ကို လည်းကောင်း၊ အမျိုးသား ၆၀ ကီလိုတန်းပြိုင်ပွဲတွင် လာအိုနိုင်ငံမှ LATSA-SACK SOULIVONG (အပြာ)က၊ ဗီယက်နမ်နိုင်ငံမှ TRAN DUY NHAT NGUYEN (အနီ) ကို လည်းကောင်း၊ ထပ်မံပြီး အမျိုးသား ၆၀ ကီလိုတန်းတွင် ထိုင်းနိုင်ငံမှ RONNAKIT BOONTREE (အပြာ)က မလေးရှားနိုင်ငံမှ MO-HAMAD RAF (အနီ)ကို လည်းကောင်းအနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်သွားပြီဖြစ်သည်။ ဆက်လက်ပြီး အမျိုးသမီး ၆၀ ကီလိုတန်းတွင် မြန်မာမှသူဇာဟန်(အနီ)က လာအိုမှ SOUT-CHAY SILA PHETH (အပြာ) ကို အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်သွားပြီ ဖြစ်သည်။ ထို့နောက် အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်းတွင် ထိုင်းမှ PANPONG TANJAD (အနီ) က မြန်မာမှ စိုးလင်းဦး(အပြာ) ကို *စာမျက်နှာ ၇ ကော်လံ ၃* ❁



မွေ့ထိုင်းလက်ဝှေ့ပြိုင်ပွဲတွင် မြန်မာမှ ထွန်းထွန်းမင်း(အပြာ)နှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# ၂၀၁၄ ခုနှစ် မတ်လ၌ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၁၄ ခုနှစ် မတ်လတွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်-

## ၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်း

| ရက်စွဲ | အချိန် | ဘာသာရပ်များ |
|---|---|---|
| (၁) | (၂) | (၃) |
| ၁၂-၃-၂၀၁၄ ဗုဒ္ဓဟူးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | မြန်မာစာ |
| ၁၃-၃-၂၀၁၄ ကြာသပတေးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | အင်္ဂလိပ်စာ |
| ၁၄-၃-၂၀၁၄ သောကြာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | သင်္ချာ |
| ၁၇-၃-၂၀၁၄ တနင်္လာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | ဓာတုဗေဒ |
| ၁၈-၃-၂၀၁၄ အင်္ဂါနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | ရူပဗေဒ |
| ၁၉-၃-၂၀၁၄ ဗုဒ္ဓဟူးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | ဇီဝဗေဒ ဘောဂဗေဒ |
| ၂၀-၃-၂၀၁၄ ကြာသပတေးနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | ပထဝီဝင် |
| ၂၁-၃-၂၀၁၄ သောကြာနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ | သမိုင်း |
| ၂၂-၃-၂၀၁၄ စနေနေ့ | နံနက် ၉ နာရီမှ ၁၂ နာရီအထိ။ | စိတ်ကြိုက်မြန်မာစာ |

(သတင်းစဉ်)

# ဆီးဂိမ်းအမျိုးသားဘောလုံးပွဲ အင်ဒိုနှင့်ထိုင်း ဗိုလ်လုပွဲ၌ တွေ့ဆုံမည်



အကြိုဗိုလ်လုပွဲအဖြစ် ထိုင်းနှင့်စင်ကာပူ ယှဉ်ပြိုင်ကစားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသားဘောလုံးပွဲစဉ်အကြိုဗိုလ်လုပွဲကို နေပြည်တော် ဇေယျာသီရိအားကစားကွင်း၌ မလေးရှားနှင့် အင်ဒိုနီးရှားအသင်းတို့ ဒီဇင်ဘာ ၁၉ ရက် ညနေ ၄ နာရီက ယှဉ်ပြိုင်ကစားကြသည်။

အုပ်စု(က)မှ ပထမဖြင့်တက်လာသော မလေးရှားအသင်းနှင့် အုပ်စု (ခ)မှ ဒုတိယဖြင့်တက်လာသော အင်ဒိုနီးရှားတို့ ပွဲစတင်သည်နှင့် နှစ်သင်းစလုံး ကစားကွက်ထိန်းပြီး အပြန်အလှန်ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့သည်။

အင်ဒိုနီးရှားတို့ဂိုးရရှိရေး ဆက်လက်ကြိုးစားခဲ့ရာ ပွဲချိန် မိနစ် ၃၀တွင် အင်ဒိုနီးရှားမှ GATRA SANG-GIAWAN က မလေးရှားဂိုးဧရိယာအတွင်းမှ အပိုင်ကန်သွင်းရာ အဖွင့်ဂိုးရရှိခဲ့ပြီး ပထမပိုင်းပွဲချိန်အပြီး အင်ဒိုနီးရှားတို့ *စာမျက်နှာ ၇ ကော်လံ ၁* ✻



- မြန်မာ၊ English နှစ်ဘာသာဖြင့် အစအဆုံးအသုံးပြုနိုင်သည်
- ဖုန်းကတ်နှစ်ကတ်၊ စနစ်သုံးမျိုး CDMA800, GSM, WCDMA
- JAS ၅", JAS ၄", JAS ၄"

JAS
မြန်မာဖုန်း
Phone: 09-33322555, 09-31199911

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အင်ဒိုနီးရှားနိုင်ငံလွှတ်တော် House of Representatives ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အင်ဒိုနီးရှားနိုင်ငံ လွှတ်တော် House of Representatives ဥက္ကဋ္ဌ H.E. Mr. Marzuki Alie ၏ ဖိတ်ကြားချက်အရ အင်ဒိုနီးရှားနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီခွဲတွင် ဂျကာတာမြို့ရှိ Mulia Hotel ၌ အင်ဒိုနီးရှားနိုင်ငံ House of Representatives ဥက္ကဋ္ဌ H.E. Mr. Marzuki Alie နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-အင်ဒိုနီးရှား နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အင်ဒိုနီးရှားနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အင်ဒိုနီးရှားနိုင်ငံ House of Representatives ဥက္ကဋ္ဌက ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့အား ဂျကာတာမြို့ရှိ Mulia Hotel ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီတွင် ဂျကာတာမြို့ရှိ လွှတ်တော်အဆောက်အအုံ၌ အင်ဒိုနီးရှားနိုင်ငံ လွှတ်တော် People's Consultative Assembly (MPRI) ဥက္ကဋ္ဌ H.E. Mr. Sidarto Danusubroto နှင့် တွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲများသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများဖြစ်ကြသော သူရဦးအေးမြင့်၊ ဦးလှမြင့်ဦး၊ ဦးငွေးမြင့်နှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ အမျိုးသားပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးဆက်လက်ထွက်ခွာရာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာလေဆိပ်၌ အင်ဒိုနီးရှားနိုင်ငံ House of Representatives မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ တာဝန်ရှိသူများက လေဆိပ်သို့ လိုက်လံပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဂျကာတာမြို့ရှိ Mulia Hotel ၌ အင်ဒိုနီးရှားနိုင်ငံ House of Representatives ဥက္ကဋ္ဌ H.E. Mr. Marzuki Alie နှင့် တွေ့ဆုံစဉ်။**

(သတင်းစဉ်)

# ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အဖွဲ့ ဥရောပသုံးနိုင်ငံ လေ့လာရေးမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဆွီဒင်၊ ဒိန်းမတ်နှင့် နော်ဝေနိုင်ငံများသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပြီး ယနေ့ နံနက် ၉ နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

**ကြိုဆိုနှုတ်ဆက်**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**(သတင်းစဉ်)**



**ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ ဆွီဒင်၊ ဒိန်းမတ်နှင့် နော်ဝေနိုင်ငံများသို့ လေ့လာရေးခရီးမှ ပြန်လည်ရောက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။**

(သတင်းစဉ်)

# သံအမတ်ကြီး ဦးတင်ယု သံအမတ်ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ယုသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် မင့်စ်မြို့၌ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကိုထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# သံအမတ်ကြီး ဦးစိုးနွယ် သံအမတ်ခန့်အပ်လွှာပေးအပ်ပြီးဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၀**

ဩစတြီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစိုးနွယ်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဗီယင်နာမြို့၌ ဩစတြီးယားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဟိန်ဇ်ဖစ်ရှာထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ၏ အသင်းသားများတွေ့ဆုံပွဲနှင့် အနုပညာဖျော်ဖြေပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ဦးစီး၍ "Happiness for Myanmar" အခမ်းအနားကို ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့သော KOICA အသင်းသားများ နှစ်စဉ်တွေ့ဆုံပွဲနှင့် ကိုရီးယားနိုင်ငံမှ ကမ္ဘာကျော်တေးဂီတအဖွဲ့၏ ကိုရီးယားရိုးရာတေးဂီတ ရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုများကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီမှစ၍ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသွားမည် ဖြစ်သည်။

**ကပြဖျော်ဖြေ**

အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်စေရန် ဝန်ကြီးဌာနအသီးသီးနှင့် ပူးပေါင်းဆောင်ရွက်ကူညီပေးလျက်ရှိသော KOICA ၏ စီမံကိန်းများ၊ လုပ်ငန်းစဉ်များ၊ ပညာသင်စေလွှတ်ခြင်းများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ၂၀၁၃ ခုနှစ်တွင် သင်တန်းတက်ရောက်ပြီးသူ သင်တန်းသားအချို့က ဗဟုသုတယဉ်ကျေးမှုအတွေ့အကြုံများကို ပြန်လည်မျှဝေကြမည်ဖြစ်ပြီး ကိုရီးယားနိုင်ငံမှ Kim Duk Soo ဦးဆောင်သော ကိုရီးယားရိုးရာအကအဖွဲ့မှ ရိုးရာတေးဂီတများဖြင့် ကပြဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးသူ**

**ဥတုရာသီ တောက်ပမှု၏**



နိုင်ငံတကာသတင်း

# အီရန်နိုင်ငံခြားရေးဝန်ကြီး ဆော်ဒီအာရေဗျနိုင်ငံသို့ ခရီးထွက်ခွာမည်

**တီဟီရန် ဒီဇင်ဘာ ၁၉**

အီရန်နိုင်ငံခြားရေး ဝန်ကြီး မိုဟာမက် ဂျာဗက်ဇာရစ်ဖ်သည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ရန် အီရန်နိုင်ငံ၏ မူဝါဒနှင့်အညီ ဆော်ဒီအာရေဗျနိုင်ငံသို့ အလည်အပတ်ခရီးသွားရန်စီစဉ်ထားကြောင်း ပရက်စ်တီဗွီက ဒီဇင်ဘာ ၁၈ ရက်တွင် ဖော်ပြထားသည်။

အဆိုပါ ခရီးစဉ်သည် အဆင်ပြေဆုံးအချိန်တွင် သွားရောက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း အာရပ်နှင့် အာဖရိကရေးရာ အီရန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဟိုစိန်အာမက် အဗ္ဗဒူလာဟီယမ်က ပြောကြားသည်။

**ယုံကြည်**

အီရန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့၏ တွေ့ဆုံဆွေးနွေးပွဲသည် ဒေသတွင်း အကျပ်အတည်းကို ဖြေရှင်းရာတွင် အဓိကအခန်းကဏ္ဍတွင် ပါဝင်လိမ့်မည်ဟု အီရန်က ယုံကြည်ကြောင်း အာမက်အဗ္ဗဒူလာဟီယမ်၏ ပြောစကားကို ကိုးကားဖော်ပြထားသည်။

အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနတာဝန်ရှိသူက ဒေသတွင်း ကိစ္စရပ်များကို ဖြေရှင်းရာတွင် ပိုမိုတက်ကြွသော အခန်းကဏ္ဍကို လုပ်ဆောင်ရန် ဆော်ဒီအာရေဗျနိုင်ငံအား တိုက်တွန်းလိုက်ပြီး အီရန်နိုင်ငံတွင် လုံခြုံရေးနှင့် တည်ငြိမ်ရေးထိန်းသိမ်းခြင်းနှင့် ဒေသဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရာတွင် ဆော်ဒီအာရေဗျနိုင်ငံက လုပ်ဆောင်နေသည့် အပြုသဘောဆောင်သော အခန်းကဏ္ဍကို အီရန်နိုင်ငံ၏ ထောက်ခံမှုအား မီးမောင်းထိုးဖော်ပြလိုက်သည်။

၁၉၇၉ ခုနှစ် အီရန်တွင် အစ္စလာမ့်တော်လှန်ရေး ပြီးသည့်နောက် ဒေသတွင်းအင်အားကြီးနှစ်နိုင်ငံဖြစ်သော အီရန်နှင့်ဆော်ဒီအာရေဗျတို့အကြား ဆက်ဆံရေးသည် ကျဆင်းလာခဲ့သည်။ **(ဆင်ဟွာ)**



သမ္မတရှီကျင့်ဖျင်နှင့် ဟောင်ကောင်အထူး အုပ်ချုပ်ရေးဒေသ အမှုဆောင် အကြီးအကဲ တို့အား ဒီဇင်ဘာ ၁၈ ရက်က တွေ့ရစဉ်။

# ဖွံ့ဖြိုးရေးအတွက်ဟောင်ကောင်တွင် အခွင့်အရေးများစွာ ရှိနေ

**ပေကျင်း ဒီဇင်ဘာ ၁၉**

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်က ဟောင်ကောင်၏ ဖွံ့ဖြိုးမှုအတွက် နောက်ထပ်အခွင့်အရေး ပေးရန် ကတိပေးခဲ့သည်။

ယခင်နှစ်ဒေသဆိုင်ရာ အခြေအနေနှင့် အစိုးရလုပ်ငန်းများနှင့်ပတ်သက်၍ ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသအကြီးအကဲ လျန်ချွန်ယင်၏ အစီရင်ခံစာကို ဖတ်ရှုပြီးနောက် သမ္မတရှီကျင့်ဖျင်က ဒီဇင်ဘာ ၁၈ ရက်တွင် မှတ်ချက်ချခဲ့ခြင်းဖြစ်သည်။

အပြောင်းအလဲများကို ရှာဖွေနေခြင်း၊ ပြည်သူလူထု၏ စားဝတ်နေရေးကို ဦးစားပေးခြင်းနှင့်လူမှုရေးနှင့်စီးပွားရေးတိုးတက်မှုများမှထူးခြားသော ကိစ္စရပ်များကို ဖြေရှင်းခြင်းတို့လုပ်ဆောင်နေစဉ်အတွင်း တရုတ်နိုင်ငံဗဟိုအစိုးရက လျန်နှင့်ဟောင်ကောင်အထူးအုပ်ချုပ်ခွင့်ရဒေသ အစိုးရတို့အား အပြည့်အဝ အသိအမှတ်ပြုကြောင်း သမ္မတရှီကပြောကြားသည်။

ယခင်လက တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ၏ တတိယအကြိမ် မျက်နှာစုံညီအစည်းအဝေးက ချမှတ်ခဲ့သော ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များသည် တရုတ်ပြည်မကြီးနှင့်ဟောင်ကောင်တို့အကြား ခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုနှင့် အမြင်ချင်းဖလှယ်ရန် ဦးတည်လိမ့်မည်ဖြစ်ပြီး ဟောင်ကောင်အနေဖြင့် ဖွံ့ဖြိုးရေးအတွက် နောက်ထပ်အခွင့်အရေးများ ရရှိလိမ့်မည်ဖြစ်ကြောင်း ရှီ၏ပြောကြားချက်အရ သိရသည်။

**ပြတ်ပြတ်သားသားရှိနေ**

၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ဟောင်ကောင်၏အကြီးအကဲသစ်ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ တရုတ်ဗဟိုအစိုးရ၏ရပ်တည်ချက်သည် ခိုင်မာပြီး ပြတ်ပြတ်သားသားရှိနေကြောင်း ရှီက ပြောကြားသည်။

ဟောင်ကောင်ရှိ လူထုလူတန်းစားအလွှာအသီးသီးမှ ပြည်သူများသည် ညီညွတ်စွာဖြင့် အဆင်ပြေချောမောသော ရွေးကောက်ပွဲဖြစ်စေရန် စုပေါင်း လုပ်ဆောင်ကြလိမ့်မည်ဟု မျှော်လင့်ကြောင်း ရှီက ထုတ်ဖော်ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

# ပါကစ္စတန်နှင့် တရုတ်တို့ အဆင့်မြှင့် တိုက်လေယာဉ်ထုတ်လုပ်မှု စတင်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁၉**

ပါကစ္စတန်လေကြောင်းဆိုင်ရာဌာနတစ်ခုက တရုတ်နှင့် ပူးတွဲထုတ်လုပ်ထားသော ဂျေအက်ဖ်-၁၇ တိုက်လေယာဉ်ကို ထုတ်ဖော်ပြသလိုက်ပြီး လေယာဉ်၏ အဆင့်မြှင့်တင်ထားသော ပုံစံသစ်ထုတ်လုပ်ရေးကို ဒီဇင်ဘာ ၁၈ ရက်က စတင်လိုက်သည်။

ကမ်ရာ လေတပ်စခန်း လေယာဉ်ပြပွဲတစ်ရပ်တွင် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ဇ်ရှရစ်က တိုးတက်လာသော ပါကစ္စတန်-တရုတ်ချစ်ကြည်ရင်းနှီးမှု၏ ပြယုဂ်တစ်ခုအနေဖြင့်လည်းကောင်း၊ ကိုယ့်အားကိုယ်ကိုး ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု၏ သမိုင်းမှတ်တိုင်တစ်ခုအဖြစ်လည်းကောင်း ဂျေအက်ဖ်-၁၇ ၏ ထုတ်လုပ်မှုကို တင်စားပြောကြားခဲ့သည်။

ပါကစ္စတန်နှင့် တရုတ်တို့သည် ပြင်သစ်က ထောက်ပံ့ထားသော မီရတ်ချ် တိုက်လေယာဉ်များနေရာတွင် အစားထိုးရန် ၂၀၁၃ ခုနှစ်ကတည်းက ကမ်ရာလေတပ်စခန်းတွင် ပူးတွဲလေယာဉ်ထုတ်လုပ်မှုကို စတင်ခဲ့သည်။

အဆင့်မြှင့်တင်ထားသော လေယာဉ်တွင် ကောင်းကင်အတွင်း လေယာဉ်အချင်းချင်း လောင်စာဆီဖြည့်သွင်းနိုင်ပြီး အချက်အလက်နှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးဆိုင်ရာ စွမ်းအားများ ပါရှိသည်။ ယင်းလေယာဉ်တစ်စင်း၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅ သန်းဖြစ်သည်။ **(ကျိုဒို)**



# ဘရာဇီးနိုင်ငံသို့ ဂျက်တိုက်လေယာဉ်များ ရောင်းချရန် ဆွီဒင်ကုမ္ပဏီအနိုင်ရ

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

ဆွီဒင်နိုင်ငံရှိ ဂျက်တိုက်လေယာဉ်များ ထုတ်လုပ်သော ကုမ္ပဏီ Saab သည် ဘရာဇီးနိုင်ငံသို့ ဂျက်လေယာဉ် ၃၆ စင်း ရောင်းချရန် ကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ သဘောတူညီမှုရရှိခဲ့ကြောင်း ဒီဇင်ဘာ ၁၉ ရက် ဘီဘီစီသတင်းတွင် ရေးသားထားသည်။

အဆိုပါ သဘောတူညီမှုသည် ပြိုင်ဘက်အမေရိကန်နိုင်ငံမှ Boeing ကုမ္ပဏီနှင့် ပြင်သစ်နိုင်ငံမှ Dassault Aviation ကုမ္ပဏီတို့အား ဈေးကွက်ပြိုင်ဆိုင်နေရသော Saab ကုမ္ပဏီအဖို့ အရေးပါဆုံးသော သဘောတူညီမှုတစ်ခုဖြစ်သည်။ အများစုက Boeing ကုမ္ပဏီသို့မဟုတ် Dassault ကုမ္ပဏီတို့က အနိုင်ရလိမ့်မည်ဟု မျှော်လင့်ထားရာမှ Saab ကုမ္ပဏီက အနိုင်ရသွားခဲ့ခြင်းပင်ဖြစ်သည်။

Boeing ကုမ္ပဏီသည် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော အမေရိကန်၏ ဘရာဇီးအပေါ် စပိုင်လုပ်စောင့်ကြည့်မှုများကြောင့် ယင်းကဲ့သို့ ကန်ထရိုက် မရခဲ့ခြင်းဖြစ်သည်ဟု ဆော်ပေါလိုမြို့ရှိ ဘီဘီသတင်းဌာနက ဆိုသည်။

Boeing ကုမ္ပဏီသည် ယင်းသဘောတူညီမှု၌ ရရှိမည်ဟု ရှေ့ဆုံးမှတစ်ပြေးနေသော ကုမ္ပဏီဖြစ်သည်။ **(ဘီဘီစီ)**









# အိုဘားမားက ချီလီသမ္မတအား ဂုဏ်ပြုစကားဆို၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုအားကောင်းရန်မျှော်လင့်

**ဝါရှင်တန် ဒီဇင်ဘာ ၁၉**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ချီလီနိုင်ငံသမ္မတ အဖြစ် မစ္စဘာချီလက် ရွေးချယ်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမေရိကန်နှင့်ချီလီ နှစ်နိုင်ငံကြား ပိုမိုကောင်းမွန်သော ဆက်ဆံရေးအဖြစ် ရရှိရန် မျှော်လင့်မိပါကြောင်း ဒီဇင်ဘာ ၁၈ ရက်က ပြောကြားသည်။

ဖုန်းဖြင့် ဆက်သွယ်ပြောကြားစဉ် အိုဘားမားက ပြီးခဲ့သည့်နှစ်များအတွင်း ရှိခဲ့သည့် နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုကို အခြေခံကာ အမေရိကန်နှင့် ချီလီ နှစ်နိုင်ငံကြား ပိုမိုခိုင်မြဲသော ဆက်ဆံရေးဆက်လက်တည်ဆောက်ရန် ဆန္ဒရှိကြောင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။

ချီလီနိုင်ငံ၏ သမ္မတသစ် မစ္စဘာချီလက်သည် ၂၀၀၆-၂၀၁၀ သက်တမ်းကာလက သမ္မတအဖြစ် တစ်ကြိမ်တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ယခုအခါ ဒုတိယအကြိမ်သမ္မတအဖြစ် အနိုင်ရရှိထားသူဖြစ်သည်။

ချီလီနိုင်ငံသည် တပ်မတော်အစိုးရအုပ်ချုပ်ရေးမှ ဒီမိုကရေစီ အုပ်ချုပ်ရေးသို့ အကူးအပြောင်းတွင် စံထားလောက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကိုလံဘီယာနှင့်အတူ တောင်အမေရိကနှင့် နီးစပ်စွာအတူယှဉ်တွဲနေထိုင်နေသော နိုင်ငံတစ်နိုင်ငံလည်းဖြစ်သည်ဟု ဝါရှင်တန်ရှိ စောင့်ကြည့်လေ့လာသူများကဆိုသည်။ **(ဆင်ဟွာ)**

# မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကများနှင့် နာယကအဖွဲ့ဝင်များ မြန်မာလှေလှော်အားကစားသမားများအတွက် ဂုဏ်ပြုငွေများပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၁၉

ရိုးရာလှေလှော်ပြိုင်ပွဲများကို နေပြည်တော် ငလိုက်ဆည်တွင် ဒီဇင်ဘာ ၁၈ ရက်မှ စတင်ကျင်းပခဲ့ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်ခင်အေးမြင့်နှင့် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယကအဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးပြီး အောင်ပွဲရ မြန်မာလှေလှော်အားကစားသမားများအတွက် ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြသည်။

**ပေးအပ်ခဲ့**

ထိုသို့ပေးအပ်ရာတွင် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်နန်းရွှေမှုန်က ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်နာယက ဒေါ်ခင်အေးမြင့်က ငွေကျပ်နှစ်သိန်း၊ သမ္မတရုံးဝန်ကြီးဌာန၊ စက်မှု၊ စွမ်းအင်၊ ယဉ်ကျေးမှု၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့မှ ပြည်ထောင်စုဝန်ကြီးများ၏ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်နာယက အဖွဲ့ဝင်များက ငွေကျပ် ၁၅ သိန်း၊ မြန်မာနိုင်ငံ အမျိုးသမီးနှင့်ကလေး သူငယ်များဘဝ မြှင့်တင်ရေးအသင်းမှ ငွေကျပ်ငါးသိန်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ငွေကျပ်ငါးသိန်းတို့အား မြန်မာ့ရိုးရာ လှေလှော်အဖွဲ့ချုပ်သို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက ဒေါ်နန်းရွှေမှုန်နှင့် ဒေါ်ခင်အေးမြင့်တို့က အောင်ပွဲရ မြန်မာလှေလှော်အားကစားသမားများအတွက် ဂုဏ်ပြုငွေများ ပေးအပ်စဉ်။

(သတင်းစဉ်)

# ဆီးဂိမ်းနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာအမျိုးသားအသင်း ဗိုလ်လုပွဲတက်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နေပြည်တော် ဝဏ္ဏသိဒ္ဓိမိုးလုံလေလုံအားကစားပြိုင်ကွင်း (ဘီ) တွင် ယှဉ်ပြိုင်လျက်ရှိသည့် အမျိုးသား/အမျိုးသမီးနှစ်ယောက်တွဲ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့တွင် ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းတွင် မြန်မာအမျိုးသားအသင်းက အင်ဒိုနီးရှားအသင်းနှင့် အုပ်စုပွဲစဉ် ဆက်လက်ယှဉ်ပြိုင်ရာ မြန်မာအသင်းက ပထမပွဲစဉ်ငယ်သုံးပွဲနှင့် ဒုတိယပွဲစဉ်ငယ်သုံးပွဲ၊ ပြိုင်ပွဲနှစ်ခုလုံးတွင် နှစ်ပွဲပြတ်အနိုင်ရရှိခဲ့သည်။

တတိယပွဲစဉ်ငယ်သုံးပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားရာတွင် ပထမပွဲ မြန်မာက ၁၉-၂၁ မှတ်ဖြင့် အရေးနိမ့်ခဲ့ရာ ဒုတိယပွဲစဉ်တွင်မူ မြန်မာပရိသတ်တို့ အားပေးသံများပိုမိုကျယ်လောင်သက်ဝင်ခဲ့ပြီး အားကစားသမားများစိတ်ဓာတ်တက်ကြွစွာဖြင့် အင်ဒိုနီးရှားအသင်းကို ၂၁-၁၈ မှတ်ဖြင့် အသာစီးရခဲ့သည်။

သို့နှင့် တတိယပွဲစဉ်ငယ်ကို ဆက်လက်ယှဉ်ပြိုင် ကစားကြရာ မြန်မာနှင့်အင်ဒိုနီးရှား နှစ်ဖက်သောကစားသမားများသည် မိမိတို့အသင်းအနိုင်ရ အောင်မြင်စေရေးအတွက် အားသွန်ခွန်စိုက်စိတ်ဓာတ်ထည့်သွင်းကစားခဲ့ကြသည်။ တစ်ဖက်နှင့်တစ်ဖက် အမှတ်ကွာဟမှု ကျဉ်းမြောင်းစေရန်အတွက် အင်ပြည့်အားပြည့်ကစားခဲ့ကြသော်လည်း နောက်ဆုံးတွင် မြန်မာအသင်းက ၁၈-၂၁ မှတ်ဖြင့် ရှုံးနိမ့်သွားခဲ့ရသည်။ သို့သော်လည်း မြန်မာအသင်းသည် အုပ်စု (ခ)၏ ပထမနေရာတွင် ရပ်တည်နေခဲ့သည်။

မွန်းလွဲပိုင်းတွင် မြန်မာအမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားကြရာ ပထမအကျော့ ပွဲစဉ်ငယ်သုံးပွဲကစားရာတွင် မြန်မာအမျိုးသမီးအသင်းသည် ထိုင်းအသင်းနှင့် အမှတ်မတိမ်းမယိမ်း လိုက်ပါကစားနိုင်ခဲ့သည်။

ယနေ့ ပွဲစဉ်တွင် နှစ်ဖက်သောအားကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြသကဲ့သို့ နှစ်ဖက်ပရိသတ်များသည်လည်း သူ့ထက်ငါသာအော်ဟစ် အားပေးကြသဖြင့် မိုးလုံလေလုံ အားကစားကွင်း (ဘီ) အတွင်း အားပေးကြွေးကြော်သံများဖြင့် ဆူညံ သက်ဝင်လျက်ရှိသည်။

ကွင်းလုံးပြည့်နီးပါး ရှိနေသည့် မြန်မာပရိသတ်များတီးခတ်နေသည့် ဒရမ်စည်းချက်သံများနှင့်အညီ မြန်မာ၊ မြန်မာဟူသည့် ကြွေးကြော်အော်ဟစ်အားပေးသံများဖြင့် ဟစ်အော်အားပေးကြသော်လည်း မြန်မာအသင်းသည် ပြိုင်ဘက်အသင်းကို မတိမ်းမယိမ်းအမှတ်အနေအထားမျိုးဖြင့် နှစ်ပွဲပြတ်ရှုံးနိမ့်သွားခဲ့ရာ မြန်မာပရိသတ်တို့ မချင့်မရဲဖြစ်ခဲ့ရသည့် နေ့တစ်နေ့ပင်ဖြစ်ခဲ့သည်။

မြန်မာအမျိုးသမီး အသင်းသည် ဗိုလ်လုပွဲတွင် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရပြီး ပထမဆုရွှေတံဆိပ်ကို ထိုင်းအမျိုးသမီးအသင်းထံ ပေးအပ်ခဲ့သည်။ တတိယနေရာလုပွဲတွင် ဗီယက်နမ်က အင်ဒိုနီးရှားကို အနိုင်ယူကစားခဲ့သည်။

ညနေပိုင်းတွင် အုပ်စု(ခ) ပထမ မြန်မာအမျိုးသားအသင်းနှင့် အုပ်စု (က) ဒုတိယကမ္ဘောဒီးယားအသင်းတို့ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဆက်လက်တွေ့ဆုံ ယှဉ်ပြိုင်ကစားကြသကဲ့သို့ အုပ်စု (က)ပထမ ဘရူနိုင်းအသင်းနှင့် အုပ်စု(ခ)မှ အင်ဒိုနီးရှားအသင်းတို့ တွေ့ဆုံယှဉ်ပြိုင်ကစားကြသည်။

မြန်မာအသင်း၏ ပထမအကျော့ ပွဲငယ်သုံးပွဲ ကစားရာတွင် ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် မြန်မာအသင်းက နှစ်ပွဲပြတ်အနိုင်ရလဒ်ဖြင့် ဗိုလ်လုပွဲစဉ်သို့ တက်ရောက်သွားနိုင်ခဲ့သည်။ သို့ဖြစ်ရာ မြန်မာအသင်းသည် ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် အင်ဒိုနီးရှားနှင့်ဘရူနိုင်း နှစ်နိုင်ငံအသင်းယှဉ်ပြိုင်မှုမှ အနိုင်ရရှိလာမည့် အသင်းနှင့် ရွှေတံဆိပ်ရယူရန် ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

မြန်မာအမျိုးသားအသင်းသည် ရွှေတံဆိပ်ရရှိရန်အတွက် အလွန်ရေပန်းစားလျက်ရှိသည့်အပြင် လာရောက်အားပေးကြည့်ရှုသူ ပရိသတ်များအတွက် စိတ်ကျေနပ်ဖွယ်ရာရလဒ်ကောင်းများ ဆောင်ကြဉ်းပေးနိုင်သည့်အတွက် ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ကျင်းပမည့် ပြိုင်ပွဲစဉ်များတွင်လည်း မြန်မာပရိသတ်တို့ ကွင်းလုံးပြည့်လျှံ လာရောက်ကြည့်ရှုကြလိမ့်မည်ဟု ခန့်မှန်းရသည်။

အမျိုးသား (နှစ်ယောက်တွဲ) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ဆုချီးမြှင့်ပွဲအခမ်းအနားကို တစ်ပြိုင်တည်း ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းကိုလည်း သိရသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် အင်းစိန်(ဗဟို)အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေသည် ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်(ဗဟို) အကျဉ်းထောင်သို့ သွားရောက်ပြီး အကျဉ်းထောင်ရှိ အချုပ်တရားခံများ၊ အကျဉ်းသားများနှင့် တွေ့ဆုံ၍ နေရာထိုင်ခင်း၊ သက်သာချောင်ချိမှု၊ သန့်ရှင်းမှု၊ အာဟာရသင့်တင့်မျှတမှု၊ ကျန်းမာရေး ပြည့်စုံမှု၊ မကျန်းမာပါက ဆေးကုသခွင့်၊ အမျိုးသမီးအကျဉ်းသားများအား အကာအရံလုံခြုံစွာထားရှိမှု၊ အမျိုးသမီးအဖော်အစောင့် အရှောက်ဖြင့်ထားရှိမှု၊ အကျဉ်းသားများနှင့် အချုပ်တရားခံများ အခြေအနေ၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သောအခွင့်အရေးများ ခံစားနိုင်ရေးစသည်တို့နှင့်စပ်လျဉ်း၍ မေးမြန်းကာ အချုပ်သား၊ အကျဉ်းသားများ၏ အမျိုးသား၊ အမျိုးသမီး အဆောင်များ၊ စားဖိုဆောင်၊ အကျဉ်းထောင်ဆေးရုံ၊ ထောင်တွင်းစိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘိုင်ယန်မြူးနစ် ကမ္ဘာ့ကလပ်ချန်ပီယံ ဗိုလ်လုမည်

**ဘာလင် ဒီဇင်ဘာ ၁၉**

ဖီဖာ ကမ္ဘာ့ကလပ်ချန်ပီယံပြိုင်ပွဲတွင် ဘိုင်ယန်မြူးနစ်က အာရှချန်ပီယံ ကွမ်ကျိုးအဲဗားဂရမ်ဒီကို သုံးဂိုးပြတ်ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်သွားခဲ့သည်။ ဘိုင်ယန်မြူးနစ်အတွက် ပွဲချိန်မိနစ် ၄၀ တွင် ရစ်ဘာရီက အဖွင့်ဂိုးသွင်းယူခဲ့သည်။ မန်ဇူကစ်က ၄၄ မိနစ်တွင် သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းစပြီး နှစ်မိနစ်အကြာ ဂေါ့ဇီက ဘိုင်ယန်မြူးနစ်အတွက် တတိယအနိုင်ဂိုးသွင်းယူပေးခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် မော်ရိုကိုချန်ပီယံ ကက်ဆာဘလန်ကာနှင့် ဒီဇင်ဘာ ၂၁ ရက်တွင် ဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။

**မြင့်မောင်စိုး-ရေးသည်**

## ဥရောပပွဲစဉ်များနှင့် ဂိုးရလဒ်များ

သီဟ

| | | | |
|---|---|---|---|
| **စပိန်လာလီဂါ ပွဲစဉ်-၁၇** | | | **ဒီဇင်ဘာ ၂၁** |
| အယ်လ်ချီ | - | မာလာဂါ | နံနက် ၂း၀၀ |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၇** | | | **ဒီဇင်ဘာ ၂၁** |
| ဖရန့်ဖတ် | - | အော့စ်ဘတ် | နံနက် ၂း၀၀ |
| **ပြင်သစ်လီဂူး ပွဲစဉ်-၁၉** | | | **ဒီဇင်ဘာ ၂၁** |
| မိုနာကို | - | ဗလင်စီနက် | နံနက် ၂း၀၀ |

**ဒီဇင်ဘာ ၁၈/၁၉ ဘောလုံးပွဲရလဒ်များ**

| | | |
|---|---|---|
| စတုတ် | ၀-၂ | မန်ယူ |
| စပါး | ၁-၂ | ဝက်စ်ဟမ်း |
| လိုင်ယွန် | ၃-၂ | ရိမ်းစ် |
| နိုက် | ၃-၀ | ဆိုးချော့စ် |
| ပီအက်စ်ဂျီ | ၂-၁ | စိန့်အက်တီယန် |
| ထရိုင်ယက်စ် | ၃-၂ | တိုးစ် |
| မာဆေး | ၂-၁ | တူးလော့စ် |
| အီဗီယန် | ၂-၁ | ဘတ်စ်တီယာ |
| ရန်းနက်စ် | ၁-၂ | ဘော်ဒိုး |
| ဆိုစီဒက် | ၄-၀ | အယ်ဂျီစီရက်စ် |
| အက်သလက်တီကို | ၂-၁ | စိန့်အင်ဒရူး |
| ဘက်တစ် | ၂-၂ | အယ်လ်အီဒါ |
| အယ်လ်မာရီးယား | ၀-၀ | လက်စ်ပယ်မက်စ် |
| ရီးရဲမက်ဒရစ် | ၂-၀ | အိုလံပစ်ဇာတီဗာ |
| ဆီဗီလာ | ၀-၂ | ရေးဆင်း |
| ဂျူဗင်တပ်စ် | ၃-၀ | အေဗယ်လီနို |




## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်း/စက်ဌာနမှ ပြည်တွင်းသစ်အခြေခံစက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ရန် ကျွန်းသစ်လုံး/ကျွန်းခွဲသားများနှင့် သစ်မာသစ်လုံး/သစ်မာခွဲသားများကို အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၉-၁-၂၀၁၄ရက် ၁၃း၀၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - စက်မှုကုန်ကြမ်း ကျွန်းသစ်လုံး ၄၃၀တန်
- ပုံစံ (၈)ကျွန်းခွဲသား ၁၇၀တန်
- ကညင်သစ်လုံး ၁၀၀၀တန်
- ပုံစံ(၈) တမလန်း/သင်းဝင်(ခွဲသား/ဓားရွေ) ၂၆တန်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် Web-site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဒီမိုကရေစီနှင့်အညီ ပြောင်းလဲလာသည့် မြန်မာ့မီဒီယာကဏ္ဍ(၄)

ဒေါက်တာသီတာတင်

စတုတ္ထဆန်းစစ်ချက်အနေဖြင့် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များတွင် မြန်မာ့မီဒီယာရည်မှန်းချက်ကို ဖော်ဆောင်ပေးနိုင်သည့်အစီအစဉ်ပုံစံများ ပါရှိ/မရှိကို လေ့လာဆန်းစစ်မည်ဖြစ်ပါသည်။ အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းတွင် အများပြည်သူဝန်ဆောင်မှု သတင်းစာနှင့်အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံထုတ်လွှင့်/ဖြန့်ချိရာတွင် မြန်မာဘာသာဖြင့်သာမက တိုင်းရင်းသားအစီအစဉ်များဖြင့် လည်းကောင်း၊ ရုပ်သံလွှင့်ဥပဒေကြမ်းတွင် အစိုးရရုပ်သံလွှင့်လုပ်ငန်းဝန်ဆောင်မှု၊ လူမှုအသိုက်အဝန်းပိုင် ရုပ်သံလွှင့်ဝန်ဆောင်မှု (Community Broadcasting Service)၊ စီးပွားဖြစ် ရုပ်သံလွှင့်ဝန်ဆောင်မှု၊ ရုပ်သံထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းဝန်ဆောင်မှုဖြင့်လည်းကောင်း အစီအစဉ်ပုံစံများပါဝင်သည်ကို တွေ့ရှိရပါသည်။

ပဉ္စမမြောက်ဆန်းစစ်ချက်အနေဖြင့် မီဒီယာဥပဒေကြမ်းများတွင် မီဒီယာ ပိုင်ဆိုင်မှုဗဟုဝါဒဖြစ်ပေါ်စေနိုင်သည့် ပြဋ္ဌာန်းချက်များပါရှိခြင်းရှိ/မရှိ ဆန်းစစ်လေ့လာတင်ပြမည်ဖြစ်ပါသည်။ အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းတွင် အများပြည်သူဝန်ဆောင်မှုသတင်းစာနှင့်အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်းများကို လည်းကောင်း၊ သတင်းမီဒီယာဥပဒေကြမ်းတွင် အများပိုင်၊ ပုဂ္ဂလိကပိုင်နှင့်ဖက်စပ်ပိုင် အစရှိသည့် မီဒီယာလုပ်ငန်းများ လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းလုပ်ဆောင်ရာတွင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု ဥပဒေ သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေများနှင့်အညီ လုပ်ဆောင်ခြင်းကိုလည်းကောင်း၊ ရုပ်သံလွှင့်ဥပဒေတွင် အစိုးရပိုင်၊ အများပြည်သူဝန်ဆောင်မှု ရေဒီယိုရုပ်သံလွှင့်လုပ်ငန်း၊ စီးပွားဖြစ် ရုပ်သံလွှင့်လုပ်ငန်း၊ လူမှုအသိုက်အဝန်းပိုင် ရုပ်သံလွှင့်လုပ်ငန်းနှင့် ရုပ်သံထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းအစရှိသည်ဖြင့် ရုပ်သံလွှင့်လုပ်ငန်းငါးမျိုးကို လုပ်ဆောင်ခွင့်ပြုခြင်း၊ ဈေးကွက်တစ်ခုတည်း သို့မဟုတ် ရုပ်သံလွှင့်ဇုန်တစ်ခုတည်းအတွင်း ပုဂ္ဂလိကသတင်းစာလုပ်ငန်းနှင့် ရုပ်သံလွှင့် မီဒီယာနှစ်ခု ပူးတွဲပိုင်ဆိုင်မှုတားမြစ်ခြင်းနှင့်ကြိမ်နှုန်းခွဲဝေသတ်မှတ်ခြင်း၊ ရုပ်သံလွှင့်လိုင်စင်ကို အလွယ်တကူရရှိစေနိုင်သည့်စနစ်ထားရှိပေးခြင်း၊ လိုင်စင်ကြေးပေးခြင်းမှ ကင်းလွတ်ပေးခြင်းတို့ဖြင့် လူမှုအသိုက်အဝန်း ရုပ်သံလွှင့်လုပ်ငန်းကို အထောက်အပံ့ပေးခြင်းတို့ပါဝင်သည်ကို တွေ့ရှိရပါသည်။

ဆဋ္ဌမမြောက် ဆန်းစစ်ချက်အနေဖြင့် မီဒီယာဥပဒေကြမ်းများပါ ပြဋ္ဌာန်းချက်များတွင် မီဒီယာအကြောင်းအရာမျိုးစုံစွာ တင်ဆက်ပေးနိုင်သည့် အချက်ပါဝင်ခြင်း ရှိ/မရှိဖြစ်ပါသည်။ အများပြည်သူဝန်ဆောင်မှုမီဒီယာ ဥပဒေကြမ်းတွင် ရုပ်သံလွှင့်အဖွဲ့အစည်းများသည် ပြည်တွင်း၌ ထုတ်လုပ်သည့်အစီအစဉ်များကိုထုတ်လုပ်၍ ထုတ်လွှင့်ပြသခြင်းကို ဦးစားပေးဆောင်ရွက်ခြင်း၊ ကလေးသူငယ်များနှင့်လူငယ်များ ၊ အမျိုးသမီး၊ သက်ကြီးရွယ်အိုများနှင့် ကိုယ်အင်္ဂါမသန်စွမ်းသူများ အပါအဝင် အထူးပရိသတ်များအတွက် အစီအစဉ်များကို တိုးမြှင့်ထုတ်လုပ်ပေးခြင်း၊ အကာအကွယ်ပေးခြင်းနှင့် တချို့သောအစီအစဉ်များကို နားမကြားသူများအတွက် အချက်ပြဘာသာစကားဖြင့်ထုတ်လွှင့်ပေးခြင်း၊ လူမှုအသိုက်အဝန်းပိုင် ရုပ်သံလွှင့်လုပ်ငန်းကို မြန်မာနိုင်ငံရှိ ရုပ်သံလွှင့်လုပ်ငန်း အမျိုးအစားငါးခုထဲမှ တစ်ခုအဖြစ် အသိအမှတ်ပြုထားခြင်းတို့ပါဝင်ပါသည်။ အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းတွင် လူမျိုး၊ ယဉ်ကျေးမှုနှင့်ကိုးကွယ်ယုံကြည်မှု ကွဲပြားခြားနားမှုကို ထည့်သွင်းစဉ်းစားကာ မြန်မာပြည်သူများအားလုံးကို ပြန်ကြားပေးခြင်း၊ အသိပညာပေးခြင်း၊ ဖျော်ဖြေမှုပေးခြင်းအစီအစဉ်အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ဝန်ဆောင်မှုပေးခြင်းနှင့် လူနည်းစုတိုင်းရင်းသားများနှင့် တိုင်းရင်းသားများအတွက် အစီအစဉ်များကိုလည်း ထုတ်လွှင့်တင်ဆက်ပေးခြင်းတို့ပါဝင်သည်ကို တွေ့ရှိရပါသည်။

သတ္တမဆန်းစစ်ချက်အနေဖြင့် မီဒီယာဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များသည် မျှတပြီးယှဉ်ပြိုင်နိုင်စွမ်းရှိကာ ရှင်သန်နိုင်သည့်မီဒီယာဝန်းကျင်တစ်ခုကို ဖြစ်ပေါ်နိုင်သည့်အခြေအနေများ ရှိ/မရှိကို ဆက်လက်တင်ပြသွားမည် ဖြစ်ပါသည်။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေကြမ်းတွင် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် တရားမဝင်စာဟုကြေညာခြင်းခံရပါက မိမိ၏ထုတ်ဝေစာသည် တရားမဝင်ထုတ်ဝေစာမဟုတ်ကြောင်း အဆုံးအဖြတ်ပေးရန် ဥပဒေကြောင်းအရ လျှောက်ထားနိုင်ပါသည်။ သတင်းမီဒီယာဥပဒေကြမ်းတွင် မီဒီယာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်လိုသော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသည် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ကိုရရှိရန် လိုအပ်သည်ကိုတွေ့ရှိရပါသည်။ အဆိုပါ ဥပဒေကြမ်းနှစ်ခုစလုံးတွင်ပါရှိသည့် လုပ်ငန်း အသိအမှတ်ပြုလက်မှတ်များကို ထုတ်ယူရခြင်းဖြင့် လုပ်ငန်းတူ၊ နာမည်တူကိစ္စရပ်များဖြစ်ပေါ်ခြင်း မရှိစေနိုင်သည့်အပြင် ဖြစ်ပေါ်လာပါကလည်း အသိအမှတ်ပြုလက်မှတ်ကို ရယူထားခြင်းဖြင့် အငြင်းပွားမှုကို အလွယ်တကူ အချိန်တိုအတွင်းဖြေရှင်းနိုင်သည့် အနေအထားများဖြစ်ပေါ်လာစေနိုင်ပါသည်။ ရုပ်သံလွှင့်ဥပဒေကြမ်းတွင် တရားမျှတစွာယှဉ်ပြိုင်မှုနှင့် ရုပ်သံလွှင့်လုပ်ငန်းပိုင်ဆိုင်မှု အမျိုးအစားများစွာကို ဖြတ်ထွန်းစေခြင်း၊ မည်သည့် ရုပ်သံလွှင့်လုပ်ငန်းပိုင်ဆိုင်မှုဖြစ်စေကာမူ(ဥပမာ-ပုဂ္ဂလိကပိုင်၊ လူမှုအသိုက်အဝန်းပိုင်)မျှတသော၊ သမာသမတ်ကျသော၊ ခွဲခြားမှုမရှိသော၊ ပွင့်လင်းမြင်သာသော၊ ယှဉ်ပြိုင်အားကောင်းသော လှိုင်းနှုန်းခွဲဝေမှုလိုင်စင်ထုတ်ပေးခြင်း၊ စည်းကမ်းကျင့်ဝတ်ဖောက်ဖျက်၍ လိုင်စင်ရုပ်သိမ်းခြင်း၊ သဘောတူညီချက်ရယူခြင်း၊ တရားဥပဒေစိုးမိုးရေးကို စောင့်စည်းလိုက်နာခြင်းနှင့် ဥပဒေကြောင်းအရ အယူခံပိုင်ခွင့်ရှိခြင်းတို့ကို စနစ်တကျသတ်မှတ်ထားခြင်း၊ အစိုးရပိုင်၊ အများပိုင်နှင့် စီးပွားဖြစ်မီဒီယာများတွင် အစိုးရဆိုင်ရာ ကြော်ငြာများကို ထည့်သွင်းရာတွင် မျှတမှုရှိပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်စေခြင်းတို့ပါဝင်ကြောင်းတွေ့ရှိရပါသည်။ ဤသို့ဖြင့် မီဒီယာကဏ္ဍတွင် မျှတပြီးယှဉ်ပြိုင်နိုင်စွမ်းရှိကာ ရှင်သန်နိုင်သည့် မီဒီယာဝန်းကျင်တစ်ခုဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ နောက်ဆုံးဆန်းစစ်ချက် အဋ္ဌမမြောက်အဖြစ် မီဒီယာဥပဒေကြမ်းများတွင် မီဒီယာအတတ်ပညာဆိုင်ရာနှင့် ကျင့်ဝတ်ဆိုင်ရာစံနှုန်းများ သတ်မှတ်ပါဝင်ခြင်း ရှိ/မရှိ ဆန်းစစ်ခြင်းပင်ဖြစ်သည်။ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကြမ်းတွင် နိုင်ငံတော်အတွင်း၌ အရည်အသွေးအဆင့်အတန်းမီ၍ ကျင့်ဝတ်သိက္ခာရှိသော ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဖြစ်ထွန်းရေးကို ဦးတည်ရန်ဟူသော ပြဋ္ဌာန်းပါရှိပါသည်။ အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းတွင် စံနှုန်းနှင့် ကျင့်ဝတ်ပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်များတွင်လည်းကောင်း၊ သတင်းမီဒီယာဥပဒေကြမ်းတွင် သတင်းရေးသားရာတွင် သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်၊ ကျင့်ဝတ်များကိုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

> **အများပြည်သူဝန်ဆောင်မှု မီဒီယာဥပဒေကြမ်းတွင် လူမျိုး၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှု ကွဲပြားခြားနားမှုကို ထည့်သွင်းစဉ်းစားကာ မြန်မာပြည်သူများအားလုံးကို ပြန်ကြားပေးခြင်း၊ အသိပညာပေးခြင်း၊ ဖျော်ဖြေမှုပေးခြင်း အစီအစဉ်အကြောင်းအရာများကို ကျယ်ကျယ်ပြန့်ပြန့် ဝန်ဆောင်မှုပေးခြင်းနှင့် လူနည်းစုတိုင်းရင်းသားများနှင့် တိုင်းရင်းသားများအတွက် အစီအစဉ်များကိုလည်း ထုတ်လွှင့်တင်ဆက်ပေးခြင်းတို့ပါဝင်သည်ကို တွေ့ရှိရပါသည်။**

သို့ဖြစ်ပါ၍ ရေးဆွဲထားသော မီဒီယာဥပဒေကြမ်းများသည် မြန်မာ့မီဒီယာစနစ်၏ ရည်မှန်းချက်များကို ရရှိရန် အကောင်အထည်ဖော်နိုင်သည့် ပြဋ္ဌာန်းချက်များပါဝင်သည်ကို လေ့လာဆန်းစစ်ချက်များအရ သိရှိရပြီးနောက် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန်မှာ သက်ဆိုင်သူများအားလုံးက အပြုသဘောဆောင်သော လုပ်ဆောင်မှု၊ ဟန်ချက်ညီမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ဖြင့် ပူးပေါင်းလုပ်ဆောင်သွားမည်ဆိုပါက မြန်မာ့မီဒီယာစနစ်၏ ရည်မှန်းချက်များကို အောင်မြင်စွာရရှိနိုင်မည်မှာ မလွဲဧကန်ပင်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

## ဆောမြို့တွင် အဘိဓမ္မာဝိသုဒ္ဓိစာမေးပွဲကျင်းပ

**ဆော ဒီဇင်ဘာ ၁၉**

လူပုဂ္ဂိုလ်ဆိုင်ရာ အဘိဓမ္မာဝိသုဒ္ဓိစာမေးပွဲကို ဂန့်ဂေါခရိုင် ဆောမြို့ မိုးကုတ်ဝိပဿနာကျောင်း၌ ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ရက်အထိကျင်းပရာ ရိုးရိုးတန်းတွင် ၃၉ ဦး၊ ဂုဏ်ထူးတန်းတွင် ၁၀ဦး၊ အဘိဓမ္မာ ဝိသုဒ္ဓိမဂ်စာမေးပွဲတွင် ရှစ်ဦးဝင်ရောက်ဖြေဆိုကြသည်။

ဆောမြို့တွင် ယခင်နှစ်များကလည်း လူပုဂ္ဂိုလ်ဆိုင်ရာ အဘိဓမ္မာဝိသုဒ္ဓိစာမေးပွဲကို ကျင်းပလာခဲ့ရာ ၂၀၁၂ ခုနှစ်တွင် ကျင်းပသည့်စာမေးပွဲမှ ဝိသုဒ္ဓိပထမဆင့်တွင် တိုင်းဒေသကြီးအဆင့် ဒုတိယဆုရရှိသူနှင့် တတိယဆုရရှိသူများ၊ ဋီကာကျော်ပထမဆင့်အောင်မြင်သူတစ်ဦးနှင့် တတိယဆင့် အောင်မြင်သူနှစ်ဦးတို့ကို ဒီဇင်ဘာ ၁၇ ရက်က ဆုများချီးမြှင့်ကြသည်။ (၁၀၁)



## ဘားအံမြို့ မာန်အောင်ဈေးအနီးရေခဲစက်မှ အမိုးနီးယားဓာတ်ငွေ့ပျံ့နှံ့မှု ဖြစ်ပွား

**ဘားအံ ဒီဇင်ဘာ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ် (၅)ရပ်ကွက် မာန်အောင်ဈေး (ရဲဘော်ဈေး)အနီးရှိ ရေခဲစက်တစ်ခုမှ အမိုးနီးယားဓာတ်ငွေ့ပျံ့နှံ့မှု ဖြစ်စဉ်တစ်ခု ဒီဇင်ဘာ ၁၇ ရက် နံနက် ၇ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ရေခဲစက်မှ အမိုးနီးယားဓာတ်ငွေ့ပျံ့နှံ့ခြင်းကြောင့် ဈေးသူဈေးသားများနှင့် ဈေးဝယ်လာသူပြည်သူများမှာ အနံ့ဆိုးရွားမှုကြောင့် အရေးတကြီးနှာခေါင်းစည်း ပြေးဝယ်ကြ၊ အင်္ကျီစများဖြင့် နှာခေါင်းပိတ်ခဲ့ကြရပြီး ဗိုလ်ချုပ်လမ်းမကြီးဘက်သို့ ထွက်ပြေးတိမ်းရှောင်မှုများလည်း ဖြစ်ခဲ့ရသည်။

ရေခဲစက်မှ အမိုးနီးယား မတော်တဆထွက်ခဲ့သော ဓာတ်ငွေ့မှာ မာန်အောင်ဈေးမြောက်ဘက် ရှုခင်းသာလမ်းရှိ ရေခဲစက်ဖြစ်ပြီး ပိုက်လိုင်းချေးထုတ်ရာမှ အမိုးနီးယားဂက်စ်များ ရောထွက်သွားခဲ့ခြင်းဖြစ်ကြောင်း၊ အချိန်မီဘားပိတ်ခဲ့သော်လည်း ဓာတ်ငွေ့နံ့ပျံ့ထွက်ခဲ့ရကြောင်း၊ ရေခဲစက်မှာ နံနက် ၇ နာရီတွင် စတင်ဖြစ်ပွားခဲ့သော်လည်း နံနက် ၈ နာရီတွင် မာန်အောင်ဈေးသို့ ပျံ့နှံ့ခဲ့ခြင်းဖြစ်ကြောင်း ရေခဲစက်ပိုင်ရှင်က ပြောကြားသည်။

နံနက် ၉ နာရီတွင် ပတ်ဝန်းကျင်၌ ဓာတ်ငွေ့များပြယ်ပြီး မူလအခြေအနေပြန်လည်ရောက်ရှိခဲ့ကြောင်း ဈေးသည်တစ်ဦးက ပြောသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ ရေခဲစက်ပိုင်ရှင်က မတော်တဆဖြစ်ပွားရခြင်းအပေါ် စိတ်မကောင်းဖြစ်ရကြောင်း၊ ယခင်ကလည်းမဖြစ်ခဲ့ဖူးသလို နောင်ဒီလိုဖြစ်စဉ်မျိုးမဖြစ်အောင် အထူးဂရုစိုက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အနှောင့်အယှက် ဖြစ်ခဲ့ခြင်းကို တောင်းပန်ပါကြောင်း ပြောကြားခဲ့သည်။

**ထွန်းထွန်းထွေး(ဘားအံ)**



## တာချီလိတ်မြို့ အမှတ်(၁)ချစ်ကြည်ရေးတံတားတွင် ဈေးသည်နှင့်တောင်းရမ်းစားသူများအား ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

**တာချီလိတ် ဒီဇင်ဘာ ၁၉**

၂၂-၁၀-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြပါရှိခဲ့သည့် တာချီလိတ်မြို့ အမှတ်(၁)ချစ်ကြည်ရေးတံတားတွင် စည်းကမ်းမဲ့ဈေးရောင်းချသူများနှင့် တောင်းရမ်းစားသူများကြောင့် နိုင်ငံတော်နှင့်မြို့ဂုဏ်သိက္ခာကိုထိခိုက်လျက်ရှိကြောင်း ဖော်ပြပါရှိခဲ့ပါသည်။ အဆိုပါ စည်းကမ်းမဲ့ဈေးရောင်းချသူများနှင့် တောင်းရမ်းစားသူများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဝန်ထမ်းများဖြင့် ရှင်းလင်းပြီးဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။ **ဆွေငြိမ်း**

အမြို့မြို့အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ

## ဒလမြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်

**ဒလ ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်က မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ပေးအပ်ပွဲ အခမ်းအနားကို သီရိဇေယျနော်ရထာ မြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး မြေစာရင်းဦးစီးမှူး ဦးတင်ထွန်းဇော်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ-၂၊၃၊၄၊၅၊၆)တို့ကို ရှင်းလင်းပြောကြားပြီး လယ်ယာများကို ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်းများပြုလုပ်ဆောင်ရွက်ခွင့်ပြုနိုင်သည့် လက်မှတ်(ပုံစံ-၇)နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်ဦးက လယ်ယာမြေနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ထို့နောက် ဦးထွန်းထွန်းဝင်း၊ ဦးတင်ထွန်းဇော်၊ ဦးခင်မောင်ဦးနှင့် မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်နီနီအေး၊ မြို့နယ်တိရစ္ဆာန်မွေး/ကု ဦးစီးဌာနမှူးဦးစီးအရာရှိ ဒေါက်တာနော်သိုဖောဒါးတို့က ဒလမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၃ အုပ်စုမှ လယ်သမား လယ်ယာမြေ ဦးပိုင်ပေါင်း ၆၇၈၃ ဦးတို့အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇) ၆၇၈၃ စုံတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းငွေး(ဒလ)**

ပြည်တွင်းသတင်း

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဟော်ကီပြိုင်ပွဲတက်ရောက်ကြည့်ရှုအားပေးပြီး မြန်မာအမျိုးသမီးအသင်းအား ဂုဏ်ပြုဆုငွေများချီးမြှင့်

ဂုဏ်ပြုဆုငွေချီးမြှင့်

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာအမျိုးသမီး ဟော်ကီအသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ဓာတ်ပုံ - သန်းထိုက်(လှိုင်သာယာ)



**ရန်ကုန် ဒီဇင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဟော်ကီပြိုင်ပွဲများကို ယနေ့ နံနက် ၇ နာရီက သိမ်ဖြူမြက်ခင်းတုဟော်ကီအားကစားကွင်း၌ ဆက်လက်ကျင်းပလျက်ရှိရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကြည့်ရှုအားပေးပြီး မြန်မာအမျိုးသမီးအသင်းအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**ယှဉ်ပြိုင်ကစား**

အမျိုးသမီးပြိုင်ပွဲများတွင် မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို ခုနစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး တတိယနေရာလုပွဲသို့ တက်ရောက်သွားသည်။ မြန်မာအမျိုးသမီးအသင်းသည် ခြောက်သင်းပတ်လည်ယှဉ်ပြိုင်ကစားသည့် အုပ်စုတွင်း အခြားပွဲစဉ်များတွင် အင်ဒိုနီးရှားအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ထိုင်းအသင်းနှင့် ဂိုးမရှိသရေကျကာ မလေးရှားအသင်းအား ခြောက်ဂိုး-ဂိုးမရှိ၊ စင်ကာပူအသင်းအား နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းအနေဖြင့် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ခုနစ်မှတ်ဖြင့် အုပ်စုစတုတ္ထရရှိကာ တတိယနေရာလုပွဲသို့ တက်ရောက်သွားပြီး ယနေ့ နံနက် ၉ နာရီတွင် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် ထိုင်းအသင်းကို လေးဂိုး၊ နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် စင်ကာပူအသင်းနှင့် ဒီဇင်ဘာ ၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မလေးရှားအသင်းနှင့် ထိုင်းအသင်းက ဗိုလ်လုပွဲ ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်သည်။

မြန်မာအမျိုးသမီး ဟော်ကီအသင်းသည် ယခုနှစ် ဧပြီလမှစတင်၍ အမျိုးသမီးဘောလုံးနှင့် ပြေးခုန်ပစ် အားကစားနည်းများမှ အားကစားသမားများ ရွေးချယ်ကာ စခန်းသွင်းလေ့ကျင့်ခဲ့သော အသင်းဖြစ်သည်။ ယင်းအားကစားသမားများမှာ ဟော်ကီကစားနည်းကို လွန်ခဲ့သော ရှစ်လခန့်က စတင်၍ ကစားခဲ့ကြသော်လည်း ကြိုးကြိုးစားစားယှဉ်ပြိုင်ကစားခဲ့ကြသည့်အတွက် ကမ္ဘာ့အဆင့် ၂၁ ရှိသည့် မလေးရှားအသင်း၊ ကမ္ဘာ့အဆင့် ၃၈ ရှိသည့် ထိုင်းအသင်းနှင့် ကမ္ဘာ့အဆင့် ၄၈ အဆင့်ရှိသည့် စင်ကာပူ အသင်းတို့ကို အချိန်တိုအတွင်း ယှဉ်ပြိုင်ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

**တတိယနေရာ**

မြန်မာအမျိုးသား ဟော်ကီအသင်းမှာ ယနေ့ ညနေ ၃ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲတွင် မလေးရှားအသင်းအား ၁၁ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သော်လည်း အသင်းငါးသင်း၊ ပတ်လည် ယှဉ်ပြိုင်ကစားသည့် အုပ်စုတွင်း အခြားပွဲစဉ်များ၌ ဗီယက်နမ်အသင်းအား ရှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ထိုင်းအသင်းအား သုံးဂိုး-နှစ်ဂိုး၊ စင်ကာပူအသင်းအားတစ်ဂိုး-ဂိုးမရှိတို့ဖြင့် ရှုံးနိမ့်ကာ ရမှတ် သုံးမှတ်ဖြင့် အုပ်စုစတုတ္ထနေရာရရှိကာ တတိယနေရာလုပွဲသို့ တက်ရောက်ပြီဖြစ်သည်။

မြန်မာအမျိုးသား အသင်းအနေဖြင့် ယနေ့တွင် မလေးရှားနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲ၌ ရှုံးနိမ့်သွားသော်လည်း ဒီဇင်ဘာ ၂၁ ရက် မွန်းတည့် ၁၂ နာရီတွင် တတိယလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စင်ကာပူအသင်းနှင့် မလေးရှားအသင်းတို့သည် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ထိုင်းအိမ်ရှေ့မင်းသား၏ ကြင်ရာတော် ဆရီရတ်မင်းသမီး တာချီလိတ် ရွှေတိဂုံစေတီအား ဖူးမြော်ကြည်ညိုပြီးနောက် လှူဖွယ်ပစ္စည်းများ လှူဒါန်းစဉ်။ (သတင်း-ကျော)

ဓာတ်ပုံ-ဇော်အောင်

## ငွေဆောင်ဆီးဂိမ်းရွက်လှေပြိုင်ပွဲ ဆက်လက်ကျင်းပ အိမ်ရှင်မြန်မာ ရွှေတံဆိပ်သုံးဆုမျှော်မှန်းထား

**ငွေဆောင် ဒီဇင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းရွက်လှေပြိုင်ပွဲများကို ဒီဇင်ဘာ ၁၉ ရက်တွင် ငွေဆောင်ပင်လယ်ကမ်းခြေ၌ ဆက်လက်ကျင်းပသည်။

ဆီးဂိမ်းရွက်လှေပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ပြိုင်ပွဲများအား ဒီဇင်ဘာ ၁၅ ရက်မှစတင်ကျင်းပခဲ့ရာ ဒီဇင်ဘာ ၁၉ ရက်အထိ ပြိုင်ပွဲများ ကျင်းပပြီးချိန်တွင် အိမ်ရှင်မြန်မာက ရွှေတံဆိပ်တစ်ခု ရရှိထားပြီး International 470(women) အတန်းပြိုင်ပွဲတွင် ဒေါက်တာ စုမြတ်စိုးနှင့် နန်းခမ်းဆေးတို့အတွဲနှင့် RS one(boy) အတန်းပြိုင်ပွဲတွင် ဆက်နိုင်အောင်တို့ကို ရွှေတံဆိပ်မျှော်မှန်းထားကြောင်း ရွက်လှေအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးမောင်ဝင်းက ပြောကြားသည်။

ငွေဆောင်ကမ်းခြေရွက်လှေပြိုင်ပွဲသည် ဒီဇင်ဘာ ၂၀ ရက်တွင် ကျန်ရှိသော ပွဲစဉ်များကို အပြီးသတ်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ ရွက်လှေပြိုင်ပွဲ ဆုချီးမြှင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနားကိုလည်း ငွေဆောင် Youth Club ၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## အမျိုးသားဂျူဒိုပြိုင်ပွဲ ဟိန်းလတ်ဇော်ငွေတံဆိပ်ရ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းက ဇေယျာသီရိအားကစားရုံ၌ ဂျူဒိုအားကစားပြိုင်ပွဲအတိုက်ပြိုင်ပွဲ လေးတန်းယှဉ်ပြိုင်ကစားခဲ့သည်။

အမျိုးသား ၆၀ ကီလိုတန်း၊ ၆၆ ကီလိုတန်းနှင့်အမျိုးသမီး ၄၈ နှင့် ၅၂ ကီလိုတန်းများဖြစ်သည့် အမျိုးသား ၆၀ ကီလိုတန်းနှင့် ၆၆ ကီလိုတန်းတွင် အိမ်ရှင်မြန်မာက ဝင်ရောက်ယှဉ်ပြိုင်ကစားနိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ ၆၀ ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်သော ဟိန်းလတ်ဇော်သည် အစောပိုင်းပြိုင်ပွဲတွင် ဖိလစ်ပိုင်မှ QUILLOTES BRYN ကို နိုင်ခဲ့သည်။ သို့ရာတွင် ၆၆ ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်သော မြန်မာနိုင်ငံမှ စောမြိုင်စံသည် ထိုင်းမှ AMORNTHEP ကို ရှုံးနိမ့်ခဲ့သည်။ စောမြိုင်စံသည် တတိယကြေးတံဆိပ်လုပွဲအဖြစ် ယှဉ်ပြိုင်ခွင့်ရသော်လည်း ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး ကြေးတံဆိပ်နှင့်လွဲချော်ခဲ့ရသည်။

မြန်မာနိုင်ငံမှ ၆၀ ကီလိုတန်းတွင် ဝင်ရောက်ယှဉ်ပြိုင်သော ဟိန်းလတ်ဇော်သည် ငွေတံဆိပ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာနိုင်ငံက ယနေ့ ဝိတ်တန်းနှစ်တန်းသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဟိန်းလတ်ဇော်က ဒုတိယ ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ယနေ့ပြိုင်ပွဲတွင် အိမ်ရှင်မြန်မာမှ အမျိုးသမီးပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။

**သတင်း-ကြံတိုင်းအောင်**

❊ ရှေ့ဖုံးမှ

တစ်ဂိုး-ဂိုးမရှိဖြင့်ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင် မလေးရှားတို့ ချေပဂိုး ပြန်လည်သွင်းယူနိုင်ရေး ကြိုးစားခဲ့ရာ ပွဲချိန် ၈၄ မိနစ်၌ ထောင့်ကန်ဘောမှ တစ်ဆင့် ဂိုးဧရိယာအတွင်းက မလေးရှားမှ AZRIF NASRULHAQ က အနီးကပ် ကန်သွင်းယူခဲ့သဖြင့် မလေးရှားတို့ ချေပဂိုးရရှိသွားခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးထပ်မံမသွင်းနိုင်သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ပြီး အချိန်ပိုဆက်လက်ကစားခဲ့ရသည်။ အချိန်ပို မိနစ် ၃၀ ဆက်လက်ကစားခဲ့သော်လည်း နှစ်သင်းစလုံး ဂိုးထပ်မံ မသွင်းနိုင်ခဲ့သဖြင့် ပယ်နယ်တီအဆုံးအဖြတ်ကန်သွင်းခဲ့ကြသည်။ အင်ဒိုနီးရှားနှင့် မလေးရှားတို့ ပယ်နယ်တီ အဆုံးအဖြတ်ကန်သွင်းရာ အင်ဒိုနီးရှားက ငါးဂိုး-လေးဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်သွားနိုင်ခဲ့ပြီဖြစ်သည်။

အကြို ဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် အုပ်စု(က)မှ စင်ကာပူနှင့် အုပ်စု (ခ)မှ ထိုင်းအသင်းတို့ ည ၇ နာရီခွဲက အဆိုပါကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကြသည်။

နှစ်သင်းစလုံးပွဲစတင်ချိန်တွင် ကစားကွက်လေးနေပြီး တောင်ပံများမှသာ ထိုးဖောက်ကာ ဂိုးသွင်းနိုင်ရေးကြိုးစားခဲ့ကြသည်။ ပွဲချိန် ၂၃ မိနစ်၌ ထိုင်းတို့ပယ်နယ်တီရရှိခဲ့ရာ BOON YONG က တည်တည်ငြိမ်ငြိမ်ဖြင့် ကန်သွင်းယူခဲ့ရာမှ ထိုင်းတို့ အဖွင့်ဂိုးစတင်ရရှိသွားခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင်လည်းထိုင်းတို့က ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲချိန်ပြည့်သည်အထိ နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ခဲ့သဖြင့် ထိုင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရပြီး နောက်ဆုံး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ ထိုင်းအသင်းသည် နောက်ဆုံး ဗိုလ်လုပွဲအဖြစ် ဒီဇင်ဘာ ၂၁ ရက်တွင် အင်ဒိုနီးရှားနှင့် နေပြည်တော်ရှိ ဇေယျာသီရိ အားကစားကွင်းတွင် ယှဉ်ပြိုင်ကစား ကြမည်ဖြစ်သည်။

**သတင်း-မောင်မောင်မြင့်ဆွေ**
**ဓာတ်ပုံ-MPC**

❁ ရှေ့ဖုံးမှ

လည်းကောင်း၊ အမျိုးသား ၆၇ ကီလိုတန်းတွင် မြန်မာမှ မောင်တူး (အနီ)က လာအိုမှ NOUNA NGEUMSANGOUANE (အပြာ) အားလည်းကောင်း၊ အမျိုးသား ၇၀ ကီလိုတန်းတွင် မြန်မာမှ ထွန်းထွန်းမင်း (အပြာ)က ဗီယက်နမ်နိုင်ငံမှ QUAC HUNG TUONG (အနီ)အား လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဝိတ်တန်း အားလုံးအတွက် ဗိုလ်လုပွဲများကို ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်းလည်း သိရသည်။



ပယ်နယ်တီဖြင့် အနိုင်ရခဲ့သော အင်ဒိုနီးရှားကစားသမားများ။

## စဥ့်ကိုင်မြို့နယ်ရှိ YH ဖော့ပုံးစက်ရုံမီးလောင်မှုဖြစ်ပွား

**စဥ့်ကိုင် ဒီဇင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ဆည်ရွာကျေးရွာ ကွင်းအမှတ်(၂၆)ရှိ YH ဖော့ပုံးစက်ရုံတွင် ဒီဇင်ဘာ ၁၉ ရက် နံနက် ၉ နာရီခွဲတွင် စက်ရုံအတွင်း လုပ်ငန်းခွင်တွင် ဝရိန်ဆော်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ စဥ့်ကိုင်မြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ်နှစ်စီး၊ စကားအင်းအမြန်လမ်း မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ တံတားဦး မီးသတ်စခန်းမှ မီးသတ်ယာဉ်သုံးစီး၊ ကျောက်ဆည်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ မန္တလေးပြည်ကြီးတံခွန် မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ မန္တလေးတိုင်း ဗဟိုမီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ ပလိပ်မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ အမရပူရ မီးသတ်စခန်းမှ မီးသတ်ယာဉ်တစ်စီး၊ မန္တလေးလောကပါလ လူမှုကူညီရေးအသင်းမှ မီးသတ်ယာဉ်တစ်စီး စုစုပေါင်း မီးငြိမ်းသတ်ယာဉ် ၁၃ စီး၊ သန္ဓေမီးသတ်အင်အား ၃၅ ဦး၊ အရန်မီးသတ်အင်အား ၇၂ ဦးတို့ဖြင့် ငြိမ်းသတ်ရာ နံနက် ၁၀ နာရီတွင် မီးညွန့်ကို ထိန်းသိမ်းနိုင်ပြီး နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ရောက်ရှိကာ ကြီးကြပ်ပြီး မီးငြိမ်းသတ်ခဲ့သည်။ မီးလောင်မှုကြောင့် စက်ရုံထုတ်ဖော့ပုံး ၁၃၀၀၊ လုပ်ငန်းသုံးစက်ခြောက်လုံး၊ အဆောက်အအုံတို့ပျက်စီးဆုံးရှုံးခဲ့ရာ စုစုပေါင်း တန်ဖိုးငွေကျပ် ၄၅ ဒသမ ၅ သိန်းရှိကြောင်း သိရသည်။

(၄၁၁)

ပြည်တွင်းသတင်း

# နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမှတ်(၃) တပ်မကြီးဌာနချုပ် တပ်မကြီးမှူးနှင့်တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဘီဟာပြည်နယ် ဂါယာမြို့ OTAကျောင်း၌ ရောက်ရှိအခြေပြုနေသည့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ဗုဒ္ဓဂယာမြန်မာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ပြီး ဗုဒ္ဓဂယာအတွင်း လှည့်လည်ဖူးမြော်ကြည်ညိုသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်ဇနီးတို့သည် OTA (Officer Training Academy) ကျောင်းဆင်းပွဲ စစ်ရေးပြအခမ်းအနားနှင့် ကျောင်းဆင်းဗိုလ်လောင်းများ အရာရှိအဆင့်တံဆိပ် တပ်ဆင်ခြင်းနှင့် ကျမ်းကျိန်ခြင်းအခမ်းအနားတို့သို့ တက်ရောက်ချီးမြှင့်အားပေးခဲ့ကြသည်။

မွန်းလွဲ ၁ နာရီတွင် အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် နာဂါးလင်းပြည်နယ် ဒီမာပူးရ်မြို့သို့ ဆက်လက်ထွက်ခွာပြီး ထိုမှတစ်ဆင့် အိန္ဒိယတပ်မတော် ရဟတ်ယာဉ်များဖြင့်ထွက်ခွာရာ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးဌာနချုပ်သို့ ရောက်ရှိခဲ့ပြီး အမှတ်(၃) တပ်မကြီးဌာနချုပ် တပ်မကြီးမှူးနှင့်တွေ့ဆုံကာ နှစ်နိုင်ငံနယ်စပ်ရေးရာကိစ္စရပ်များ၊ သင်တန်းဆိုင်ရာကိစ္စရပ်များ မည်သည့်နှစ်နိုင်ငံ ဆန့်ကျင်ဘက် လက်နက်ကိုင် အဖွဲ့အစည်းများကိုမဆို အခြေပြုခွင့် လက်မခံဘဲ သတင်းဖလှယ် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များ၊ လူကုန်ကူးမှုဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ ညပိုင်းတွင် အမှတ်(၃) တပ်မကြီးဌာနချုပ် တပ်မကြီးမှူးက တည်ခင်းဧည့်ခံသော ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကာ အမှတ်(၃) တပ်မကြီးဌာနချုပ်တွင် ညအိပ်အခြေပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို တတ်နိုင်တဲ့ဘက်က ကူညီမှုတွေလုပ်ပေးနေ

**တွေ့ဆုံမေးမြန်း - ညီညီထွန်း(သတင်းစဉ်)**
**ဓာတ်ပုံ - သန်းဦး(လေးမျက်နှာ)**

ဒီဇင်ဘာ ၁၈ ရက်နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသူများအနက်မှ တာဝန်ရှိသူအချို့အား သတင်းအဖွဲ့မှ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်-

***(ယမန်နေ့မှအဆက်)***

**ဦးသိန်းသန်း**
**ဥက္ကဋ္ဌ**
**ဒိုင်းမွန်းပဲလေ့စ်ဆားဗစ်ကုမ္ပဏီလီမိတက်**

ကျွန်တော်တို့ကုမ္ပဏီက အဓိကကတော့ ဘိုင်အိုမက်ထရစ်နည်းပညာသုံး Complete Solution တွေရဲ့ Service လုပ်ငန်းတွေကို ဆောင်ရွက်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတကာကအသုံးပြုတဲ့ စံချိန်စံညွှန်းတွေနဲ့ညီတဲ့ Software တွေကိုယူပြီးတော့ အသုံးချဆောင်ရွက်နေပါတယ်။

နိုင်ငံတကာက သတ်မှတ်ထားတဲ့အဆင့်နဲ့ညီတဲ့ ဆော့ဝဲလ်တွေကို နိုင်ငံတကာက စည်းမျဉ်းစည်းကမ်း၊ International ISO စနစ်တွေရဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း မြန်မာနိုင်ငံမှာလာပြီးတော့ Provide လုပ်ပေးခြင်း ဖြစ်ပါတယ်။ ဘိုင်အိုမက်ထရစ်နည်းပညာသုံးဆော့ဝဲလ်နဲ့ ပတ်သက်ပြီး လုပ်ဆောင်မှုအဆင့်ဆင့်ကို ရှင်းပြပါမယ်။



စက်ပစ္စည်းများကို တွေ့မြင်ရစဉ်။

အဲဒီဆော့ဝဲလ်တွေကတော့ များသောအားဖြင့်တော့ လူဝင်မှုကြီးကြပ်ရေးနဲ့ လုံခြုံမှုဆိုင်ရာမှာ အသုံးချပါတယ်။ ဒီဆော့ဝဲလ်တွေရဲ့ အဓိကကတော့ မည်သူမည်ဝါဖြစ်ကြောင်းကို တိတိကျကျခိုင်ခိုင်လုံလုံ သက်သေခံနိုင်မှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘိုင်အိုမက်ထရစ် နည်းပညာကို အသုံးချထားလို့ပါ။ ယခင်က ဒီဆော့ဝဲလ်မျိုးတွေရှိခဲ့ပါတယ်။ သူတို့ကတော့ ICT နည်းပညာကိုပဲ မှီပြီးတော့လုပ်ထားတာပါ။

အခုကတော့ အဆင့်မြင့်လာတဲ့အတွက် ဘိုင်အိုမက်ထရစ် နည်းပညာနဲ့ အသုံးပြုထားပါတယ်။ အခုကျွန်တော်တို့က အိုင်စီတီနည်းပညာနဲ့ ဘိုင်အိုမက်ထရစ်နည်းပညာကိုပူးပေါင်းပြီး ဒီဆော့ဝဲလ်တွေကိုယူပြီးတော့ အသုံးချခြင်းဖြစ်ပါတယ်။

ပထမ ရှင်းပြရရင်တော့ ကျွန်တော်တို့ Physical Document Management System ကို စရှင်းပြပါမယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ Manual စနစ်ပဲ ဖြစ်နေသေးတဲ့အခါကျတော့ ဒီစာရွက်စာတမ်းတွေကို ထိန်းသိမ်းတယ်၊ ရှာဖွေတယ်၊ အခက်အခဲတွေ အများကြီးရှိနေတယ်။



ဦးသိန်းသန်း
ဥက္ကဋ္ဌ ဒိုင်းမွန်းပဲလေ့စ်ဆားဗစ်ကုမ္ပဏီလီမိတက်

ဒါကြောင့် ကျွန်တော်တို့က ဒီစနစ်ကို အသုံးပြုရမှာပါ။ ဒီစနစ်မှာ အဓိက သုံးခုပါဝင်ပါတယ်။ တစ်ခုကတော့ အလိုအလျောက် စာရွက်စာတမ်းတွေကို စီမံခန့်ခွဲခြင်း၊ နောက် Record System၊ နောက်ပြီးတော့ Statalite Information System ဆိုတာရှိပါတယ်။

ဒီအထောက်အထားတွေအကုန်လုံးကို Data Base ကနေပြီးတော့ ပြန်လည်ရှာဖွေပေးမယ်၊ စစ်မယ်၊ သုံးစွဲမယ်။ အဲဒီဟာတွေအားလုံးကို အလိုအလျောက်လုပ်ပေးတဲ့စနစ်ပဲဖြစ်ပါတယ်။ သတင်းအချက်အလက်တွေအားလုံးကို မူလစက္ကူကနေပြီးတော့ ပြောင်းလဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

Data Base မှာ သတင်းအချက်အလက်တွေကို စုဆောင်းတယ်။ ပြီးရင်သတင်းအချက်အလက်တွေရဲ့ မျိုးတူတာတွေကို တည်ဆောက်တယ်။ အသုံးပြုနိုင်အောင် ဒီဆော့ဝဲလ်ကနေပြီးတော့ အလိုအလျောက်ပြုစုသွားမှာဖြစ်ပါတယ်။ အသုံးပြုတဲ့နေရာမှာလည်း ဝန်ကြီးဌာနအချင်းချင်း ချိတ်ဆက်အသုံးပြုနိုင်အောင် Networking မှာ တစ်ခါတည်း ပါရှိပါတယ်။

ကျွန်တော်တို့ Portable Scanner ကို အသုံးပြုမှာ ဖြစ်ပါတယ်။ ဒါက သာမန်စကင်နာ မဟုတ်ပါဘူး။ အထူးပြုလုပ်ထားတဲ့ Digitalize Back to Back ပြုလုပ်ထားတဲ့ စကင်နာဖြစ်ပါတယ်။ အထောက်အထားတွေကို တင်ပြတဲ့အခါ ပူးတွဲပြီးတော့ သူတို့ရဲ့ Evidence တွေကို တင်ပြရတယ်။ သဘောကတော့ နိုင်ငံသားစိစစ်ရေးကတ်၊ Private License၊ Passport လုပ်မယ်ဆိုရင် တင်ပြရတယ်။ ဒီဟာတွေဖတ်တဲ့ စကင်နာပါ။ ဒါကတော့ အိုင်စီတီနည်းပညာပဲ ဖြစ်ပါသေးတယ်။

ဒီအိုင်စီတီနည်းပညာကို ကျွန်တော်တို့က Biometrics နည်းပညာနဲ့ ပေါင်းစပ်ပြီးတော့ အသုံးပြုထားတာပါ။

နောက်တစ်ခုက ကင်မရာပါ။ ဒီကင်မရာက ဓာတ်ပုံတွေကို ရိုက်ပြီးလို့ရှိရင် မျက်နှာရဲ့အချိုးအစား၊ မျက်စိရဲ့အကွာအဝေး၊ နှာခေါင်းနဲ့ မျက်စိရဲ့ အကွာအဝေးစသဖြင့် Measurement ကို Management လုပ်ပေးထားတဲ့ ကင်မရာဖြစ်ပါတယ်။ ဒီကင်မရာတွေကို ဘယ်မှာအသုံးဝင်သလဲဆိုရင် နယ်စပ် ဝင်/ထွက်ဂိတ်၊ လေဆိပ်ဂိတ်တွေမှာ ဒီကင်မရာတွေ ထားခြင်းအားဖြင့် ဝင်လာတဲ့သူဟာ ဘယ်သူဘယ်ဝါဖြစ်ကြောင်း ကြိုတင်သိရှိရပါတယ်။

အကယ်၍ ဓာတ်ပုံကနေပြီး ဗီဒီယိုပြောင်းပြီးတော့ Black List တို့၊ ရှာဖွေရမယ့် လူတွေကို ထည့်ထားရင် ဒီကင်မရာထဲကို ဝင်လာတာနဲ့ ဘယ်သူ၊ ဘယ်မှာဆိုတဲ့ Location ကို တန်းပြီးတော့ သိရပါတယ်။

နောက်တစ်ခုက Biometrics Finger Print ဖြစ်ပါတယ်။ လက်ဆယ်ချောင်းနှိပ်လို့ ရပါတယ်။ လက်ဗွေတွေ အမျိုးအစားအလိုက် ခွဲခြားပေးတဲ့ ဆော့ဝဲလ်ဖြစ်ပါတယ်။ ဒီဆော့ဝဲလ်ကတော့ လက်ရှိအမေရိကန်နိုင်ငံမှာ အသုံးပြုနေတဲ့ နည်းပညာတစ်ခုဖြစ်ပြီးတော့ သူသည် FBI ရဲ့ Standard အတိုင်း ရှိပါတယ်။

ဘိုင်အိုမက်ထရစ်နည်းပညာမှာ အရေးကြီးဆုံးကတော့ မည်သူမည်ဝါဖြစ်ကြောင်း ခိုင်လုံတဲ့သက်သေထူနိုင်တဲ့ နည်းပညာတစ်ခုဖြစ်ပါတယ်။ ပတ်စ်ပို့တွေရှိတယ်။ အီးကတ်တွေရှိတယ်။ ဒါတွေအားလုံးက ဘိုင်အိုမက်ထရစ်နည်းပညာနဲ့ ပြုလုပ်ထားခြင်းဖြစ်ပါတယ်။

ဘိုင်အိုမက်ထရစ်နည်းပညာအသုံးပြုတဲ့အခါမှာ အလျဉ်းသင့်လို့ စမတ်ကတ်ကို ရှင်းပြပါမယ်။ အီလက်ထရွန်နစ် စမတ်ကတ်ဆိုတာက သူ့ထဲမှာ ဘိုင်အိုမက်ထရစ်နည်းပညာတွေထည့်ထားပါတယ်။ လက်ဗွေ၊ ဓာတ်ပုံ၊ သူ့ရဲ့သတင်းအချက်အလက်တွေ အားလုံးရှိပါတယ်။ ထိုနည်းတူပဲ သူ့ရဲ့သတင်းအချက်အလက်တွေကို Card Reader နဲ့ထည့်ပြီးတော့ အလိုအလျောက် Delete လုပ်လိုက်ရင် အချက်အလက်တွေ ကျလာပါမယ်။

အခုလောလောဆယ် စနစ်အားလုံးကို စတင်သုံးစွဲနိုင်တဲ့အဆင့်ကို ရောက်လို့ ထိုင်းနိုင်ငံမှာရှိတဲ့ ရွှေ့ပြောင်းအလုပ်သမားတွေ မှတ်ပုံတင်တာတွေ၊ မလေးရှားနိုင်ငံမှာ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေ မှတ်ပုံတင်တာတွေကို ဒါနဲ့စတင်အသုံးပြုမှာပါ။ စတင်သုံးခြင်းအားဖြင့် အကျိုးကျေးဇူးတွေကတော့ ခုနတင်ပြသလိုပဲ အချက်အလက်ခိုင်ခိုင်လုံလုံနဲ့ရရှိမှာ ဖြစ်ပါတယ်။

သူတို့အနေနဲ့ ခိုင်မာတဲ့အထောက်အထားကိုကိုင်ပြီး ခရီးသွားခြင်းအားဖြင့် သူတို့မှာလည်း အာမခံချက်အပြည့်ရှိပါတယ်။ မခိုင်မာတဲ့ သက်သေခံအထောက်အထားကိုကိုင်ဆောင်ပြီးတော့ ခရီးသွားခြင်းဟာ စစ်ဆေးမှုမှာ အများကြီး ခက်ခဲမှုတွေရှိပါတယ်။

ဒါတွေနဲ့ပတ်သက်လို့ သိပ္ပံနည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ တွေ့ဆုံပြီးတော့ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ထို့အတူပဲ အလုပ်သမား၊ အလုပ်အကိုင်နဲ့ လူမှုဖူလုံရေးဝန်ကြီးဌာနက ဦးစီးပြီးတော့ သက်ဆိုင်တဲ့ဌာနတွေအားလုံးကိုခေါ်ပြီးတော့ ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။

အထူးသဖြင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှာ အကြိမ်ကြိမ် ဒီစနစ်ရဲ့ အသုံးဝင်ပုံ၊ သူ့ရဲ့ဘိုးဘွားစဉ်ဆက်အစ ထိန်းသိမ်းထားနိုင်တဲ့အကြောင်း ရှင်းလင်းတင်ပြခဲ့ပါတယ်။ ထို့အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှာလည်း ပြည်ပရောက်မြန်မာနိုင်ငံသားများရဲ့ ပတ်စ်ပို့သက်တမ်းတိုးတာတို့၊ အကြောင်းအမျိုးမျိုးကြောင့် CI ဆိုတဲ့ထောက်ခံချက်မှာ မြန်မာနိုင်ငံသားစိစစ်တဲ့အခါမှာ အသုံးပြုရာမှာလွယ်ကူ လျင်မြန်အောင်လို့ တင်ပြခဲ့ပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနမှာလည်း အီးပတ်စ်ပို့ထုတ်နိုင်တဲ့အဆင့် တင်ပြခဲ့ပါတယ်။ တင်ပြခဲ့ပြီးတဲ့နောက်ပိုင်းမှာ မလေးရှားနိုင်ငံမှာ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို စပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။

ရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်၍ ကမ္ဘာတစ်ဝန်းတွင် လက်ရှိတွင် ၂၁၄ သန်းရှိနေပြီး ၂၀၅၀ ခုနှစ်တွင် သန်း ၄၀၀ ကျော်ရှိလာမည်ဟု ခန့်မှန်းထားရာ ရွှေ့ပြောင်းအလုပ်သမားများ၏ အရေအတွက်မှာ များပြားလျက်ရှိနေသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာအရပ်ရပ်သို့ သွားရောက်အလုပ်လုပ်ကိုင်နေသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့်ပတ်သက်ပြီး အလေးထားဆောင်ရွက်လျက်ရှိရာ နည်းပညာများမြင့်မားလာခြင်း၊ အထောက်အထားများ ခိုင်လုံခြင်း၊ နိုင်ငံတော်အစိုးရဘက်မှ ကူညီပံ့ပိုးဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကကုမ္ပဏီများမှ ပူးပေါင်းပါဝင်ခြင်းတို့ဖြင့် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ရွှေ့ပြောင်းအလုပ်သမားတို့၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်အတွက်လည်း တစ်ဖက်တစ်လမ်းမှ အကျိုးရှိမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



# ကျေးလက်ဒေသများတွင် ဆိုလာမီးလင်းရေးနှင့် အသေးစား ရေအားလျှပ်စစ်မီးဖြင့် မီးလင်းရေးဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါဝန်ကြီးရုံးဧည့်ခန်းမ၌ EIKI SHOJI Myanmar Co.,Ltd. မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ နိုင်ငံတော်မှ ကျေးလက်မီးလင်းရေးအား ပြန်ပြည့်ဖြိုးမြဲစွမ်းအင်ဖြင့် လျှပ်စစ်မီးရရှိစေရန် အားပေးလျက်ရှိပြီး မိမိတို့ဝန်ကြီးဌာနမှ ကျေးလက်ဒေသများတွင် ဆိုလာမီးလင်းရေးနှင့် အသေးစားရေအားလျှပ်စစ်မီးဖြင့် မီးလင်းရေးဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးရွာများရှိ ဆိုလာမီး သုံးစွဲလိုသည့် ပြည်သူများ၏လိုအပ်ချက်မှာ ၎င်းတို့တတ်နိုင်သည့်အပေါ် မူတည်၍ အမျိုးမျိုးကွဲပြားလျက်ရှိနေပါကြောင်း၊ EIKI SHOJI Myanmar Co.,Ltd. မှ ဆိုလာမီးလင်းကိရိယာပစ္စည်းကောင်းများကို ကျေးလက်လူထု ဝယ်ယူသုံးစွဲနိုင်ရန်အတွက် မိမိတို့ဝန်ကြီးဌာန၏ ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဖြင့် အရစ်ကျဝယ်ယူဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ လွယ်ကူစွာ သုံးစွဲသွားနိုင်မည်ဖြစ်ပါကြောင်း၊ EIKI SHOJI Myanmar ကုမ္ပဏီမှ ကျေးလက်မီးလင်းရေးစီမံကိန်းအား ရေးဆွဲတင်ပြလာပါက ကျေးလက်မီးလင်းရေး အထောက်အကူပေးမည့် အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် မိမိတို့၏ဝန်ကြီးဌာနမှ ချိတ်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဆိုလာမီးလင်းကိရိယာဖြင့် ဆောင်ရွက်ပေးခြင်းဖြင့် ကျေးရွာများ အမြန်ဆုံးမီးလင်းလာစေမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် EIKI SHOJI Myanmar Co.,Ltd. မှ Director ဦးကြည်ဝင်းက ကုမ္ပဏီအနေဖြင့် ဆိုလာမီးလင်း ကိရိယာလုပ်ငန်း ဆောင်ရွက်နေသည်မှာ ခုနစ်နှစ်ရှိပြီဖြစ်ပါကြောင်း၊ ဆိုလာမီးလင်းကိရိယာသည် နေရောင်ခြည်အနည်းငယ်ရရှိရုံဖြင့် လျှပ်စစ်မီးရရှိနိုင်သော ဂျပန်နိုင်ငံမှ ပြုလုပ်သည့် ပစ္စည်းများဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ကျေးလက်ပြည်သူများအား ထောက်ပံ့ပေးနိုင်ရန် အဝတ်အထည် သုံးထုပ်၊ ဆိုလာမီးလင်းကိရိယာ ၁၀ စုံ၊ Laptop ငါးလုံး၊ Computer Desktop ၁၀ စုံနှင့် ရေခဲသေတ္တာ ၁၀ လုံး စုစုပေါင်း တန်ဖိုး ငွေကျပ်သိန်း ၁၀၀ ခန့်ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်လူငယ်များအတွက် ဂျပန်နိုင်ငံ KYOEI Co.,Ltd. မှတင်သွင်းသော အဝတ်အထည် ကွန်တိန်နာ ၁၀ လုံးအနက် ရှစ်လုံးအားငွေပေးချေပြီး နှစ်လုံးလှူဒါန်းခြင်းနှင့် ရှေ့လုပ်ငန်းအကောင်အထည်ဖော်နိုင်ရေးအတွက် သဘောတူညီချက်စာချွန်လွှာကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးကိုကိုနှင့် KYOEI Co., Ltd. မှ President Mr. Atsushi Yazaki တို့က လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ) (သတင်းစဉ်)**



# (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုတိုင်းရင်းသားအားလုံး ပြည်ထောင်စုကြီးအတွင်း၌ ဥမကွဲ သိုက်မပျက် အတူတကွ ရာသက်ပန် ပူးပေါင်းနေထိုင်ရေး၊
- ☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တိုင်းရင်းသားအားလုံး မျက်ခြည်မပြတ် ထိန်းသိမ်းကာကွယ်ရေး၊
- ☆ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရာတွင် တိုင်းရင်းသားလူမျိုးများအားလုံးမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကို ပြည်သူ့စွမ်းအားဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၀-၁၂-၂၀၁၃(သောကြာနေ့)**

- ၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၄၅ SEA Games ဂုဏ်ပြုအစီအစဉ်
- ၇း၀၀ ပြည်တွင်းသတင်း မိုးလေဝသသတင်း
- ၈း၃၀ Hyper Sport
- ၈း၄၅ SEA Games ဂုဏ်ပြုအစီအစဉ်
- ၉း၀၀ လှေလှော်ပြိုင်ပွဲ

**ညပိုင်း**

- ၁၂း၀၀ ပြည်တွင်းသတင်း+နိုင်ငံတကာသတင်း+မိုးလေဝသသတင်း
- ၁၃း၃၀ SEA Games ဂုဏ်ပြုအစီအစဉ်
- ၁၄း၀၀ Sport News
- ၁၄း၃၀ Hyper Sport
- ၁၅း၃၀ ဘောလုံးပွဲကြိုသုံးသပ်ချက်
- ၁၆း၀၀ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **မြန်မာအသင်းနှင့် မလေးရှားအသင်း** (အမျိုးသမီး)
- ၁၈း၃၀ SEA Games ဂုဏ်ပြုအစီအစဉ်
- ၁၉း၀၀ ဘောလုံးပွဲကြိုသုံးသပ်ချက်
- ၁၉း၃၀ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် **ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်း** (အမျိုးသမီး)
- ၂၁း၂၀ **ပြည်တွင်းသတင်း** နိုင်ငံတကာသတင်း မိုးလေဝသသတင်း

## ထူးခြားသည့် ညအပူချိန်များ

**၁၉-၁၂-၂၀၁၃**

ဟားခါးမြို့
-၂ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့
-၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့
ဟဲဟိုးမြို့နှင့် ပြင်ဦးလွင်မြို့
၁ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့နှင့်
မိုးကုတ်မြို့
၂ ဒီဂရီစင်တီဂရိတ်စီ
ကသာမြို့
၃ ဒီဂရီစင်တီဂရိတ်

# တစ်နိုင်ငံလုံးတွင် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာပေါင်း ၁၂၇၉၇ အထိ ဖြန့်ဝေနိုင်ခဲ့

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက ပြည်တွင်းလူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာလူမှုရေးအသင်းအဖွဲ့များ၊ ပုဂ္ဂလိကနှင့် ဘာသာရေးအသင်းအဖွဲ့များက အနောက်တိုင်းဆေးဝါးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးဝါးများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကိုလည်း တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဒီဇင်ဘာ ၁၆ ရက် နံနက် ၉ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပသော ကချင်ပြည်နယ်အတွင်းရှိ ကျေးရွာများသို့ အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာဖြန့်ဝေသည့် အခမ်းအနားတွင် ပြောကြားသည်။

ပြည်ထောင်စု ဝန်ကြီးက ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှု အလှမ်းကွာဝေးသည့် နယ်စပ်ဒေသနှင့် ဝေးလံခေါင်းပါးသော အစွန်အဖျားဒေသများအထိ အနောက်တိုင်းဆေးပညာသာမက တိုင်းရင်းဆေးပညာအပိုင်းတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှုအပြည့်အဝလွှမ်းခြုံမှုပေးနိုင်စေရန် တိုင်းရင်းဆေးပညာသင်တန်းများ၊ ကျန်းမာရေးပညာပေး ဟောပြောမှုများ၊ ကွင်းဆင်းကုသမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း။

မြန်မာ့တိုင်းရင်းဆေးဖြင့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်ရာတွင် အရေးပေါ်သုံး တိုင်းရင်းဆေးသေတ္တာများကို ၂၀၀၇ ခုနှစ်မှစ၍ နှစ်စဉ်စီမံချက်ချဆောင်ရွက်ခဲ့ရာ ယခုအခါ တစ်နိုင်ငံလုံးတွင် အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာပေါင်း ၁၂၇၉၇ အထိ ဖြန့်ဝေနိုင်ခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာရှိ ကျေးရွာများအားလုံး၏ ငါးပုံ၊ တစ်ပုံကို ဖြန့်ဝေနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်းရှိ ကျေးရွာတိုင်းတွင် ဆေးသေတ္တာတစ်ခုစီရောက်ရှိရေး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ကချင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးရားဝမ်ဂျုံ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာတို့က ဝိုင်းမော်၊ မိုးညှင်း၊ ဖားကန့်နှင့် မိုးမောက်မြို့နယ်တို့မှ ကိုယ်စားလှယ်များအား အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများကို ပေးအပ်ကြပြီး Nippon Foundation မှ Mr. Takasuki Nakajima နှင့်ညွှန်ကြားရေးမှူးချုပ်များက တနိုင်း၊ မန်စီ၊ ပူတာအို၊ ဆွမ်ပရာဘွမ်မြို့နယ်တို့မှ ကိုယ်စားလှယ်များအား အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများကို ပေးအပ်ကြသည်။ **(အပေါ်ပုံ)**



၂၀၁၀ ပြည့်နှစ်က ကချင်ပြည်နယ်အတွင်းရှိ ကျေးရွာများသို့ မြန်မာ့တိုင်းရင်းဆေးသေတ္တာ ၅၀၀ ကို ပထမအကြိမ်အဖြစ် ဖြန့်ဝေခဲ့ပြီး ယခုအခါ ကျန်ရှိသော ကျေးရွာပေါင်း ၁၄၁၃ ရွာသို့ ဆက်လက်ဖြန့်ဝေပေးခြင်းဖြစ်သည်။

အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာတွင်ပါဝင်သည့် ဆေးဝါးများသည် ခေတ်မီနည်းပညာများဖြင့် သုတေသနပြုလုပ်၍ တိုင်းရင်းဆေးရုံနှင့် တိုင်းရင်းဆေးကုဌာနများတွင် လက်တွေ့အသုံးပြုနေသည့် ဆေးဝါးများဖြစ်ပြီးကိုင်တွယ်ထိန်းသိမ်းမည့် တာဝန်ခံများကို စနစ်တကျကိုင်တွယ်အသုံးပြုနိုင်ရန် သင်တန်းများပို့ချပြီးဖြစ်ရာ အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာကို ထိရောက်စွာ အကျိုးရှိရှိ သုံးစွဲခြင်းအားဖြင့် ကျေးလက်ဒေသ၏ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက်၌ ညသန်းခေါင်ယံအချိန် မီးလောင်မှုဖြစ်ပွား၊ အိမ်ခြေ ၁၅ လုံးဆုံးရှုံး

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၉) ရပ်ကွက်သူရလမ်း၌ ဒီဇင်ဘာ ၁၉ ရက် နံနက် ၂ နာရီ မိနစ်၂၀ တွင် မီးလောင်ကျွမ်းမှုဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မရမ်းကုန်းမြို့နယ် အမှတ် (၉) ရပ်ကွက် သူရလမ်း အိမ်အမှတ်(၉၀) နေအိမ်ရှင် ဒေါ်ခင်သန်း (၂၀ × ၃၅)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ နှစ်ထပ်နေအိမ်အောက်ထပ်ရှိ အိမ်ငှားနေထိုင်သူကိုမျိုးမြင့်အောင်(၃၀)နှစ်၏ အခန်းအတွင်းမှ လျှပ်စစ်မီးပူအသုံးပြုပြီး ခလုတ်မပိတ်ဘဲထားခဲ့ရာမှ အပူရှိန်လွန်ကဲပြီး ဒီဇင်ဘာ ၁၉ ရက် နံနက် ၂ နာရီ မိနစ် ၂၀ ကျော်ခန့်တွင် မီးစတင်လောင်ကျွမ်းကြောင်း သိရသည်။ **(ဝဲပုံ)**

မီးလောင်ရာသို့ မီးသတ်ယာဉ်အစီး ၅၀၊ စက်တပ်ယာဉ်နှစ်စီး၊ အထောက်အကူပြု ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်ခုနစ်စီး၊ သန္တေမီးသတ်အင်အား ၂၅၆ ဦး၊ အရန်မီးသတ် ၁၁၄ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၄ ဦးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်ကျွမ်းမှုကြောင့် အိမ်ခြေတိုက်ခံသုံးလုံး၊ ပျဉ်ထောင်အိမ် ၁၂ လုံး စုစုပေါင်းအိမ်ခြေ ၁၅ လုံး မီးလောင်ကျွမ်းခဲ့၍ အိမ်ထောင်စု ၄၅ စု အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ် ၇၃၀၀၀၀၀ ဆုံးရှုံးခဲ့ရပြီး အမှတ်(၉) ရပ်ကွက် သူရလမ်းရှိ မန္တလေးမစိုးရိမ်ကျောင်းတိုက်ဓမ္မာရုံ၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားရှိသည်။ အဆိုပါ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်၍ မရမ်းကုန်းမြို့မရဲစခန်းမှ မျိုးမြင့်အောင်အား အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မရမ်းကုန်းမြို့နယ် မီးသတ်ဦးစီးမှူး ရဲကျော်သူစိုးနိုင်ထံမှ သိရသည်။ **(၀၁၅)**

**✳ ကျောဖုံးမှ**

လာရောက်အားပေးကြသည့် ပရိသတ်များကို အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်းက Let's go team Myanmar စာတန်းပါ ပူဖောင်းများ၊ SEA Games အမှတ်တံဆိပ်ပါ သော့ချိတ်များနှင့် ယပ်တောင်များဝေငှကာ ငွေဆောင် ဆီးဂိမ်းရွက်လှေပြိုင်ပွဲကို ပါဝင်အားပေးဂုဏ်ပြုခဲ့ကြောင်း သိရသည်။

**လူကုန်ကူးမှု အန္တရာယ် တစ်မျိုးသားလုံး ဝိုင်းဝန်းကာကွယ်**

ဆောင်းပါးနှင့် ပြည်တွင်းသတင်း

# သွားကြောင်ခြင်း

မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်းမကြီး လှတောစံပြကျေးရွာအလွန် ဝက်လက်မြို့သို့ဆိုသော လမ်းညွှန်အတိုင်း ရွှေခြသေ့်ကားကြီး မောင်းလာခဲ့သည်။ ကားပေါ်တွင် ဝက်လက်မြို့နယ်အတွင်းရှိ သွားကြောင်ရောဂါရှင်များကို ကုသပေးမည့် အနယ်နယ်အရပ်ရပ်မှ သွား/ခံတွင်းဆရာဝန် ကြီး/ငယ် ၃၅ ဦးနှင့် ဆေးခန်းသုံး စက်ပစ္စည်း၊ ဆေးပစ္စည်းများ ပါလာခဲ့ပါသည်။

ပြည်သူတို့ဘဝ ကွင်းဆင်းလေ့လာကြသော ကျောင်းသားများ မဟုတ်ကြ၍ တစ်ယောက်တစ်ခွန်း ပေါက်ပေါက်ဖောက်သလို ဆူညံမနေကြသည်မှာ မှန်သော်လည်း စေတနာအရင်းခံဖြင့် ဝေဒနာရှင်များကို ကူညီမည့်သူများဖြစ်၍ တက်ကြွမှုအသွင်များက ပေါ်လွင်နေပါသည်။

အခြားအညာဒေသများကဲ့သို့ ခြောက်ခြောက်သွေ့သွေ့မြင်ကွင်းများနှင့်သာ ဆုံရမည်ထင်သော်လည်း တစ်ဖြောင့်တည်းသော ကားလမ်းဝဲယာဘေးတွင် ကြည့်မဆုံးနိုင်သော စပါးကွင်းကြီးကို ရေအပြည့်ရှိသော မြောင်းကြီးများက ကားလမ်းနှင့်အပြိုင် ပေါင်ခတ်ထားကြပါသည်။ ပြန့်ပြူးကျယ်ပြန့်လှသော စပါးကွင်းကြီးကို အကွက်လိုက် အပိုင်းလိုက်ဖြစ်အောင်လည်း ရေမြောင်းများဖြင့်ပင် ဖြတ်ပိုင်းထားကြသည်။

အနှံထွက်ပြီး မြစိမ်းရောင်မပျက် အကွက်ကြီးများအလယ် ဝင်းမှည့်ခါစအကွက်များရှိနေသလို၊ ရိတ်သိမ်းပြီးစ အဝါခြောက်ရောင် အကွက်အချို့လည်းရှိနေပါသည်။ စပါးကွင်းကြီးမှာ အနိမ့်အမြင့် အပြန့်အပြူးညီညာလှသလို၊ အခြားသီးနှံမျိုးများ ကြားဝင်စိုက်ထားခြင်းလည်း မတွေ့ရပါ။

ကားလမ်းဘေး မြောင်းပေါင်ကျယ်ကျယ် အချို့နေရာတို့တွင် ဘဲတဲငယ်အချို့ကို တွေ့ရသည်မှာလည်း ဤဒေသ၏ ရေမြေအနေအထားကို သတိပြုစရာဖြစ်နေပါတော့သည်။

“ဩော် ရွှေဘိုဝက်လက်ကွင်းဆိုတာ ဒီလိုပါလား” ဆိုတဲ့ အတွေးဝင်မိခဲ့သလို ရွှေဘိုစွံနီ၊ ရွှေဘိုပေါ်ဆန်းဆိုသည့် နာမည်ကြီးဆန်များကိုလည်း သတိရမိစေပါတော့သည်။

### သွားကြောင်ခြင်း (DENTAL FLUOROSIS)

စကားကြွယ်လှသော လှတောသားများနေထိုင်ရာ ဝက်လက်မြို့နယ် လူဦးရေ ၉၀ ရာခိုင်နှုန်းကျော်၏ သွားများသည် သဘာဝအရောင်မရှိဘဲ မြေဖြူကဲ့သို့ ဖြူဆွတ်ဆွတ်အရောင်၊ အဝါရောင်၊ အညိုရောင် စသည်ဖြင့် မူလအရောင် ပျက်နေကြပါသည်။ ဤသည်ကို ဝက်လက်သားတို့ အမည်ပေးလိုက်သည်က သွားကြောင်ခြင်းဟူ၍ ဖြစ်ပါသည်။

သွားကြောင်ရောဂါဖြစ်စေရခြင်းအကြောင်းမှာ သောက်ရေတွင် ဖလိုရိုဒ်ပါဝင်မှု လိုအပ်သည်ထက်များနေ၍ ဖြစ်သည်။ လူကြီးသွားများ ကြောင်ရခြင်းမှာ ကလေးအသက် ၄-၆ လမှ ၇-၈ နှစ်အတွင်း ကလေးမေးရိုးအတွင်းတွင် ရှိနေသည့် လူကြီးသွားများဖြစ်လာမည့် သွားသန္ဓေလေးများသည် သွားကြီးဘဝသို့ ရောက်ရှိလာချိန်တွင် မာကျောတောက်ပြောင်လာစေရန် ထုံးဓာတ်၊ ဖော့စ်ဖရပ်ဓာတ်များ အခြေခံဖြင့် ဖလိုရိုဒ်ဓာတ်ပါဝင်ပြီး အသွင်ပြောင်းတည်ဆောက်ကြရပါသည်။ ထိုအခြေတွင် ဖလိုရိုဒ်ဓာတ်များ လိုအပ်သည်ထက် ပေါင်းစပ်ပါဝင်သွားပါက သွားကြောင်ခြင်းကို ဖြစ်စေသည်။ ထိုလိုအပ်သည်ထက်ပိုသော ဖလိုရိုဒ်ဓာတ်ကို သောက်ရေမှ အများဆုံးရရှိသွားခြင်းဖြစ်သည်။

သွားကြောင်ခြင်းကို သွား၏ အပေါ်ယံအဖုံး ကြွေသွားလွှာပေါ်တွင် တွေ့ရပြီး အရောင်အဆင်းပျက်သွားရုံသာမက၊ ကြွပ်ဆတ်သွားတတ်ကြပါသည်။ အရောင်ပျက်ခြင်းဆိုရာ၌ အရစ်အရစ်ပြောင်းနေသလို အစက်အပြောက်များအနေဖြင့်လည်းကောင်း၊ မျက်နှာပြင်တစ်ပြင်လုံးအနေဖြင့်လည်းကောင်း အသွင်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး ဖြစ်ပေါ်နေတတ်ကြပါသည်။ အမာဓာတ်လျော့နည်းကာ ကြွပ်ဆတ်သွားသဖြင့် ၎င်းသွားတို့သည် အချင်းချင်းပွတ်တိုက်မိခြင်း၊ အစာမာများကို ကြိတ်ဝါးမိခြင်းစသည်တို့ကြောင့် မူလပုံသဏ္ဌာန်များ ထပ်မံပျက်ယွင်းသွားတတ်ကြပါသည်။

ထိုသို့ သွားမျက်နှာပြင် ပျက်စီးသွားခြင်းကို မူလသွား၏ သဘာဝအရောင်နှင့် အလင်းဖြတ်နိုင်မှုအားများအပါအဝင် မူရင်းပုံသဏ္ဌာန်ပါ ပြန်လည်ထိန်းသိမ်းပြီး ကြွပ်ဆတ်နေခြင်းကို အမာဓာတ်ဖြည့်ပေးကြပါသည်။ ဤနည်းအားဖြင့် သွားကြောင်နေသူများ၏ ဥပဓိရုပ်ကို ပြန်လည်တင့်တယ်စေနိုင်ပါသည်။

သွားကြောင်မှုဖြစ်ရခြင်းအတွက် ဝက်လက်မြို့ပတ်လည် စပါးကွင်းကြီးဘေး ရေမြောင်းများအတွင်းရှိ ရေများကြောင့်ဟု ယိုးမယ်မဖွဲ့စကောင်းပါ။ ဖွဲ့လည်းဖွဲ့မရပါ။

ဖလိုရိုဒ်ဓာတ်ပါဝင်မှုများသော သောက်ရေကိုသာ ရည်ရွယ်၍ ပြောရခြင်းဖြစ်ပါသည်။

သောက်ရေဟုဆိုရာတွင် ဝက်လက်တစ်မြို့နယ်လုံးရှိ ကျေးရွာအုပ်စု ၇၂ အုပ်စု၌ပါဝင်သော ကျေးရွာတစ်ရွာနှင့်တစ်ရွာ သောက်ရေချင်းမတူညီကြသလို တစ်ရွာတည်းနေတစ်အိမ်ချင်းစီ၏ သောက်ရေသည်လည်း မတူညီကြပါ။ ဝက်လက်တစ်မြို့တည်းတွင် နေကြသူ မြို့သူ၊ မြို့သားများသည်ပင် မီးရထားလမ်းအရှေ့ဘက်ခြမ်းတွင် နေကြသူများနှင့် အနောက်ဘက်ခြမ်းတွင် နေကြသူများ၏ သောက်ရေလည်း မတူကြပါ။ သွားကြောင်ရောဂါ ဖြစ်ပွားသူများသည် အရှေ့ဘက်ခြမ်းတွင် များနေပါသည်။

မြို့နယ်လူထု၏ သောက်သုံးရေရရှိမှုမှာ လက်တွင်းရေ၊ စက်တွင်းရေ၊ ကန်ရေ၊ မြောင်းရေနှင့်မိုးရေဟူ၍ ကွဲပြားနေပါသည်။ ထိုသို့ ရေရရှိမှုကွာသလို ထိုရေတို့တွင်ပါဝင်သော ဖလိုရိုဒ်ဓာတ် အနည်းအများသည်လည်း မတူညီပါ။ ဆိုလိုသည်မှာ တွင်း တွင်းချင်း၊ ကန် ကန်ချင်းပင် ဖလိုရိုဒ်ဓာတ်ပါဝင်မှု မတူကွဲပြားနေပါသည်။

သွားကြောင်ခြင်းကို ပြင်ဆင်ကုသကြရာတွင် သွားဘက်ဆိုင်ရာသုံးစက်အမျိုးမျိုး၊ ဆေးပစ္စည်းအမျိုးမျိုးကို အသုံးပြုရခြင်း၊ ရောင်ခြည်ပေးရခြင်း၊ အချောကိုင်ရခြင်းများ၊ လုပ်ငန်းစဉ်အတွင်း အပိုအလိုမရှိစေရန် ထိန်းသိမ်းရေးပစ္စည်းများသုံးရခြင်း၊ အစိုဓာတ်(တံတွေး)ကို လိုအပ်သလိုထိန်းသိမ်းရခြင်း စသည်ဖြင့် အဆင့်များလက်ဝင်လှသော လုပ်ငန်းစဉ်ဖြစ်ပါသည်။

သို့ပါ၍ မိမိပိုင်ဆိုင်ထားသော ပြုပြင်ကုသပြီး သွားများ မပျက်စီးစေရန် ရေရှည်ခံနိုင်ရန်၊ ကုသမှုပေးခဲ့သောဆရာများ၏ ညွှန်ကြားချက်များကို မမေ့မပျောက်လိုက်နာရန် လိုအပ်ပါသည်။

မူလကတည်းက ပျက်စီးပြီးသွားများကို ပြုပြင်ပေးထားသည်ဖြစ်ရာ သဘာဝသွားကောင်းများကဲ့သို့ အကြမ်းအရမ်းခံမည်မဟုတ်ပါ။ ရှောင်ရန်ဆောင်ရန်များကို ဆရာများက ပြောပြခဲ့မည်ဖြစ်သလို အောက်ပါအချက်များကို ဆက်လက်လိုက်နာရန် လိုအပ်ပါမည်။

(၁) စနစ်မှန်စွာ သွားတိုက်ပါ။ ကန့်လန့်ဖြတ်မတိုက်ရပါ။
(၂) အချိန်မှန် သွားတိုက်ပါ။ အနည်းဆုံး အိပ်ရာဝင်တစ်ကြိမ် တိုက်ပါ။ အစာစားပြီးတိုင်း ပလုတ်ကျင်းပါ။
(၃) အစာညှပ်သော် ဖယောင်းတိုက်ထားသော အပ်ချည်ကြိုးဖြင့် ညပ်နေသော သွားနှစ်ချောင်းကြား ပွတ်ဆွဲပါ။ သွားကြားထိုးတံ မသုံးရပါ။
(၄) သွားခြေအလွန် သွားဖုံးများကို လက်ညှိုးလက်မကြားထား၍ မကြာခဏနှိပ်ပေးပါ။

ဤသွားကြောင်ရောဂါကာကွယ်ရန်မှာ အဓိကအားဖြင့် ကလေးငယ်ရေစတိုက်စ အသက်ခြောက်လအရွယ်မှ ရှစ်နှစ်သားအရွယ်ခန့်ထိ ဖလိုရိုဒ်ဓာတ်ပါဝင်မှုများသော ရေများမတိုက်ရေးပင် ဖြစ်ပါသည်။ ကလေးသွားများမကြောင်စေရန်မူ ကိုယ်ဝန်ဆောင်မိခင်ကိုပါ ဖလိုရိုဒ်ဓာတ်ပါဝင်မှု မများသောရေကို တိုက်ရပါမည်။ ဤကိစ္စအတွက် UNICEF အဖွဲ့ကြီးနှင့် ကျန်းမာရေးဦးစီးဌာန လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲမှ သင့်လျော်သော သောက်သုံးရေရရှိအောင် မြို့နယ်လူထုနှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။

ဤခရီးစဉ်၌ မိမိတို့ သွား/ခံတွင်းဆရာဝန်များအဖွဲ့သည် ဒီဇင်ဘာ ၃ ရက်မှ ၈ ရက်အထိ သွားကြောင်ရောဂါခံစားနေရသူ ၂၀၀ ကျော်ကို ပြုစုကုသပေးနိုင်ခဲ့ကြပါသည်။ ဤခရီးစဉ်ဖြစ်မြောက်ရေးအတွက် အဓိကထောက်ပံ့ပေးသော ကုလသမဂ္ဂကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့(UNICEF)ကြီးကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာနမှ လုပ်ငန်းခွင်ကျန်းမာရေးဌာနခွဲကိုလည်းကောင်း၊ ကမ္ဘာ့စံချိန်မီ ကုသမှုနည်းစနစ်ကို လမ်းညွှန်မှုပေးသော ပါမောက္ခ၊ ဌာနမှူး၊ သွားရောဂါပညာဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေးကိုလည်းကောင်း ပူးပေါင်းပါဝင်ကူညီပေးကြသော မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းအပေါင်းကိုလည်းကောင်း၊ တည်းခိုမှုနှင့်ကုသမှုအတွက် အဆောက်အအုံသုံးခွင့်ပြုသော အုဋ္ဌကျောင်းဆရာတော်ကြီးကိုလည်းကောင်း၊ စေတနာအပြည့်အဝဖြင့် ကုသပေးခဲ့ကြသော နေပြည်တော်ခုတင် ၁၀၀၀ ဆေးရုံနှင့် မန္တလေး၊ တောင်ကြီး၊ ရန်ကုန်တို့မှ သွားနှင့်ခံတွင်းဆရာဝန်ကြီး/ငယ်တို့ကိုလည်းကောင်း ဝက်လက်မြို့နယ် သွားကြောင်သူများကိုယ်စား ကျေးဇူးဥပကာရတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**ဒေါက်တာတင်ဝေ(သွားကျန်းမာ)**

## အလောင်းတော်ကဿပဘုရားဖူးလမ်း စတင်ဖွင့်လှစ်

**ကောလင်း ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် အလောင်းတော်ကဿပ ဘေးမဲ့တောအနီးရှိ အလောင်းတော်ကဿပ ရဟန္တာမထေရ်ကို သွားရောက်ဖူးမြော်လိုသူများအတွက် ယခုနှစ်ဘုရားဖူးရာသီ ဘုရားဖူးလမ်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၃ ရက် နံနက်က ကျင်းပရာ ဖိုးဝင်းတောင်ဆရာတော် ဘဒ္ဒန္တသုမန (မဟာသဒ္ဓမ္မဇောတိကဓဇ)ပုပ္ပားကျောင်းတိုက်ပဓာနနာယက ဆရာတော်နှင့်ပုလဲ၊ ကနီ၊ ယင်းမာပင်၊ ဆားလင်းကြီး လေးမြို့နယ်ရှိ သံဃနာယက ဆရာတော်များက ဘုရားဖူးလမ်းအသွားအပြန် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်၍ အခမ်းအနားဖွင့်လှစ်ပေးခဲ့သည်။

လွန်ခဲ့သော ငါးနှစ်၊ ခြောက်နှစ်မှစ၍ တပို့တွဲလပြည့် ဆီမီးကိုးထောင်ကပ်လှူပွဲ၊ နှမ်းမနဲ့ကပ်လှူပွဲ ကျင်းပသည့်ရက်များတွင် ရဟန္တာကိုယ်တော်မြတ်စံပယ်ရာ ဂူတံခါးပွင့်သည်ဟု သတင်းများ၊ ဓာတ်ပုံများတွင် ဖတ်ရှုတွေ့မြင်ခဲ့ရပြီး နောက်ပိုင်းနှစ်များတွင် ဘုရားဖူးလာသူများ၊ ပြည့်နှက်လျက်ရှိပြီး ဘုရားဖူးပို့ဆောင်ရေးအဖွဲ့ကလည်း ခရီးစဉ်စတင်ပြီဖြစ်ကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

**လွမ်းဝေ(ကောလင်း)**

## ရွှေလျားကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်

**ကွန်းလှ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့၌ တိုင်းဒေသကြီးမိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံးနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များသည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၈ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် ဖွင့်လှစ်ထားသော အရန်သားဖွားသင်တန်း သင်တန်းသူများ ကျန်းမာရေးဆောင်ပုဒ် ကဗျာရွတ်ဆိုခြင်း၊ သင်တန်းပို့ချနေခြင်းတို့ကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကိုယ်ဝန်ဆောင်မိခင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ရွှေဘိုခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်က ကိုယ်ဝန်ဆောင်စဉ် ဖြစ်နိုင်သော လက္ခဏာများအကြောင်း၊ အာဟာရဖြစ်စေနိုင်သည့် အစားအစာများအကြောင်းကို ဟောပြောကာ ကိုယ်ဝန်ဆောင်မိခင်များကို အိုင်အိုဒင်းဆားနှင့် အာဟာရအစားအစာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ထို့နောက် ကွန်းလှမြို့ ပျဉ်းမမြိုင်ရပ်ကွက်ရုံး၌ ဖွင့်လှစ်ထားသော သက်ကြီးရွယ်အိုအဘိုးအဘွားများအား လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ကြည်နွယ်က ကျန်းမာရေးစစ်ဆေးပေးနေသည်ကို ကြည့်ရှုအားပေး၍ အဘိုးအဘွားများအတွက် သွေးကျဆေး၊ စက္ခုပါလမျက်စိကြည်အကြောပြေဆေး၊ သွေးအားတိုးဆေးနှင့် တိုင်းရင်းဆေးခန်းအတွက် အလှူငွေများထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



## ဥပဒေအကြောင်းသိကောင်းစရာဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ ကျင်းပ

**ချောင်းဦး ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဥပဒေအကြောင်းသိကောင်းစရာ ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပွဲကို နတ်ရေကန်ကျေးရွာ၌ ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲက နတ်ရေကန်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မြို့နယ်ဥပဒေအရာရှိ ဒေါ်စုလှဲ့အောင်က တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထုတ်ပြန်သည့် ဥပဒေနှင့် နည်းဥပဒေ ၂၈ မျိုးကို တစ်ချက်ချင်း အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး မိဘပြည်သူများက သိရှိလိုသည်များ မေးမြန်းခြင်းကို ပြန်လည်ဖြေကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုဝင်းက ၂၀၁၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများ၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ရေးလုပ်ငန်းများ၊ ပြည်သူများ စာပေဗဟုသုတကြွယ်ဝရေး စာပေဖတ်မှတ်လေ့လာရေးအတွက် နယ်လှည့်စာကြည့်တိုက် လာရောက်ဖွင့်လှစ်ရခြင်းများကို ရှင်းလင်းဆွေးနွေးပြီး နတ်ရေကန်ကျေးရွာ သက်တန့်ရောင်စာကြည့်တိုက်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသည့် ချင်းတွင်းဂျာနယ်များကို ပေးအပ်လှူဒါန်းခဲ့သည်။



**(မြို့နယ် ပြန်/ဆက်)**


## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## Open Tender ခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများအတွက် e-Government ဆိုင်ရာ Server များအား မြန်မာကျပ်ငွေဖြင့်လည်းကောင်း၊ ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာ သုတေသနဦးစီးဌာနအတွက် သုတေသနလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့်လည်းကောင်း ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး ၃-၁-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၄၀၀၇၊ ၀၆၇-၄၀၄၅၀၄**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အောက်ဖော်ပြပါဦးစီးဌာနနှင့် တက္ကသိုလ်တွင် ဆက်စပ်လုပ်ငန်းများဆောင်ရွက်ခြင်းအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

| ဆက်စပ်လုပ်ငန်းများ | |
|---|---|
| (က) | **ဒြပ်ပစ္စည်းသိပ္ပံနှင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန**<br>ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်း |
| (ခ) | **နည်းပညာတက္ကသိုလ်(မှော်ဘီ)**<br>(၁) သုံးထပ်ဆောင်အဝင်လမ်းပြုပြင်ခြင်းလုပ်ငန်း<br>(၂) မြေနီလမ်းပြုပြင်ခြင်းလုပ်ငန်း<br>(၃) သုံးထပ်စာသင်ဆောင်ထောင့်ချိုးကျောက်ခင်းလမ်းပြုပြင်ခြင်းလုပ်ငန်း<br>(၄) အခြားပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ(၈)ခု |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃-၁-၂၀၁၄ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၀နှင့် ၀၆၇-၄၀၄၀၀၇တို့တွင် စုံစမ်းနိုင်ပါသည်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

## ပြည်တွင်းသတင်း

# ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေးအတွက် ဆွေးနွေးပွဲများကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၉**

ရခိုင်ပြည်နယ် စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးပညာစဉ်ဆက်မပြတ် တိုးတက်ပြန့်ပွားရေးအတွက် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ဆွေးနွေးပွဲသို့ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်း၊ စစ်တွေဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်း၊ အထူးကုဆရာဝန်ကြီးများ၊ ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ခံဆရာဝန်များ၊ လက်ထောက်ဆရာဝန်များနှင့် အလုပ်သင်ဆရာဝန်များ စုစုပေါင်း ၁၅၀ ကျော် တက်ရောက်ကြပြီး အထူးကုဆရာဝန်ကြီးများက လုပ်ငန်းခွင်မှ လက်တွေ့ဖြစ်ရပ်များကို ဆေးပညာအမြင်ဖြင့် ပေါင်းစပ်ကာ ရှင်းလင်းတင်ပြ ဆွေးနွေးကြပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ရှင်းလင်းစွာ ပြန်လည်ဖြေကြားပေးကြသည်။

"ခုလို စဉ်ဆက်မပြတ်ဆေးပညာဆွေးနွေးပွဲတွေ လုပ်ပေးတာကြောင့် ကျွန်တော်တို့ဆရာဝန်တွေ အရည်အသွေးတိုးတက်လာတာ တွေ့ရပါတယ်။ ပီတိလည်းဖြစ်မိပါတယ်။ ကျွန်တော်တို့ ဆေးရုံအနေနဲ့လည်း နောက်နောင် အမြဲပြုလုပ်သွားမှာပါ" ဟု စစ်တွေဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဆန်းက ပြောပြသည်။

၎င်းဆွေးနွေးပွဲကို United Pharmaceutical Co.,Ltd. က ပံ့ပိုးကူညီပေးခြင်းဖြစ်ပြီး တစ်လလျှင် တစ်ကြိမ် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(လ/၀၀၃)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၁၂-၂၀၁၃

**ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၆၄၈၅၀၀-၆၁၀၄၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၆၄၉၅၀၀-၆၁၁၃၀၀ |

**(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)**

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး** (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၇၉-၉၈၉ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၃၀-၁၃၆၁ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၀ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၀.၇-၃၂ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၃-၁၆.၂ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၅-၁၆၈ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၈၅-၂၉၅ | ကျပ် |

**စက်သုံးဆီဈေးနှုန်းများ** (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၆၀ ကျပ် |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း** (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၇၀၀-၄၃၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၄၀၀-၃၅၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၇၀၀-၆၅၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၀၀၀-၆၅၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၉၅၀၀-၁၈၅၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၅၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၄၅၀၀-၁၀၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၄၀၀၀-၇၅၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ | ကျပ် |

ခင်ရတနာ-စုစည်းသည်။

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| ၁။ နွေဆန် | တစ်အိတ် | ၁၉၀၀၀ |
| ၂။ ပေါ်ကွဲ | တစ်အိတ် | ၂၂၀၀၀ |
| ၃။ ပေါ်ဆန်း | တစ်အိတ် | ၂၁၀၀၀-၂၃၅၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၄၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၅၆၃ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၄၅၀-၉၇၅ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၁၀၀-၁၈၅၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၁၀၀-၁၁၂၅ |
| ၉။ အာလူး (ဟဲဟိုး) | တစ်ပိဿာ | ၄၇၀-၇၀၀ |
| ၁၀။ ငရုတ်ရှည် (ဝါးခယ်မ) | တစ်ပိဿာ | ၂၄၀၀ |
| ၁၁။ ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၃၂၀၀-၃၆၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၉၆၀-၉၇၀ |

**ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။**

ခင်ဆိုင်-စေ့ငုတင်ပြသည်။

# မော်တော်ယာဉ်အစီး ၃၁၄၅၀ သွင်းကုန်ပါမစ်ထုတ်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန သွင်းကုန်လုပ်ငန်းဌာနခွဲ မော်တော်ယာဉ်ပါမစ်ထုတ်ပေးရေးဌာနစိတ်က လူပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် မော်တော်ယာဉ်သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ ၂၀၁၂ ခုနှစ် ဩဂုတ် ၁ ရက်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်အထိ 1350 CC အောက်ယာဉ်များအပါအဝင် Saloon, Van, Truck, Mini Box Truck, EXTRA CAB/ SPACE CAB, Light Truck, Mini Truck, FREEZER BOX TRUCK/ Box Truck, Pick up တို့ အပါအဝင် စုစုပေါင်းမော်တော်ယာဉ်အစီး ၃၁၄၅၀ ကို သွင်းကုန်ပါမစ်ထုတ်ပေးပြီးဖြစ်ကြောင်းနှင့် အမေရိကန်ဒေါ်လာ ၂၁၉ ဒသမ ဝ၅၁ သန်းခန့် တန်ဖိုးရှိကြောင်း ယင်းဌာနမှ ထုတ်ပြန်သော စာရင်းအရသိရသည်။

**အေးကို(သတင်းစဉ်)**

# ကမ်ပိုအားကစားနည်း အောင်မြင်စွာကျင်းပနိုင်ရေးနှင့် အောင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်ထည့်သွင်းကျင်းပလျက်ရှိသော ကမ်ပိုအားကစားနည်း ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ ပတ္တမြားခန်းမတွင် ကျင်းပခဲ့ရာ အစည်းအဝေးသို့ ကမ္ဘာ့ကမ်ပိုအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. ARA၊ အရှေ့တောင်အာရှ ကမ်ပိုအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr. KUSUMO၊ နည်းစနစ်ဒါရိုက်တာ Mr. INDRA၊ မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်မိုးနိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်မျိုးဟိန်းနှင့် ပြိုင်ပွဲဝင်နိုင်ငံအသင်းများဖြစ်ကြသည့် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ တီမောနိုင်ငံများမှ အသင်းအုပ်ချုပ်သူနှင့် နည်းပြများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ကမ်ပိုအားကစားနည်း အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အောင်နိုင်ရေးနှင့် တိုးတက်ပြန့်ပွားနိုင်ရေးတို့အတွက် မြန်မာနိုင်ငံကမ်ပိုအဖွဲ့ချုပ်၏ ရှေ့လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ သိမှတ်စရာ ကြိုတင်လေ့လာပါ

# နှမ်းဈေးကောင်း၍မြေပဲဆီအသုံးများလာ

**မလှိုင် ဒီဇင်ဘာ ၁၉**

မလှိုင်မြို့နယ်တွင် နှမ်းဈေးကောင်း၍ မြေပဲဈေးနိမ့်သဖြင့် ဒေသခံပြည်သူများ နှမ်းဆီအစား မြေပဲဆီစားသုံးမှု ပိုမိုများပြားလာကြောင်း သိရသည်။

ဒေသခံတောင်သူအများစုက မြေပဲဆီအသုံးနည်းသော်လည်း ယခုအချိန်တွင်နှမ်းဈေးကောင်းသဖြင့် နှမ်းရောင်းပြီး မြေပဲဆီဝယ်ယူစားသုံးသူနှင့် မြေပဲဝယ် ဆီကြိတ်စားသူများလျက်ရှိသည်။

"ကျွန်တော်တို့ဒေသက မြေပဲဆီအစားနည်းပြီး ဒေသခံတောင်သူအများစုက ကိုယ့်နှမ်းကိုကြိတ်စားတာများပါတယ်၊ ဒါပေမယ့် ဒီနှစ်နှမ်းဈေးက တစ်တင်းကို ငွေကျပ် ၄၂၀၀၀ မှ ၄၃၀၀၀ အထိ ဈေးရောင်းရတော့ မျိုးနှမ်းလောက်သာချန်၍ နှမ်းရောင်းပြီး မြေပဲဆီဝယ်စားကြပါတယ်၊ နှမ်းဆီက တစ်ပိဿာကို ငွေကျပ် ၆၀၀၀ ပေးရပြီး မြေပဲဆီတစ်ပိဿာကို ငွေကျပ် ၄၀၀၀ ဈေးဆိုတော့ တစ်ပိဿာကို ငွေကျပ် ၂၀၀၀ လောက်သက်သာတော့ မြေပဲဆီအသုံးများလာပါတယ်" ဟု ဒေသခံတစ်ဦးက ပြောပြသည်။

**အောင်ငွေး(မလှိုင်)**

# အရည်အသွေးကောင်း စပါးမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက် ရိတ်သိမ်း

**စလင်း ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် အရည်အသွေးကောင်း စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်ရိတ်သိမ်းခြင်းနှင့် အထွက်နှုန်းမှတ်တမ်းတင်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀ နာရီက တောစိမ့်ကျေးရွာတောင်သူဦးမြင့်ဝင်း၏ စမ်းသပ်ကွက်တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်စိုက်ညှိအဖွဲ့များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကျေးရွာတောင်သူများက စံကွက်ရိတ်သိမ်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


**၁၄-၁၂-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဦးသိန်းထွန်း(ခ) မိုဟာမက်အီစွပ်၏ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် မြေတိုင်းရပ်ကွက်အမှတ် ၂၅၊ မင်းဓမ္မလမ်း၊ မြေကွက်အမှတ် ၃/ဘီ၊ ဧရိယာ ၂ ဒသမ ၅ဧကရှိ မြေကွက်နှင့်ပတ်သက်၍ အများသိစေရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာချက်အပေါ် ဦးသိန်းထွန်း(ခ) မိုဟာမက်အီစွပ်နှင့် သက်ဆိုင်သူများသိစေရန် ထပ်မံရှင်းလင်းကြေညာခြင်း**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဦးလင်းလင်း ၁/မညန(နိုင်)၀၈၇၅၇၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းထပ်မံရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလင်းလင်းသည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၂၅၊ မင်းဓမ္မလမ်း၊ မြေကွက်အမှတ် ၃/ဘီ၊ ဧရိယာ ၂ ဒသမ ၅ ဧကရှိ မြေကွက်ကြီးတစ်ကွက်လုံးအား ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်တို့မှ တရားဝင်ပိုင်ဆိုင်ခွင့်မရရှိမီ အမွေထိန်းစာရရှိထားသည့်အချိန်ကာလကတည်းက ဦးသိန်းထွန်း(ခ) မိုဟာမက်အီစွပ်တို့ ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ယုံကြည်စွာဖြင့် ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ် ၏ ကမ်းလှမ်းရောင်းချသည့်တန်းဖိုးအတိုင်း စရန်ငွေများ အကြိမ်ကြိမ် ပေးအပ်ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။

၂။ ဦးသိန်းထွန်း(ခ)မိုဟာမက်စီစွပ်မှအထက်ပါမြေကွက်အား နိုင်ငံတော်မှ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိချိန်တွင်ကျွန်ုပ်မိတ်ဆွေထံမှ ကျန်ငွေလက်ခံရောင်းချရမည့်အစား ဆက်လက်မရောင်းချနိုင်တော့ကြောင်းကိုအကြောင်းအမျိုးမျိုးပြတောင်းပန်ပြောဆိုခဲ့ပြီး ကာလတန်ကြေးနှင့်အဆပေါင်းများစွာ ကွာခြားသည့်ငွေကျပ် ၄၀၀၀၀၀၀၀၀၀/-(ကျပ်သိန်းလေးသောင်း)ကိုသာ လက်ခံပေးရန်ပြောဆိုခဲ့သဖြင့် ကျွန်ုပ်မိတ်ဆွေမှ မလွန်ဆန်နိုင်သောအကြောင်းတရားများကြောင့် ၁၈-၁၁-၂၀၁၃ ရက်စွဲပါစာချုပ်အား ချုပ်ဆိုပေးခဲ့ခြင်းသာဖြစ်ပါသည်။

၃။ ယခုအခါဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်မှကျွန်ုပ်မိတ်ဆွေအား၁၈-၁၁-၂၀၀၃ ရက်စွဲပါစာချုပ်ဖြင့် ပေးအပ်ရန်သဘောတူထားသည့်ငွေကြေးများအား ရှင်းလင်းပေးအပ်ခြင်းမပြုမီ တစ်ဆင့်ပြန်လည်ရောင်းချခြင်းမှာ ကျွန်ုပ်မိတ်ဆွေအား စာချုပ်ချုပ်ဆိုစဉ်၊ ကတိပြုပြောဆိုချက် များနှင့်ညီညွတ်ခြင်းမရှိသောကြောင့်လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေသည် ၁၈-၁၁-၂၀၁၃ရက်စွဲပါ စာချုပ်အားအပြီးအပြတ် ရှင်းလင်းရရှိခြင်းမရှိ၍လည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေမှ အဆိုပါမြေကွက်တွင် အကျိုးစပ်ဆိုင်သူတစ်ဦးအဖြစ်ပါဝင်လျက် ရှိသူ ဖြစ်ပါ သည်။

၄။ ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်၏ ပြုလုပ်ခဲ့မှုများသည်ကျွန်ုပ်မိတ်ဆွေအပေါ်၌ ရိုးသားစွာ ပြုလုပ်ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အပြင် ကျွန်ုပ်မိတ်ဆွေ၏အကျိုးစီးပွားအား များစွာနစ်နာစေလျက်ရှိကြောင်းနှင့် ဦးသိန်းထွန်း(ခ)မိုဟာမက်အီစွပ်သည် ၁၈-၁၁-၂၀၁၃ရက်စွဲပါစာချုပ်သတ်မှတ်ရက်များအတိုင်း ကျွန်ုပ်မိတ်ဆွေထံသို့ ငွေရှင်းလင်းပေးအပ်ရန် ပျက်ကွက်ပါကလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေအား ပေးအပ်ရှင်းလင်းခြင်းမပြုမီ အရောင်းအဝယ်အား ဆက်လက်ပြုလုပ်မည်ဆိုပါကလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေထံပေးအပ်ထားသည့် ငွေများအားဆုံးရှုံးမည်ဖြစ်ကြောင်းနှင့် ၁၈-၁-၂၀၁၃ ရက်စွဲပါစာချုပ်မှာလည်း ပျက်ပြယ်ပြီး မူလအရောင်းအဝယ်စာချုပ်များအတိုင်း ကျန်ငွေပေးချေ၍ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံ အသိပေးရှင်းလင်းအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးလင်းလင်း**
**၁/မညန(နိုင်)၀၈၇၅၇၅**
**အမှတ်(၅)၊အေးရိပ်မွန်**
**လမ်းမကြီး၊(၃)ရပ်ကွက်၊**
**လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၅၀၁၁၆၆၃**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းနေဝင်း LL.B**
**အထက်တန်းရှေ့နေ(စဉ်-၂၈၃၉၂)**
**အမှတ် အေ-၉၊ အမှတ် ၅၀၊ပထမထပ်၊**
**ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်**
**ဖုန်း-၀၉-၇၃၀၆၂၀၈၇**

**၁၇-၁၂-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၀)တွင် ဦးနိုင်ထွဋ်လင်း (အထက်တန်းရှေ့နေ)၏ ကန့်ကွက်နိုင်ကြောင်းကြေညာချက်အား ဒေါ်ထွေးထွေးခိုင် ၁၂/ဒဂမ(နိုင်)၀၂၃၈၇၆၏ လွှဲအပ်ညွှန်ကြားချက်အရ- ကန့်ကွက်ကြောင်း ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ သခင်အုန်းဖေကြီးလမ်း၊ မြေကွက်အမှတ်၁၀၅၄ကို ဒေါ်ခင်ညိုမြင့် ၁၂/ကခက(နိုင်)၀၆၄၆၁၀ထံမှ ကျွန်ုပ်အမှုသည်က ၂၈-၉-၂၀၁၃ရက်နှင့် ၂၈-၁၁-၂၀၁၃ရက်များတွင် စရန်ငွေများပေးချေခဲ့ပြီး နောက်ဆုံးကျန်ငွေကို ၂၉-၁၂-၂၀၁၃ရက်တွင် ပေးချေရန်ရှိပါသည်။ ကျွန်ုပ်အမှုသည်၏ အရောင်းအဝယ်ကိစ္စမပြီးဆုံးမီ ထပ်မံရောင်းချခြင်းအတွက် ကန့်ကွက်ပါသည်။ အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်ပါက ပြုလုပ်သူ၏အကျိုးဆက်နှင့်တာဝန်သာဖြစ်ကြောင်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးသန်းညွှန့်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ၊ ဖုန်း-၀၉-၇၃၁၃၂၉၄၂**

**မသဇင်အောင် ၁၂/ခရန(နိုင်)၁၀၄၆၉၇နှင့် ကိုဇော်ဇော် ၁၂/အလန(နိုင်)၀၃၅၀၄၃တို့ သိစေရန်**

ခရမ်းမြို့၊ (၂)ရပ်ကွက်၊ မြနန္ဒာလမ်း၊ အမှတ် ၁၄၃နေ ဦးကျော်မြင့်အောင်၏သမီး မသဇင်အောင်နှင့် ၎င်း၏မိတ်ဆွေ ဦးခင်မောင်ကြည်၏သား ကိုဇော်ဇော်တို့သည် ၂၀၁၁ခုနှစ် (၆)လပိုင်း၌ မှန်ကန်မှုမရှိသော ကတိပဋိညာဉ်စာချုပ်မူရင်းများကို ယုံကြည်အောင်ပေးအပ်၍ ငွေကျပ် ၇၅၀၀၀၀၀/-(ခုနှစ်ဆယ့်ငါးသိန်းတိတိ)ရယူသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ မသဇင်အောင်နှင့်ကိုဇော်ဇော်တို့သည် ကျန်ငွေ ၃၄၀၀၀၀၀/-(သုံးဆယ့်လေးသိန်းတိတိ)တစ်လုံးတစ်ခဲတည်းပြန်လည်ပေးအပ်၍ ယင်းမှန်ကန်မှုမရှိသော စာချုပ်မူရင်းများကို ခုနစ်ရက်အတွင်း လာရောက်ယူပါရန်နှင့် ပျက်ကွက်ပါက ပြစ်မှုကြောင်းအရဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။ **ဒေါ်မိုမိုအောင်**

**တိုက် ၂၀၊ အခန်း ၀၀၆၊ ရတနာသိခ်လမ်း၊ အောင်ဇေယျအိမ်ရာ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ



# ရှမ်းတောင်သူများ၏ ရှမ်းဆွမ်းဆန်လောင်းလှူပွဲကျင်းပ

**ကျောက်မဲ ဒီဇင်ဘာ ၁၉**

ရှမ်းတောင်သူများ၏ ကောက်သစ် ရှမ်းဆွမ်းဆန်လောင်းလှူပွဲနှင့် ပျော်ပွဲရွှင်ပွဲ၊ ရှမ်းရိုးရာ ပဒေသာကပွဲများဖြင့် ကျောက်မဲမြို့နယ် ခဲမွန်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဝင်းတွင် ဒီဇင်ဘာ ၁၇ ရက် နံနက်ပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ ကောက်သစ်ရှမ်းဆွမ်းဆန်လောင်းလှူပွဲတွင် တံခွန်တိုင်၊ ချောင်းခြောက်၊ နားခေါ်၊ နားပုံနားပြိန်စသည့်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်း ၁၈ ရွာတို့မှ ရှမ်းတောင်သူမိသားစုများက ပေါ်ဦးပေါ်ဖျား ကောက်သစ်ရှမ်းဆန်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်း တန်ဖိုးငွေကျပ် သိန်း ၃၀ ကျော်ကို ဘုန်းတော်ကြီးကျောင်းပေါင်း ၃၀ တို့မှ ရဟန်း၊ သာမဏေ အပါး ၇၃၀ တို့အား လောင်းလှူပူဇော်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို ယင်းနေ့ နံနက် ၉ နာရီက ကျင်းပရာ ဆရာမာန်အောင်၊ ဆရာနော်ခမ်းဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ညပိုင်းတွင် ပျော်ပွဲရွှင်ပွဲ ပဒေသာကပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**မောင်မောင်(ကျောက်မဲ)**

# သုံးခွ-ရန်ကုန်မှန်လုံခရီးသည်တင်ယာဉ်ပေါ် ခါးပိုက်နှိုက်သတိပြု

လူတို့သည် မိမိတို့၏ စားဝတ်နေရေး၊ အခြား အကြောင်းကိစ္စအမျိုးမျိုးကြောင့် တစ်နေရာမှ တစ်နေရာသို့ မော်တော်ယာဉ်၊ ရထား၊ လေယာဉ်ပျံတို့ဖြင့် ခရီးသွားလာ လှုပ်ရှားနေကြသည်။ မော်တော်ယာဉ်၊ ရထားများပေါ်တွင် ခါးပိုက်နှိုက် ဖမ်းဆီးရမိမှုများကို သတင်းစာ၊ ဂျာနယ်များမှတစ်ဆင့် မကြာခဏ ကြားသိနေရသည်။ ဒီဇင်ဘာ ၅ ရက် နံနက် ၈ နာရီခွဲက သုံးခွ-ရန်ကုန် မှန်လုံခရီးသည်တင်ယာဉ်ပေါ်တွင် ငွေကျပ် ၁၉ သိန်းကို နှိုက်ယူဆင်းပြေးသူအား သန်လျင်(၆)လမ်းသွားလမ်းဆုံအနီးတွင် ဖမ်းဆီးရမိခဲ့ကြောင်း သတင်းစာတွင် ဖတ်ရှုခဲ့ရသည်။ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွ-ရန်ကုန် ခရီးသည်တင်ယာဉ်လိုင်းသည် သုံးခွမြို့မှ ရန်ကုန် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဇေယျာသို့ ပြေးဆွဲနေသော ယာဉ်လိုင်းဖြစ်သည်။ နိုဝင်ဘာ ၂၅ ရက်ကလည်း အမျိုးသားတစ်ဦး သုံးခွမှ ရန်ကုန်သို့ ဈေးဝယ်ရန် မှန်လုံယာဉ်ဖြင့်သွားခဲ့ရာ သန်လျင်တံတားအနီးတွင်ရှိသော ဂိတ်ဆိုင်တွင် နံနက် ၉ နာရီကျော်ခန့်က ဂိတ်စိုဝင်ဖြည့်သဖြင့် ကားပေါ်မှ ဆင်းခဲ့ရပြီး အခြားဂိတ်စိုဖြည့်ပြီး ပြန်ထွက်လာသော သုံးခွမှန်လုံယာဉ်ကို ပြောင်းစီးရာမှ ကားမှာ လူကျပ်သဖြင့် မိမိဘေးမှ အသားဖြူသူ အသက် ၃၀ နှစ်ခန့်ရှိ လူငယ်တစ်ဦး မိမိ၏ ဘေးလွယ်အိတ်ဖိထားသည်ကိုသိပြီး မိမိအိတ်ကို ကြည့်သော်လည်း ဓားခွဲရာလည်း မရှိ၊ ဇစ်လည်းမကွဲသဖြင့် အမှတ်တမဲ့နေခဲ့ကြောင်း၊ ၂၉ လမ်း ထမင်းဆိုင်ရောက်၍ အိတ်ကို ဖွင့်ကြည့်မှ ပိုက်ဆံသုံးသိန်း ခါးပိုက်နှိုက်ခံရတာ သိရသည်ဟု ဆိုသည်။ အလားတူ ဒီဇင်ဘာ ၆ ရက် ညနေပိုင်းကလည်း အမျိုးသမီးတစ်ဦး ရန်ကုန်မှ သုံးခွသို့ မှန်လုံယာဉ်ဖြင့်လာခဲ့ရာ သန်လျင်(၆)လမ်းသွားသို့အရောက်တွင် ကလေးငိုသဖြင့် နို့ဘူးတိုက်ခဲ့ကြောင်း၊ ထိုအချိန်က မိမိ၏ လက်စွပ်၊ နားကပ်၊ ဆွဲကြိုး စုစုပေါင်း တစ်ကျပ်ခွဲသားခန့်နှင့် ငွေကျပ် ၂၀၀၀၀ ကျော်ကို ကြွပ်ကြွပ်အိတ်အမည်းဖြင့်ထုပ်ပြီး ပိုက်ဆံအိတ်ထဲထည့်၍ လက်ဆွဲခြင်း၏ အောက်ခြေတွင်ထားခဲ့ရာ ရှိနေသေးကြောင်း၊ သုံးခွအိမ်ရောက်မှ မိမိ ပိုက်ဆံအိတ် မရှိတော့ကြောင်း၊ အဆိုပါအမှုများကို သက်ဆိုင်ရာသို့ တိုင်ကြားခြင်းမရှိကြောင်း၊ ရှေ့နေတစ်ဦးကို မေးမြန်းကြည့်ရာ ခါးပိုက်နှိုက်ခံရလျှင် သက်ဆိုင်ရာရဲစခန်းကို ချက်ချင်းအကြောင်းကြားသင့်ကြောင်း၊ သို့မှသာ သက်ဆိုင်ရာရဲစခန်းက စုံစမ်းစစ်ဆေး၍ ဖမ်းဆီးအရေးယူမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ အချို့က ရှက်၍ ကြောက်၍ ဂုဏ်သိက္ခာကျမည်စိုး၍ အချိန်ကုန် အလုပ်ရှုပ်၍ မည်သို့ တိုင်ကြားရမည်ကို မသိရှိခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် မတိုင်ကြားခြင်းသည် လူမိုက်အားပေးရာ ရောက်ပြီး ပိုမိုအတင့်ရဲလာစေကြောင်း သိရသည်။ ယခုအခါ ရဲစခန်းများတွင် ပြည်သူ့ဆန္ဒ ဝန်ဆောင်မှုပေးရေးအဖွဲ့များ ထားရှိပေးထားသဖြင့် ဆွေးနွေးတိုင်ပင်သင့်ကြောင်း ရှေ့နေတစ်ဦး၏ပြောကြားချက်အရ သိရသည်။ ခါးပိုက်နှိုက် အလစ်သုတ်ခံရခြင်းသည် အနှိုက်ခံရသူက သတိမရှိ၍လော၊ နှိုက်သူက ဥပဒေကိုမကြောက်၍လော စဉ်းစားစရာဖြစ်နေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကိုကျော်(သုံးခွ)**

# အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကျင်းပ

**ငဖဲ ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့၌ (၆၁)ကြိမ်မြောက် အဘိဓမ္မာ(ရိုးရိုး) စာမေးပွဲကို ဒီဇင်ဘာ ၁၃ ရက် မွန်းတည့် ၁၂ နာရီက ငဖဲမြို့မရပ်ကွက် မြို့မ မင်္ဂလာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

အဘိဓမ္မာ(ရိုးရိုး)စာမေးပွဲကို ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် အဆင့်သုံးဆင့်ခွဲ၍ စာဖြေဆိုသူများအား နာယကဆရာတော်ကြီးများနှင့် ကြီးကြပ်ရေးအဖွဲ့တို့က ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေး

**နောင်ချို ဒီဇင်ဘာ ၁၉**

နောင်ချိုမြို့နယ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သည့် ပူးပေါင်းအဖွဲ့တို့သည် ယာဉ်ထိန်းများ လိုက်ပါလျက် ဒီဇင်ဘာ ၁၈ ရက် ညပိုင်းက မြို့တွင်းကားလမ်းဆုံ မန္တလေး/လားရှိုးကားလမ်းတို့တွင် ညအချိန် ဆိုင်ကယ်များ အိပ်ဇောဖြုတ်မောင်းနှင်ခြင်း၊ အသံကျယ်လောင်စွာ မောင်းနှင်ခြင်း၊ အရက်မူးယစ်သောက်စားမောင်းနှင်ခြင်း၊ မီးမပါဘဲ မောင်းနှင်ခြင်း၊ လူနှစ်ဦးအထက် တင်ဆောင်မောင်းနှင်ခြင်း၊ အသက်မပြည့်သော ကလေးသူငယ်များ စီးနင်းမောင်းနှင်ခြင်းများကို စစ်ဆေးအရေးယူ ဆောင်ရွက်ကြသည်။

ညအချိန် ရှောင်တခင်စစ်ဆေးကြခြင်းမှာ နောင်ချိုမြို့နယ်အနေဖြင့် ဆိုင်ကယ်များ စည်းကမ်းမဲ့မောင်းနှင်ခြင်းကြောင့် ဒဏ်ရာရသေဆုံးမှုများ ဖြစ်ပေါ်နေသောကြောင့် ဖြစ်သည်။ ဒေသခံပြည်သူများကလည်း ယခုကဲ့သို့ ရှောင်တခင်စစ်ဆေးမှုများ လိုအပ်လျက်ရှိကြောင်း ပြောဆိုကြသည်ကို ကြားသိရသည်။

**(ဝဖြ)**

# သရက်အကျဉ်းထောင်၌ အကျဉ်းကျအဆောင်များ ကြည့်ရှုစစ်ဆေး

**သရက် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်လွင်သည် မကွေးတိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးကျော်တင်၊ သရက်ခရိုင်တရားသူကြီး ဒေါ်အေးအေးသန်းနှင့် သရက်မြို့နယ် တရားသူကြီး ဒေါ်ခင်အေးသစ်တို့နှင့်အတူ ဒီဇင်ဘာ ၁၇ ရက်က သရက်အကျဉ်းထောင်နှင့် သရက်မြို့မရဲစခန်းရှိအချုပ်ခန်းတို့ကို လိုက်လံစစ်ဆေးခဲ့ကြသည်။

ရှေးဦးစွာ အကျဉ်းထောင်အရာရှိရုံးခန်း၌ ထောင်မှူး ဦးသန်းဌေးက သရက်အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ကျခံနေရသူများ၏ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေးတို့အတွက် ဆောင်ရွက်ပေးနေမှုကို ရှင်းလင်းတင်ပြပြီး မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့က သရက်အကျဉ်းထောင်ရှိ ပြစ်ဒဏ်ကျခံရသူများနှင့် အချုပ်သားများ၏ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရရှိမှု ရှိ မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်နေမှုများ ရှိ မရှိ၊ အမှုများစစ်ဆေးရာတွင် ကြန့်ကြာမှုရှိ မရှိ စသည်တို့ကို ပြစ်ဒဏ်ကျခံရသူများ၊ အချုပ်သားများနှင့် တွေ့ဆုံမေးမြန်းကာ အဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**


## မြို့နယ်သတင်းထောက်များနှင့်စာမူပေးပို့သူများသို့ ပန်ကြားချက်

မြန်မာ့အလင်းသတင်းစာသို့ အနယ်နယ်အရပ်ရပ်မှ မြို့နယ်သတင်းထောက်များနှင့် အလွတ်သတင်းထောက်များသည် ပြည်သူ့အကျိုးပြုနှင့် ထူးခြားသတင်းဖြစ်စဉ်များအား ပေးပို့ကြရာတွင် မိမိတို့ကိုယ်တိုင်ရေးသားကြောင်းနှင့် အခြားမည်သည့်သတင်းဌာနကိုမျှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ မြန်မာ့အလင်းသတင်းစာတိုက် အီးမေးလ်လိပ်စာ mmalin.npt @gmail. com နှင့် ဖက်စ်နံပါတ် ၀၆၇-၃၆၁၀၄၆ တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါကြောင်း။

**စာတည်းအဖွဲ့**



**အမည်ပြောင်း**

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ မင်းကန်ကျေးရွာနေ ဦးခင်သောင်း၏သား မောင်ညီညီနိုင်အား မောင်နေမင်းဦးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်နေမင်းဦး**

**ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဂ/၉၃၅၅၊ LAND ROVER, Station Wagon ယာဉ်လက်ဝယ်ရှိသူ အရှင်ပညာဇောတ ၁၂/ဗဟန(သ) ၀၀၀၃၈၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ ယုဇနပလာဇာ၊ စပယ်လမ်း၊ တိုက်အမှတ်(၉)၊ အခန်းအမှတ်(၂၀၇)၊ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာ အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ငြိမ်းခိုင်အေး ၆/မအရ(နိုင်) ၀၀၀၁၀၅ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုးငွေ၏စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း LL.B,D.B.L အထက်တန်းရှေ့နေ**
**အမှတ်(၈၃)၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**Fax-၀၁-၉၆၆၉၀၀၄၊ ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၉-၅၁၅၁၈၃၃**

## မင်္ဂလာညှော်ပွဲကျေးဇူးတင်လွှာ

၁၅-၁၂-၂၀၁၃ရက်တွင် Chatrium Hotel (Grand Ballroom)၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်မြင့်စိုး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ခင်နှင်းတို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးကြပါသော ဦးဝင်းကို (အဖွဲ့ဝင် ပြည်ထောင်စုရွေးကောက်ပွဲကျင်းပရေးကော်မရှင်)နှင့်ဇနီး ဒေါ်ခင်သန်းလှ တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ဗိုလ်ချုပ်စိုးသိန်း (ကာကွယ်ရေးဦးစီးချုပ်ရုံး-ကြည်း)၏ဇနီး ဒေါ်မော်မော်သန်း၊ ဗိုလ်မှူးချုပ်ကိုကိုလွင် (ကာကွယ်ရေးပစ္စည်းထုတ်လုပ်မှု အရာရှိချုပ်ရုံး)၏ဇနီး ဒေါ်မိုးမိုးလွင်၊ ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)နှင့်ဇနီး ဒေါ်စိန်စိန် တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲဖြန့်ပေးပါသော မဆုဝေနိုင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် မောင်အောင်ရဲလင်းတို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံနှင့် သတို့သမီးအရံအဖြစ် ကူညီပေးပါသော မောင်ဖြိုးသက်ခိုင်နှင့် မနှင်းအေးလွင်တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံ Yes I Do၊ ဆံပင်နှင့်မိတ်ကပ်အလှဆင်ပေးပါသော မထက် (Pop Seoul) နှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော တေးသံရှင်ဟေမာနေဝင်းနှင့် မင်္ဂလာတေးသံသာများအဖြစ် ဖျော်ဖြေပေးပါသော (Spectrum Music Band) နှင့်အဖွဲ့အားလည်းကောင်း၊ Pre-wedding Photo ဓာတ်ပုံနှင့်ဗီဒီယို မှတ်တမ်းရိုက်ကူးပေးကြပါသော Yes I Do အဖွဲ့သားများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲပြီးမြောက်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ Chatrium Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ အခြားကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ဖြိုးရဲလင်း-မသီရိဝင့်**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

မြန်မာနိုင်ငံရှိ အမှတ် ၈၂၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး No.82, Myamarlar Street, Industrial Zone, Tharketa Township, Yangon, Myanmar ၌ တည်ထောင်ထားသော Myanmar Makro Industry Co.,Ltd. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းပိုင်ရှင်ဖြစ်ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

MAEJIN

(မှတ်ပုံတင်အမှတ် ၄/၁၃၀၂၅/၂၀၁၃)

အထက်ပါ ကုန်အမှတ်တံဆိပ်ကို ငရုတ်ဆီနှင့် ခရမ်းချဉ်သီးဆော့အမျိုးမျိုး၊ ဟင်းချက်အနှစ်အမျိုးမျိုး၊ ဟင်းသီးဟင်းရွက်ဆားရေစိမ်ချဉ်ဖတ်အမျိုးမျိုးနှင့် သစ်သီးဘူးအမျိုးမျိုး၊ စားသောက်ကုန်အမျိုးမျိုး အပြည်ပြည်ဆိုင်ရာကုန်ပစ္စည်းအမျိုးအစားအမှတ် ၂၉-၃၀ (Dipping Sauce, Curry Sauce, Pickled Vegetables and Fruits Minced-All goods in Int'l Class 29 and 30) တို့တွင် အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကိုရိုက်နှိပ်၍လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်ကို ပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲ ဆင်တူယိုးမှားအတုပြုလုပ်ခြင်း(သို့မဟုတ်) အသုံးပြုခြင်းများပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**Myanmar Makro Industry Co.,Ltd. ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းဝင်း(စဉ်-၂၃၅၈၂) အထက်တန်းရှေ့နေ**
**U KYI WIN Associates**
**စာတိုက်သေတ္တာအမှတ် ၂၆၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၂၄၁၆**

ကြော်ငြာ

အားကစားသမားများထားရှိရမည့်
အနိုင်မခံအရှုံးမပေးစိတ်ဓာတ်
နှင့်
မြန်မာတို့၏ဇွဲမာန်ကိုဖော်ညွှန်းပြသခဲ့သော

**မြန်မာအမျိုးသမီးဘောလုံးအသင်းအား**

ရင်ထဲမှ လိုက်လှဲစွာ အထူး လေးစားစွာ

ဂုဏ်ယူပါသည် . . .
ဂုဏ်ပြုပါသည် . . .

ဆက်လက်ကြိုးပမ်းပါရန် အားပေးပါသည်။

ကျွန်တော် / ကျွန်မတို့အားလုံး မြန်မာ အမျိုးသမီးဘောလုံးအသင်း၏
စိတ်ဓာတ်အား နမူနာယူကြပါစို့ . . .

**အားကစားသမားများ**
**မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်**

**အားကစားသမားများ**
**မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်**

## ဌာနဆိုင်ရာကြေညာချက်နှင့် ကြော်ငြာ

# ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

**ပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ **စလင်းမြို့နယ်များအတွင်း ဧရာဝတီမြစ်ကမ်းပါးရှိ ကျေးရွာများဖြစ်သော ရေပေါ်ကျွန်း၊ ဘိုကုန်း၊ ကြူတော၊ အချင်းပြစ်၊ ရေလယ်ရွာသစ်၊ ရေလယ်ရွာမ၊ ဆင်းမကျွန်းကျောက်ရဲ၊ သနပ်ကုန်း၊ကြည်ကုန်း၊ မရိုးကုန်းစသည့် ရွာများတွင် ကမ်းပါးပြို၍ နေအိမ်များပြောင်းရွှေ့ရခြင်း စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း ကျေးလက်ကျန်းမာရေးဌာနများပါ ပြောင်းရွှေ့နေရပါသဖြင့် ဆောင်ရွက်ပေးပါရန် ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** ဧရာဝတီမြစ်ရေလမ်း ကောင်းမွန်ရေးအတွက် ရေးဆွဲထားသောပင်မစီမံချက်ပါကြောင်း၊ ပင်မစီမံချက်ပါ စလေ-ပခန်းငယ်ရေလမ်းအတွင်းရှိ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း သဲအိတ်ခင်းမျောရေကာအလျားမီတာ ၁၅၀ နှစ်ခုဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ဆင်မကျေးရွာအုပ်စုအပါအဝင် ကျေးရွာအုပ်စု (၄)ခု ကမ်းပြိုကာကွယ်ရေးအတွက် နိုင်ငံတော်သမ္မတရုံးအထူး ရန်ပုံငွေတင်ပြထားပါကြောင်း၊ ရန်ပုံငွေရရှိပါက အလျားပေ ၅၀၀ ရှိ သစ်ကိုင်းဖြည့်မျောရေကာ ခုနစ်ခုဖြင့် ကာကွယ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန်လျာထားသည့် ဆင်ဖြူကျွန်း-သနပ်ကုန်းရေလမ်းကောင်းမွန်ရေးလုပ်ငန်း မျောကျောက်ဖြည့်ရေကာ ၂၅၄ မီတာ၊ စလေ-ပခန်းငယ် ရေလမ်းကောင်းမွန်ရေးလုပ်ငန်း၊ သဲအိတ်ခံကျောက်စီရေကာ ၂၄၅ မီတာရှိ စီမံချက်လုပ်ငန်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စီမံချက်ပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက ရေလမ်းကောင်းမွန်ပါက ကမ်းပြိုမှုပါတစ်ပါတည်း သက်သာမှာဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၂။ **ဧရာဝတီမြစ်အတွင်း နှစ်စဉ်ရေလမ်းကြောင်း ပြောင်းလဲပြီး ကမ်းပြိုမှုနှစ်စဉ်ဖြစ်ပေါ်နေကြောင်း၊ မင်းဘူး(စကု)မြို့နယ်၊ နိဗ္ဗာန်ကျွန်းရွာကမ်းပြိုမှုကြောင့် စိုက်ပျိုးမြေဆုံးရှုံး၍ ပြည်သူများအခက်အခဲဖြစ်နေပါသဖြင့် ဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** နိဗ္ဗာန်ကျွန်းရွာ ကမ်းပြိုကာကွယ်ရေးအတွက် ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း အရေးပေါ် ကမ်းပြိုကာကွယ်ရေးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်သမ္မတရုံးထံ အထူးရန်ပုံငွေတင်ပြထားပါကြောင်း၊ ရန်ပုံငွေရရှိပါက အလျားမီတာ၃၀၀နှင့် မီတာ၂၀၀ ရှိ သဲအိတ်ခင်းမျောရေကာနှစ်ခု တည်ဆောက်ကာကွယ်ပေးမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ **ဆိပ်ဖြူ-ဆင်ဖြူကျွန်းရထားလမ်းပိုင်း၊ ချင်းတောင်ဘူတာနှင့်တညောင်ဘူတာကြားမှာ မြေနုချောင်းတံတား၊ သရက်ဘက်ခြမ်းအစွန်းခံ နောက်ကျောရေစားလျက်ရှိပါသည်။ တညောင်ဘူတာနှင့် စည်ဆွဲဘူတာကြားတွင်လည်း ၁၀ ပေတံတားတစ်စင်း၊ နောက်ကျောတွင် ပေ ၄၀ခန့် တာပေါင် ပြတ်တောက်လျက်ရှိပြီး ခြောက်ပေတံတားတစ်စင်း၏ နောက်ကျောတွင် ၂၅ ပေခန့် တာပေါင်ပြတ်တောက်လျက်ရှိပါသဖြင့် ပြန်လည်ပြုပြင်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း မကွေးတိုင်းဒေသကြီးအတွင်းမှာ မိုးများပြီး ရထားလမ်း တာပေါင်ရေတိုက်စားခြင်း၊ တာပေါင်ပြိုခြင်းများကြောင့် ရထားသွားလာမှုများ ရပ်ဆိုင်းပြတ်တောက်မှုများဖြစ်ခဲ့သည့်အတွက် ရထားပြေးဆွဲလျက်ရှိသည့် သရက်-မင်းဘူးလမ်းပိုင်းနှင့် သရက်-ဥသျှစ်လမ်းပိုင်းများ အလျင်အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး နေ့၊ ညဆောင်ရွက်ခဲ့ပါသည်။ မေးမြန်းချက်ပါ တံတားများတည်ရှိရာ ဆင်ဖြူကျွန်း-ဆိပ်ဖြူလမ်းပိုင်းမှာ စီးပွားရေးအရတွက်ခြေမကိုက်သည့်အတွက် RBE ရထားများ ပြေးဆွဲခြင်းကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ စတင်ရပ်ဆိုင်းထားပါသည်။ သို့သော်လည်း ရေစားထားသော အဆိုပါနေရာများကို အလျင်အမြန်ပြန်လည်ပြုပြင်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **သရက်-မင်းလှလမ်းပိုင်းတွင် တာပေါင်ရေစား၍ ရထားစီးခရီးသည်များ အန္တရာယ်ဖြစ်စေနိုင်သော နေရာနှစ်နေရာ၊ သုံးနေရာခန့်ရှိပါသဖြင့် ပြန်လည်ပြုပြင်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ရထားများပြေးဆွဲခုတ်မောင်းရာတွင် ခရီးသည်အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် သံလမ်းမိုင် လေးမိုင်တွင် လမ်းလျှောက်လုပ်သားတစ်ဦးခန့်ထား၍ လမ်းပိုင်းစစ်ဆေးရန် ဆောင်ရွက်လျက်ရှိပါသည်။ ရထားမလာမီ လမ်းလျှောက်လုပ်သားမှ လမ်းပိုင်းအား စစ်ဆေး၍ နီးစပ်ရာဘူတာနှင့် တာဝန်ရှိသူများထံ သတင်းပို့စေခြင်း၊ မိုးရွာသွန်းသောနေ့များတွင် တာဝန်ရှိသူ လမ်းဗိုလ်များမှ ရထားနှင့် PILOT လိုက်ပါ၍ ရထားအား ဦးဆောင်ခေါ်ယူခြင်းစသည်ဖြင့် ခရီးသည်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးဆောင်ရွက်ပေးလျက်ရှိပါသည်။ မကြာမီ မြန်မာ့မီးရထားရုံးချုပ်မှ စီစဉ်ပေးသော Back Hoe ရောက်ရှိလာမည်ဖြစ်၍ အဆိုပါအန္တရာယ်ရှိသော နေရာများကို ပြန်လည်ပြုပြင်သွားပါမည်။ ဒုတိယဝန်ကြီးမှ လမ်းညွှန်ချက်အရ မြန်မာ့မီးရထား Back Hoe အား စောင့်ဆိုင်း၍ လုပ်ကိုင်ပါက အချိန်ကြာမြင့်သွားနိုင်ပါသဖြင့် မြေသားတာပေါင်ပြုပြင်မည့် အနီးပတ်ဝန်းကျင်ရှိ အခြားဌာနဆိုင်ရာ Back Hoe တစ်စီးငှားရမ်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ **စစ်အောင်ကျေးရွာတွင် CDMA-450 MHz စနစ် ဆက်သွယ်မှုကောင်းမွန်စေရေးဆောင်ရွက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** စစ်အောင်ကျေးရွာသည် အောင်လံမြို့မှ မြောက်ဘက်ငါးမိုင်ခန့်ကွာဝေးပြီး မြေနိမ့်ပိုင်းတွင် တည်ရှိသည့်အတွက် ရေဒီယိုလှိုင်းအားနည်းခြင်း ဖြစ်ပေါ်နိုင်ပါသည်။ ၎င်းဘက်သို့ ထိုးထားသည့်အင်တင်နာပိုင်းနှင့် ရေဒီယိုပိုင်းဆိုင်ရာ စက်မှုအချက်အလက်များကို ကွင်းဆင်းစစ်ဆေး၍ အကောင်းဆုံးဖြစ်အောင် အမြန်ဆုံးချိန်ညှိဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **မင်းတုန်းအိတ်ချိန်းရှိ ချွတ်ယွင်းလျက်ရှိသော Trunk Card တစ်ကတ်အစားပြန်လည်ရရှိရေးနှင့် ကျောက်တိုင်၊ မယ်ဇလီ၊ အလယ်ချောင်းကျေးရွာများတွင် ရေဒီယိုစခန်းတစ်ခုစီ တပ်ဆင်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** ချွတ်ယွင်းသော Trunk Card အား အစားထိုးပြန်လည်ရရှိနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကျေးရွာများတွင် ရေဒီယိုစခန်းများတပ်ဆင်ရန် မူလလျာထားချက်တွင် ပါဝင်ခြင်းမရှိသော်လည်း မြေနေရာရရှိမှုအပေါ်မူတည်၍ အနီးစပ်ဆုံးစီမံကိန်းတွင် ဆောင်ရွက်နိုင်ရေးစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပတ်သက်၍ မေးမြန်းမှုအပေါ် ဆောင်ရွက်မှုအခြေအနေများ**

၁။ **တောင်တွင်းကြီးနှင့် သစ်ရာကောက်အပိုင်းအား တိုးတက်ပြုပြင်ပေးပါရန်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းချက်အပေါ်** BOT စနစ်ဖြင့် ဆောင်ရွက်နေသော Max Myanmar ကုမ္ပဏီအနေဖြင့် ၎င်းတောင်တွင်းကြီးနှင့် သစ်ရာကောက် လမ်းမိုင် ၂၀ အတွင်း ၁၈ ပေချဲ့ရန် ကျန်ရှိနေသော ရှစ်မိုင်အား ယခုဘဏ္ဍာရေးနှစ်အပြီး တိုးချဲ့ခင်းသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၂။ **စလင်း-စေတုတ္တရာလမ်းတာပေါင် ပေ ၄၀ ရရှိစေရန် ဆောင်ရွက်ခြင်း ကျောက်ချောအဖြစ်မှ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးပါရန်နှင့် လက်ပံကျင်းချောင်း ပေ ၆၀၀ အား ကွန်ကရစ်ရေကျော် တည်ဆောက်ပေးပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** စလင်း-စေတုတ္တရာလမ်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး လက်ပံကျင်း ရေကျော် ပေ ၆၀၀အား ကွင်းဆင်းစစ်ဆေးပြီး ဆောင်ရွက်သွားပါမည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်း ၁၂ မိုင် ၄ ဖာလုံ ဆောင်ရွက်ပေးသွားပါမည်။ ကွန်ကရစ်ရေပြွန်ငါးစင်း တည်ဆောက်ပေးသွားပါမည်။ ကျောက်ချောလမ်းငါးမိုင် နှစ်ဖာလုံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

၃။ **မိုင်(၃၈/၅)ရှိ တံတားအမှတ် (၂/၃၉) သီပေါတံတား အရှည် ပေ ၉၀ အား ကွန်ကရစ်တံတား တည်ဆောက်ပေးပါရန် မေးမြန်းချက်နှင့် ပတ်သက်၍** နှစ်စဉ်တံတားကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ပြီး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်သည်နှင့် တစ်ပြိုင်တည်း တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါသည်။

**ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ**

## မြန်မာ-ထိုင်း နှစ်နိုင်ငံ BCATIP စည်းဝေး

**တာချီလိတ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ စတုတ္ထအကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံ BCATIP အစည်းအဝေးကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ ဟောင်လိတ်အုပ်စု လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ရုံးခန်းမ၌ ကျင်းပရာ မြန်မာဘက်မှလူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဆက်ဆံရေးရုံးဥက္ကဋ္ဌ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းထွန်း ဦးဆောင်သည့်အဖွဲ့ဝင် ၁၉ ဦး၊ ထိုင်းနိုင်ငံဘက်မှ Mr. Preedar Kumarmar (Boss of social Development and Human security Office of Chiangrai ) ဦးဆောင်သည့်အဖွဲ့ဝင် ၂၀ တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)**

**ဆွေးနွေး**

ရှေးဦးစွာ အစည်းအဝေးတွင် မြန်မာ-ထိုင်းနှစ်ဖက်ကိုယ်စားလှယ်များက အမှာစကားပြောကြားပြီးနောက် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီးက မြန်မာ-ထိုင်းလူကုန်ကူးမှုအခြေအနေ၊ နှစ်နိုင်ငံဆက်ဆံရေး BCATIP များ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံသတင်းများ ဖလှယ်ရေး၊ လူကုန်ကူးပွဲစားများ ဖမ်းဆီးရမိရေးနှင့် တားဆီးနှိမ်နင်းရေးအဖွဲ့များအကြား အပြန်အလှန်အထောက်အကူပြုရေး၊ အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ဆောင်ရွက်နိုင်ရေးကို ဆွေးနွေးခဲ့ပြီးနောက် ထိုင်းကိုယ်စားလှယ်ဘက်မှ အလားတူ ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

**ရိုက်ကူး**

တက်ရောက်လာကြသည့် နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့များမှ အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ပြီး အပြန်အလှန်လက်ဆောင်များ ပေးအပ်ခြင်းနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**




## ဆပ်ပြာစက်ရုံခွဲ(မကွေး)အား ငှားရမ်းရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ဆပ်ပြာစက်ရုံခွဲ(မကွေး)အား လက်ရှိလုပ်ငန်းအပြင် အခြားစက်မှုလုပ်ငန်းများပါဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၁၆-၁၂-၂၀၁၃ ရက် (တနင်္လာနေ့) - နံနက် ၉:၀၀ နာရီ

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၀-၁-၂၀၁၄ ရက် (သောကြာနေ့) ညနေ ၄:၀၀နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ် ၃၇၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ စည်းကမ်းချက်များနှင်တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက စုံစမ်းနိုင်ပါသည်။

**ပစ္စည်းစီမံရေးဌာန**
**ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း(ရုံးချုပ်)**
**စက်မှုဝန်ကြီးဌာန**
**ရုံးအမှတ် ၃၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား CIF (Yangon) နိုင်ငံခြားငွေ (USD) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | တင်ဒါအမှတ် |
|---|---|---|---|
| (က) | Component Parts for Double Cab (Grand Tiger) (BQ 2023 Q1) | 1 Lot | 05/No(1)HIE/ 2013-2014/CP |

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များအား ၂၃-၁၂-၂၀၁၃ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါများနောက်ဆုံးတင်သွင်းရမည့်ရက်မှာ ၆-၁-၂၀၁၄ ရက် ၁၆:၀၀နာရီ ဖြစ်ပါသည်။

**ပစ္စည်းစီမံရေးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း**
**စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၀၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၀၅၃၊ ၀၆၇-၄၀၅၀၅၄**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းအား ပယ်ဖျက်ခြင်း)

၅-၁၂-၂၀၁၃ရက်မှ ၁၁-၁၂-၂၀၁၃ရက်အထိ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာပါ တင်ဒါ- No.22/23 HPGE/2013-2014

(ဂ) Single Cab (Ford Brand) (5)Nos နှင့်

(ဃ) SUVs (Ford Brand) (1)No သည် မှားယွင်းဖော်ပြခဲ့ခြင်းဖြစ်၍ အဆိုပါတင်ဒါအား ပယ်ဖျက်ပါကြောင်း ကြေညာအပ်ပါသည်။

**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၆၈ နှင့် ၄၁၁၀၇၆**

## Pretty Paragon Textile Co.,Ltd.
### ပြည်တွင်း၌သာခန့်ထားရန်

| | | | |
|---|---|---|---|
| အမှတ်စဉ်(၁) | Sales & Marketing Manager (Assistant) | | ကျား/မ (၂)ဦး |
| အမှတ်စဉ်(၂) | အရောင်းကြီးကြပ် | (ဘွဲ့ရ) | ကျား/မ (၂)ဦး |
| အမှတ်စဉ်(၃) | Marketing Executive | (ဘွဲ့ရ) | ကျား/မ (၄)ဦး |

အမှတ်စဉ်အားလုံးအတွက် ဘွဲ့ရဖြစ်ပြီး အသက်(၂၅မှ ၃၅)နှစ်ကြားဖြစ်၍ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်နှင့်အထက် ဖြစ်ရမည်။

စိတ်ပါဝင်စားသူများသည် ကျန်းမာရေးကောင်းမွန်ပြီး လိုအပ်သောစာရွက်စာတမ်းနှင့်အတူ အမှတ်(၉၈)၊(E)ရုံး၊ပထမထပ်ဈေးချို၊မန္တလေးမြို့၊ အမှတ်(၁၈)၊ ၁၄လမ်းနှင့် ၈၀-၈၁လမ်းကြား၊မန္တလေးမြို့၊ ဖုန်း-၀၂-၂၃၉၅၇ သို့ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

## ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၂)ရပ်ကွက်၊ နေပြည်တော်လမ်း၊ စွန်သိုက်ရပ်နေ ရွှေမေတ္တာဇာတ်ပိုင် (အဘိုး) ဦးတင်မောင်၊ ဦးကျော်ရွှေ-ဒေါ်လှရှင်တို့၏သား

**မောင်လှကျော်မင်း** နှင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကျော်ဇေယျာရွာနေ ဦးသိန်းငွေ-ဒေါ်နီတို့၏သမီး

**မမဥ္ဇူသင်း**

တို့သည် ၁၅-၇-၂၀၁၂ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့မှောက်၌ ဓမ္မစပ်ကြောင်းလမ်းပြီးဖြစ်ပါကြောင်း။

**မောင်လှကျော်မင်း-မမဥ္ဇူသင်း**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၉ယ/၂၆၀၃၁ Honda Wave 125 i ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြိုင်အေးက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ မြဝတီမြို့**

## အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်ုပ် ဦးကြည်ဝင်း ၉/မထလ(နိုင်)၀၃၆၃၃၇သည် ညီအရင်းဖြစ်သူ ဦးစိန်တိုး၏သမီး မမြသက်ခိုင် ၉/ညဥန(နိုင်)၀၁၃၅၄၆ အား ၁၂-၁၂-၂၀၁၃ရက်မှစ၍ အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ်မှအပြီးအပိုင် စွန့်လွှတ်ပြီးဖြစ်ပါကြောင်း အများပြည်သူများသိစေအပ်ပါသည်။ **ဦးကြည်ဝင်း**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မိသားစုတစ်ပိုင်တစ်နိုင် အုန်းတံမြက်စည်းလုပ်ငန်း



ဘုရားကျောင်းကန်စေတီပုထိုးနှင့်ဘုန်းကြီးကျောင်းဝင်းများမှ အစ နေအိမ်ဝင်းအတွင်း သန့်ရှင်းရေးပြုလုပ်ရာ၌မြန်မာ့အုန်းတံမြက်စည်းကြမ်းများမှာ မပါမဖြစ်သန့်ရှင်းရေးပစ္စည်းတစ်ခုဖြစ်သည်။ ထို့ကြောင့် စဉ့်ကိုင်မြို့နယ် ဖလံဗိုလ်ရွာကြီးမှ အောင်မြင်အလုပ်ဖြစ်နေသော မိသားစုတစ်ပိုင်တစ်နိုင် အုန်းတံမြက်စည်းလုပ်ငန်းကို သွားရောက်လေ့လာစေ့ငုတင်ပြအပ်ပါသည်။

အုန်းတံမြက်စည်းတစ်ချောင်းတွင် အဓိကပါဝင်ပစ္စည်းများမှာ အုန်းရွက်မှရသော အုန်းဆံချောင်း ၄၀၀ ခန့်၊ အရှည် သုံးတောင်ခန့် မြင်ဝါးတစ်ချောင်း၊ လက်ပံသား၊ လဲမှို့သား၊ သစ်သားဖြင့်ပြုလုပ်ထားသော လေးထောင့်မကျတကျ အသားဝိုင်းတစ်ခု၊ အသား သို့မဟုတ် ဝါးဖြင့်ပြုလုပ်ထားသော သပ်နှစ်ချောင်း၊ အုန်းဆံချောင်းများတွဲသီရန်ကြိမ်ကြိုး သို့မဟုတ် ကြွပ်ကြွပ်ကြိုး စသည်ဖြင့် ပစ္စည်းငါးမျိုးပါဝင်သည်။

ပထမဦးစွာ အရှည် သုံးတောင်ခန့်ရှိသော မြင်ဝါးအရှေ့ပိုင်းကို လေးထောင့်မကျတကျပုံစံရအောင် ဓားဖြင့်ချွန်ရသည်။ လက်ကိုင်အဖြစ်အသုံးပြုမည့်ဘက်တွင်ချွန်ရန်မလိုပါ။ ချွန်ပြီးပါက အသင့်အပေါက်ဖောက်ပြီးဖြစ်သော သုံးလက်မပတ်လည် ဂျပ်ပြားဝိုင်းကိုကျပ်နေအောင်စွပ်၍ဂျပ်ပြားဝိုင်း၏ ရှေ့မြင်ဝါးအရိုးပေါ်တွင် လွန်ပူဖြင့်အပေါက်ဖောက်ကာ ဂျပ်ပြားဝိုင်းအထက် အောက်မရွေ့စေရန် အသင့်ပြုလုပ်ထားသောသပ်ချောင်းငယ်ဖြင့် သပ်ပင်းပေးရသည်။

ဤအဆင့်အထိပြီးစီးပါက တံမြက်စည်းရိုးပြုလုပ်မှုအပိုင်းပြီးစီးပြီဖြစ်သည်။ ဆက်လက်၍ အုန်းဆံချောင်းများကို ကြိမ်ကြိုး သို့မဟုတ် ကြွပ်ကြွပ်ကြိုးဖြင့်ရက်လုပ်၍တွဲသီရသည်။ တွဲသီပြီးသော အုန်းဆံတွဲကိုဂျပ်ပြားဝိုင်းအား ပတ်ခွေ၍ထိပ်နှစ်ဖက်ဆက်မိအောင်ပတ်၍ တင်းကျပ်စွာတုပ်နှောင်ရသည်။ ထိုသို့တင်းကျပ်စွာတုပ်နှောင်းပြီးပါက အုန်းဆံခွေကျွတ်မထွက်စေရန်အတွက် အရိုးကိုအပေါက်ဖောက်၍ အပေါ်မှ သပ်တစ်ချောင်းပင်းပေးရသည်။ ထိုသပ်ပင်းသော အပေါက်ကိုလက်ကိုင်ရိုး အပေါက်ဖောက်စဉ်ကတည်းက အောက်ပေါက်နှင့်တစ်လက်မအကွာတွင် ချိန်သားကိုက် ကြိုတင်ဖောက်ထားခြင်းဖြစ်၍ ရက်လုပ်ထားသော အုန်းဆံချောင်းများကို ခွေပတ်တုပ်နှောင်ပြီးသည်နှင့်ငြိမ်အောင်သပ်ရိုက်သွင်းပေးလိုက်ရခြင်းဖြစ်သည်။ ဤသို့ဖြင့် မြန်မာ့ရိုးရာ အုန်းတံမြက်စည်းတစ်ချောင်း ထုတ်လုပ်ပြီးစီးခဲ့သည်။

"ကျွန်တော်တို့ တံမြက်စည်းလုပ်တဲ့ အုန်းဆံချောင်းတွေနဲ့ မြင်ဝါးတွေကို နေပြည်တော်လယ်ဝေးဘက်မှ မှာယူတင်သွင်းရပါတယ်။ အုန်းဆံချောင်း ၁၀၀၀ ပါ အထုပ်တစ်ထုပ်ကို ငွေကျပ် ၁၂၀၀ နှုန်း၊ မြင်ဝါး ၁၀ ချောင်းပါတစ်စည်းလျှင် ငွေကျပ် ၂၂၀၀ နှုန်း၊ လက်ပံသားဂျပ်ပြားဝိုင်း တစ်ခုကို ငွေကျပ် ၆၀နှုန်းနဲ့ အရောက်ပို့ပေးပါတယ်။ အုန်းဆံတွေက ဒေသတွင်းမှာ အနည်းငယ်ထွက်ပါတယ်။ တံမြက်စည်းလုပ်ဖို့အတွက် တိုင်းဖြတ်ပြီးသား မြင်ဝါးတစ်ချောင်းကို ငွေကျပ် ၁၀၀နှုန်းလက်လီဝယ်ယူရပါတယ်။ တံမြက်စည်းတစ်ချောင်းထုတ်လုပ်မှုအတွက် ငွေကျပ် ၇၀၀ ဝန်းကျင်ရင်းနှီးရပါတယ်။ ကျွန်တော်တို့ဆီမှာ ဖောက်သည်ဈေး ငွေကျပ် ၉၀၀တန်၊ ငွေကျပ် ၁၂၀၀တန်နဲ့ ငွေကျပ် ၁၅၀၀ တန်ဆိုပြီး သုံးမျိုးသုံးစားထုတ်လုပ်ပါတယ်။ ကျွမ်းကျင်တဲ့အမျိုးသမီး လက်မှုပညာရှင်တစ်ဦးဟာ တစ်နေ့ကို တံမြက်စည်း ၁၀ ချောင်းနှုန်းလောက် ပျမ်းမျှပြီး ကြတဲ့အတွက် တစ်ဦးကို ၃၀၀၀၊ ၄၀၀၀ နှုန်းစီလောက်နေ့တွက် ကိုက်ကြပါတယ်။ လစာနှုန်းအနေနဲ့တွက်ရင် တစ်ဦးကို တစ်လ ငွေကျပ် ၁၀၀၀၀၀ ဝန်းကျင်လောက်ရရှိတဲ့အတွက် မိသားစုစားဝတ်နေရေး ပြေလည်ပါတယ်။ အဝေးကစက်ရုံအလုပ်ရုံတွေမှာ သွားလုပ်ဖို့မလိုဘဲ မိသားစုတစ်ပိုင် တစ်နိုင် အိမ်တွင်းစီးပွားရေးတစ်ရပ်အနေနဲ့ အိုးမကွာအိမ်မကွာ အလုပ်လုပ်လို့ရပါတယ်။ ကျွန်တော့်အိမ်မှာ မိသားစုအပါအဝင် အိမ်နီးချင်းမိန်းကလေး ရှစ်ဦးလောက် လုပ်ကိုင်နေကြတယ်။ တစ်နေ့ကို တံမြက်စည်းအချောင်းရေ ၈၀နဲ့ ၁၀၀ အကြား နေ့စဉ်ထုတ်လုပ်လျက်ရှိပါတယ်။ ကျွန်တော်တို့ထုတ်လုပ်ပြီး တံမြက်စည်းတွေကို ကျောက်ဆည်၊တံတားဦး၊ မန္တလေးမြို့များက လက်ကားကုန်သည်ကြီးတွေက သူ့ရက်ပတ်နဲ့သူ ထွက်သမျှအကုန်လာရောက်သိမ်းယူသွားပါတယ်။ သူတို့ကမှတစ်ဆင့် မြန်မာပြည်အရပ်ရပ်ကို ဆက်လက်တင်ပို့ရောင်းချကြတယ်လို့ သိရပါတယ်ခင်ဗျာ"ဟု ဖလံဗိုလ်ရွာကြီးမှ တံမြက်စည်းလုပ်ငန်းရှင် ကိုကျော်စိန်က ရှင်းလင်းပြောပြသည်။

**အောင်မင်း(စဉ့်ကိုင်)**

# ဦးလေးဖြစ်သူက လက်နှစ်ဖက်ကြိုးတုပ်ရိုက်နှက်ဆုံးမရာမှ ၁၂ နှစ် အရွယ်ကလေး သေဆုံးသွားရ

**ကျိုက်လတ် ဒီဇင်ဘာ ၁၉**

ကျိုက်လတ်မြို့နယ် ကွန်ပလိုင်းရွာသစ်ကျေးရွာအုပ်စု ငါးအိမ်တန်းကျေးရွာ၌ ဒီဇင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီက မချေမငံပြောဆိုဆက်ဆံသည့် တူဖြစ်သူကို ဦးလေးအရင်းက ဆုံးမရာမှ လက်လွန်ပြီးသေဆုံးသွားကြောင်းသိရသည်။

ဖြစ်ပွားပုံမှာ ဒီဇင်ဘာ ၈ရက် မွန်းလွဲ ၁ နာရီက ကျိုက်လတ်မြို့ နယ် ကွန်ပလိုင်းကျေးရွာသစ် ကျေးရွာအုပ်စု ငါးအိမ်တန်းကျေးရွာနေ ဦးသန့်ဇင်အောင်(၄၂နှစ်) တဲထဲတွင် သားဖြစ်သူ မောင်ဇွဲသန့်ထူး(ခ)ကံသာ(၁၂နှစ်)သည် ၎င်း၏ညီငယ် မောင်သက်ခိုင်ဖြိုးအား လူကြီးများအသိမပေးဘဲ ကျိုက်လတ်မြို့နယ် ဒေါပုံရွာသို့ ခေါ်ဆောင်သွားသဖြင့် လူကြီးများကစိတ်ပူပြီး လိုက်လံရှာဖွေခဲ့ရသည်။ ထို့ကြောင့် ဦးလေးတော်စပ်သူ သန်းစိုးမင်း(ခ)မင်းမင်း (၃၈နှစ်)က မောင်ဇွဲသန့်ထူး(ခ)ကံသာအား ပြောဆိုဆုံးမရာ မချေမငံပြန်ပြောခြင်းကြောင့် သန်းစိုးမင်း(ခ)မင်းမင်းက မောင်ဇွဲသန့်ထူး(ခ)ကံသာ၏ လက်နှစ်ဖက်ကိုကြိုးဖြင့်ချည်တုပ်၍ တုတ်ဖြင့်ရိုက်နှက်ဆုံးမမှုကြောင့် မောင်ဇွဲသန့်ထူး ခန္ဓာကိုယ်တွင် ညိုမည်းဖူးရောင်ဒဏ်ရာများရရှိပြီး သေဆုံးသွားသည်။

ထို့ကြောင့် ဖခင်ဖြစ်သူ၏ တိုင်တန်းချက်အရ ကျိုက်လတ်မြို့နယ် ရုံးထောင့်နယ်မြေ ရဲစခန်းက သန်းစိုးမင်း(ခ)မင်းမင်းအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**(ပုသိမ်-လှကြည်)**

# မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဆူဒိုအက်ဖီဒရင်းဆေးပြားများဖမ်းမိ

**တာချီလိတ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဒီဇင်ဘာ ၁၆ ရက် ညနေ ၅ နာရီ ၄၅ မိနစ်က ဆူဒိုအက်ဖီဒရင်းအဖြူရောင်ဆေးပြား ၁၇၅ ပြား ဖမ်းဆီးရမိကြောင်း သိရသည်။ ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု (၃၀)တာချီလိတ်မှရဲအုပ်ကျော်သူဦးစီး ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မယ်ယန်းပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ တင်လွှင်ဦးမောင်းနှင်ပြီး လှအောင်ပိုင်ဆိုင်သည့် ၄ခ/---- နံပါတ်ပါ မတ်တူးအမျိုးအစား ခဲရောင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပိုင်ရှင်ဖြစ်သူ လှအောင်ဝတ်ဆင်ထားသည့် အဖြူရောင်အကျႌအတွင်းဘက်အိတ်ကပ်အတွင်းမှ ACTIFED စာတန်းပါ ဆူဒိုအက်ဖီဒရင်း အဖြူရောင်ဆေးပြား ၁၇၅ ပြား၊ အလေးချိန် ၃၅ ဂရမ် ကာလတန်ဖိုး ၁၇၅၀၀ ခန့်ကို သက်သေများရှေ့ ရှာဖွေပုံစံဖြင့်ဖမ်းဆီးခဲ့သည်။ အဆိုပါ ဆူဒိုအက်ဖီဒရင်းဆေးပြား လက်ဝယ်တွေ့ရှိသူ လှအောင်(၃၉နှစ်) အမှတ်(၁၇) ရပ်ကွက်(၄) ပင်လုံမြို့နေသူကို တာချီလိတ်မြို့မ ရဲစခန်းကအရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

**(လ/၀၁၅)**

# ဒီဇင်ဘာအားကစားလ ဒုတိယပတ် စုပေါင်းလမ်းလျှောက်

**လားရှိုး ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ဒီဇင်ဘာလ အားကစား ဒုတိယပတ်လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီက မြို့တော်ခန်းမရှေ့စုရပ်၌ကျင်းပသည်။

လားရှိုးခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်၊ ဒုတိယပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မိသားစုဝင်များ၊ တက္ကသိုလ်နှင့် အခြေခံကျောင်းများမှဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း ၅၀၁၅ ဦး ပါဝင်ဆင်နွှဲကြပြီး ပြည်ထောင်စု အားကစားကွင်းအတွင်း ပန်းဝင်ကာ ကိုယ်လက်ကြံ့ခိုင်ရေး စုပေါင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**


## လူကုန်ကူးမှု တားဆီးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး


# ရွှေကျင်းအင်းအတွင်း အလုပ်လုပ်စဉ် လူတစ်ဦး ကျောက်ခဲဦးခေါင်းပေါ်ပြုတ်ကျ သေဆုံး

**ကလော ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း)ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စု အာရှကမ္ဘာမြေ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီဝင်းအတွင်းရှိ ရွှေကျင်းအင်းအမှတ်(၁၆)၌ အင်းလုပ်သားအဖြစ် လုပ်ကိုင်နေသော ဦးကျော်ငွေ(၃၈နှစ်) နွားထိုးကြီးမြို့ နေသူသည် အခြားအင်းလုပ်သား ၃၀ နှင့်အတူ အင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဒီဇင်ဘာ ၁၆ ရက် နံနက် ၂ နာရီက အမြင့်ပေ ၁၀၀ ခန့်မှ ကျောက်ခဲ ဦးခေါင်းပေါ် ပြုတ်ကျခဲ့ရာ နောက်စေ့ ပေါက်ပြဲဒဏ်ရာရရှိခဲ့သဖြင့် အာရှကမ္ဘာမြေ ရွှေသတ္တု တူးဖော်ရေးကုမ္ပဏီဆေးခန်းမှ တစ်ဆင့် ကလောပြည်သူ့ဆေးရုံသို့ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ကလောမြို့မရဲစခန်းမှ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ်၊ မဟုတ် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

**(မြို့နယ် ပြန်/ဆက်)**


### အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း

## အကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၂၃၀**

**ကွယ်လွန်သူ ဦးအောင်လွင်၌ ကျန်ရစ်သောပစ္စည်းများအကြောင်း။**

ဒေါ်နီလာထွန်း **လျှောက်ထားသူ**
တိုက်အမှတ် ၇၇၊ ခိုင်ရွှေဝါလမ်းတို၊ (၁)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အထက်ဖော်ပြပါလိပ်စာနေ ဒေါ်နီလာထွန်းက ကွယ်လွန်သူဦးအောင်လွင်၏ တရားဝင်ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးအောင်လွင်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မအရ လက်မှတ်စာရလိုကြောင်း၊ ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများသူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးအောင်လွင်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၃ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်နီလာထွန်း၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်သစ်ဆွေ**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**



## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံး**
**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၁၄၅**

ဦးမောင်မောင်နိုင် **နှင့်** ဦးတင်သောင်း
**တရားလို** **တရားပြိုင်**

ဦးတင်သောင်း အမှတ်(၁၇၀/က)၊ နန္ဒဝန်လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။။

သင့်အပေါ်၌ တရားလို ဦးမောင်မောင်နိုင်က ပဋိညာဉ်ပါအတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၃၀ရက် (၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ အချိန်အတွင်း အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်က ထုချေတင်ပြအဆိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**(ဦးအောင်ဇေလွင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး**



### ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

## အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**ပဲခူးမြို့နယ်တရားမရုံးတော်၌**
**၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၃၆၈ နှင့်ဆက်သွယ်သည့်**
**၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၁၁၅**

မန်နေဂျာ **နှင့်** ဒေါ်ယဉ်မွန်ဦး
မြန်မာ့စီးပွားရေးဘဏ်
ပဲခူးမြို့။
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ဒေါ်ယဉ်မွန်ဦး အမှတ် ၆၆၊ သမာဓိလမ်း ၇/၁ ရပ်ကွက်၊ ဥက္ကလာမြို့သစ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်-၃၆၈ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်ဘက် ပဲခူးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၉ရက် မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(တင်တင်မော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပဲခူးမြို့နယ်တရားရုံး**



**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၄ဟ/၂၃၁၈ Lijan သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးလွင်ဟန်တင့်ဆွေ ၅/မရန(နိုင်)၁၇၆၆၈၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**



## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၁၆၄၇/က၊ မြေကွက်တည်နေရာအမှတ် ၁၆၄၇/က(တိုးချဲ့)၂လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဦးစံလှအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံလှကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်ကြည်မြင့် ၁၂/သကတ(နိုင်)၁၁၀၄၁၂က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



## ဆိုင်ကယ်မောင်းလိုင်စင်များကွင်းဆင်းဆောင်ရွက်ပေး

**စဥ့်ကိုင်　ဒီဇင်ဘာ　၁၉**

ကျောက်ဆည်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှူးနှင့်ရုံးအဖွဲ့ဝင်များက ဒီဇင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်တွင် စဥ့်ကိုင်မြို့နယ် ဆည်တော်နံ့ရွှေမုဋ္ဌော ဖားလင်ပိုးဘုရား ဓမ္မာရုံအတွင်း၌ ဆိုင်ကယ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

ဆိုင်ကယ်မောင်းလိုင်စင်ပြုလုပ်သူ ၅၀၀ ကျော်ကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၉ နာရီမှစ၍ စာရင်းကောက်ယူခြင်း၊ ဖောင်ဖည့်ခြင်း၊ ဓမ္မာရုံအတွင်း၌ ယာဥ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများဟောပြောခြင်းတို့ကိုဆောင်ရွက်ခဲ့ပြီး **(အပေါ်ပုံ)** ဒီဇင်ဘာ ၁၅ရက်တွင်ကျေးရွာအုပ်စုအလိုက်ဆိုင်ကယ်မောင်းနှင်မှုစမ်းသပ်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဆိုင်ကယ်မောင်းလိုင်စင်ပြုလုပ်လိုသူများသည် လူကိုယ်တိုင်လာရောက်၍ မှတ်ပုံတင်မူရင်းနှင့် မိတ္တူတစ်စောင်ပါရှိရမည်ဖြစ်ကြောင်း၊ပတ်စ်ပို့ဓာတ်ပုံ ငါးပုံပူးတွဲပါရှိရမည်ဖြစ်ကြောင်း၊ အသက် ၁၆ နှစ် ပြည့်ပြီးသူ အမျိုးသား အမျိုးသမီး မည်သူမဆိုပြုလုပ်နိုင်ကြောင်း၊ လိုင်စင်ကတ်ပြားများကို တနင်္လာနေ့တွင် ထုတ်ပေးမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးရှေးရယ်က ရှင်းလင်းပြောပြသည်။

**အောင်မင်း(စဥ့်ကိုင်)**

## လယ်သီးထပ်အဖြစ် ဆောင်းသီးနှံမတ်ပဲစိုက်

**သံတောင်ကြီး　ဒီဇင်ဘာ　၁၉**

သံတောင်ကြီးမြို့နယ်တွင် မိုးစပါးဆင်းသုခမျိုးသန့်ဧက ၂၀ စိုက်ခင်းအောင်မြင်ဖြစ်ထွန်းခဲ့ပြီး မိုးစပါးရိတ်သိမ်းရာတွင် တစ်ဧက အထွက်နှုန်းမှာ အစိုထွက် ၁၃၈ ဒသမ ၆၂ တင်း၊ အခြောက်ထွက် ၁၁၇ ဒသမ ၈၃ တင်း ထွက်ရှိသည်။ ဒီဇင်ဘာ ၁၇ ရက်က ရွာကြီးကျေးရွာအုပ်စု ပျားစခန်းကျေးရွာရှိ စပါးရိတ်သိမ်းပြီးစီးသော လယ်မြေတွင် လယ်သီးထပ်အဖြစ် ဆောင်းသီးနှံမတ်ပဲစံပြကွက် ဧက ၂၀ ကို သိပ္ပံနည်းကျစနစ်ဖြင့် ထွန်ယက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ကိုတီ(သံတောင်)**



## ဖရဲပင်များဖြစ်ထွန်းအောင်မြင်၊ တောင်သူများ ဈေးကောင်းရရန်မျှော်လင့်

**ဇန်းမော်　ဒီဇင်ဘာ　၁၉**

မိုးရာသီကုန်ဆုံးပြီး သီတင်းကျွတ်လပြည့်ကျော်လျှင် တောင်သူများ ဖရဲစိုက်ပျိုးရန်အတွက် လယ်ယာမြေများ ထွန်ယက်ကြရသည်။ ဖရဲများကို ဦးဦးဖျားဖျား စိုက်ပျိုးသူရှိသကဲ့သို့ စပါးရိတ်ပြီးလယ်မြေများပေါ်တွင် စိုက်ပျိုးသူများလည်း ရှိကြသည်။ ရေဝပ်လယ်မြေများတွင် နွေစပါးပြန်လည်စိုက်ပျိုးကြသည်။ ရေမဝပ်သော လယ်မြေများတွင် ဖရဲများစိုက်ပျိုးကြသည်။

"စိုက်ကေသုံးကေရှိတယ်။ ဖရဲစိုက်ခဲ့တာ ရက် ၅၀ ခန့်ရှိပြီ။ အသီးလေးတွေသီးလာပြီ။ ဒီဇင်ဘာ ၁၅ ရက် ညက မိုးသီးရိုက်ပြီး မိုးရွာချလို့ ဖရဲသီးလေးတွေနည်းနည်း နာသွားတယ်။ အပျက်အစီးတော့မရှိပါဘူး။ မသန်စွမ်းတဲ့ အသီးလေးတွေကို ဆွတ်ခူးပစ်တယ်။ သန်စွမ်းတဲ့အသီးများထဲတွင် လက်သီးဆုပ်ခန့်ရှိလာလျှင် အကောင်းရွေး ချန်ထားပြီး ကျန်အလုံးများကို ဖယ်ရှားပစ်တယ်။ တစ်ပင် တစ်လုံးပဲအသီးထားတယ်။ ဖရဲပင် နှစ်တန်းကို တစ်မြောင်း ထားစိုက်တယ်။ တစ်မြောင်းနှင့်တစ်မြောင်း ၁၂ ပေခန့်ကွာတယ်။ တရုတ်မျိုးစေ့ ၈၅၅ ဝါကျားမျိုးစိုက်ထားတယ်၊ သက်တမ်းလေးလရှိတယ်"ဟု ဇန်းမော်မြို့နယ် စီဟဲကျေးရွာနေဖရဲစိုက်ပျိုးသူ သိန်းသန်းဝင်းက ပြောပြသည်။



ဖရဲပင်များကြီးထွားဖြန့်ကြက်လာသည်ဖြစ်၍ ဖရဲ မြောင်းပေါင်အကြားပေါင်းမြက်ကင်းရှင်းစေရန်နှင့် မြေကြီး ပွစေရန်အတွက် ကျွဲ၊ နွားအသုံးမပြုဘဲလယ်ထွန်စက်ဖြင့် ထယ်ထိုးပေးကြသည်။ ဒေသခံတောင်သူလယ်သမားများသည် လယ်ထွန်စက်များကိုအသုံးပြု၍ ထွန်ယက်စိုက်ပျိုးသည့်အတွက် အချိန်ကုန်သက်သာစေသည်။ လုပင်ပန်းမှုသက်သာစေသည်။ မြန်မြန်ထွန်ယက် ပြီးစီးစေသည်။ ထို့ကြောင့် ထွန်ယက်စိုက်ပျိုးရာတွင်ကျွဲနွားများအသုံးပြုမှု နည်းပါးလာကြသည်။၂၀၁၂ခုနှစ်တွင် တရုတ် ၈၅၅ဖရဲမျိုးစေ့ ဈေးနှုန်းငွေကျပ်၈၀၀၀ ရှိသည်။၂၀၁၃ခုနှစ်အောက်တိုဘာလတွင်ငွေကျပ်၁၁၀၀၀ဈေးနှုန်းရှိသည်။ ဒီဇင်ဘာ ၁၇ ရက်တွင် ၁၈၀၀၀ ဈေးနှုန်းရှိသည်။ ဖရဲစိုက်ပျိုးရာသီဖြစ်၍ မျိုးစေ့ဈေးနှုန်းများမြင့်တက်သွားကြောင်း ဒေသခံတစ်ဦးကပြောပြသည်။

ဖရဲပင်များ ဖြစ်ထွန်းအောင်မြင်လျက်ရှိသဖြင့် ဖရဲစိုက် တောင်သူများ ဖရဲသီးရင့်မှည့်လာချိန်တွင် ဈေးကောင်းရရှိရန် မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ဆီမီးခုံ -နန်းရီ**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေး

**ရမ်းဗြဲ　ဒီဇင်ဘာ　၁၉**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ တောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် မြို့နယ်လုံးကျွတ်ထုတ်ပေးခြင်းအခမ်းအနားကို နိုဝင်ဘာ ၂၉ ရက် မွန်းတည့် ၁၂ နာရီက အထွေထွေအုပ်ချုပ်ရေးမှူးရုံး ရမ္မာဝတီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားနှင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုလုပ်ငန်းဆောင်ရွက်ချက်နှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် တောင်သူများအခွင့်အရေးရပိုင်ခွင့်များ လိုက်နာရမည့်စည်းကမ်းချက်များကို ရှင်းလင်းဟောပြောသည်။ ယင်းနောက် မြေစာရင်းဦးစီးမှူး ဦးအောင်မြင့်သိန်းကလည်း ရမ်းဗြဲမြို့နယ်တွင် လယ်ယာမြေဦးပိုင်လေးသောင်းကျော်ရှိသည့်အနက် သုံးသောင်းကျော်ပြီးစီးပြီဖြစ်ရာ ကျန်ရှိ တစ်သောင်းခန့်ကို ဆက်လက်လုပ်ဆောင်နေကြောင်းနှင့်လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရခြင်းကိစ္စရပ်များ၌လည်းကောင်း၊ ၄င်းလယ်ယာမြေကဏ္ဍများနှင့်ပတ်သက်၍ရှင်းလင်းဟောပြောပြီး တက်ရောက်လာကြသော အုပ်စုများမှ အုပ်ချုပ်ရေးမှူးများထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးနှင့် မြေစာရင်းဦးစီးမှူးဦးအောင်မြင့်သိန်းတို့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**(၁၅၇)**

## ဆောမြို့နယ် ရင်းခေါ်ရွာတွင် မီးလောင်မှုဖြစ်ပွား

**ဆော　ဒီဇင်ဘာ　၁၉**

ဂန့်ဂေါခရိုင် ဆောမြို့နယ် ရင်းခေါ်ရွာတွင် ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက ဦးစိုးမြင့်၏နေအိမ် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွားရာ နေအိမ်တစ်လုံးဆုံးရှုံးသွားကြောင်း သိရသည်။ မီးလောင်ရာသို့ မီးသတ်ကား နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင်ရှစ်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့နှင့် ပြည်သူ ၁၂၀ ခန့်တို့က ဝိုင်းဝန်းငြှိမ်းသတ်ကြရာ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ ခန့်တွင် မီးငြိမ်းသွားကြောင်း သိရသည်။

**(၁၀၁)**

## ပဲခူးမြို့ အမှတ်(၇) အထကကျောင်းတွင် မူးယစ်ဆန့်ကျင်ရေး ဟောပြော

**ပဲခူး　ဒီဇင်ဘာ　၁၉**

ပဲခူးတိုင်းဒေသကြီး မူးယစ်ဆန့်ကျင်ရေးအသင်း (MANA)မှ ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ အမှတ်(၇)အထက ကျောင်းခန်းမဆောင်၌ မူးယစ်ဆေးဝါးဆန့်ကျင်ရေးဟောပြောပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ က ကျင်းပသည်။

ဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီး မူးယစ်ဆန့်ကျင်ရေးအသင်း ဒုတိယဥက္ကဋ္ဌ စာရေးဆရာမ ဝတ်ရည်ခင်က အမှာစကားပြောကြားပြီး မူးယစ်ဆန့်ကျင်ရေးအသင်း ပဲခူးမြို့နယ်ဥက္ကဋ္ဌက မူးယစ်ဆေးဝါးသုံးစွဲခြင်း ဆိုးကျိုးများကို ဟောပြောသည်။ ပဲခူးတိုင်းဒေသကြီး လက်ထောက်ပညာရေးညွှန်ကြားရေးမှူး ဦးရဲလွင်က မူးယစ်စေတတ်သော အရာဝတ္ထုအားလုံးကို ကျောင်းသား ကျောင်းသူများအနေဖြင့် ဆေးလိပ်မှစ၍ အရက်သေစာအဆုံး မသုံးစွဲသင့်ကြောင်း၊ လူညွှန့်တုံးစေပြီး တိုင်းပြည်အားကိုးရမည့်နောင်လာမည့် သားကောင်းရတနာများ စိတ်ဓာတ်ကြံ့ခိုင်မှုများ ပျက်ပြားစေ၍ မူးယစ်ဆေးဝါးကို အထူးရှောင်ရှားသင့်ကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။

**မင်းသစ္စာ(ပဲခူး)**


### မော်လမြိုင်တက္ကသိုလ်
### ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှိုးဆော်ဖိတ်ကြားခြင်း

မော်လမြိုင်တက္ကသိုလ်တွင် ပညာသင်ကြားခဲ့သော ဘူမိဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအား ဇန်နဝါရီ ၄ရက် လွတ်လပ်ရေးနေ့ (စနေနေ့) ၂၀၁၄ခုနှစ်တွင် ရန်ကုန်မြို့၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်၌ နံနက် ၉နာရီမှ ၁၂နာရီအတွင်း ကျင်းပမည်ဖြစ်ပါ၍ First Batch ကျောင်းသား ကျောင်းသူဟောင်းများနှင့် ကျန် Batch များမှ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး ပါဝင်ဆင်နွှဲကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| (၁) | ကိုသန်းနိုင် | (စံတော်ဝင်) | ဖုန်း-၀၉-၆၅၃၇၃၈၇ |
| (၂) | ကိုဝင်းလွင် | (ရန်ကုန်) | ဖုန်း-၀၉-၇၃၂၅၅၅၉၃ |
| (၃) | ကိုထွန်းလှိုင် | (ရန်ကုန်) | ဖုန်း-၀၉-၄၄၉၂၅၄၀၅၆ |
| (၄) | ကိုဇော်မင်း | (ပဲခူး) | ဖုန်း-၀၉-၄၂၈၁၁၅၁၂၉ |
| (၅) | ကိုဝင်းနိုင်ဦး | (မော်လမြိုင်) | ဖုန်း-၀၉-၅၃၂၀၃၂၃ |
| (၆) | မစန္ဒာ | (နေပြည်တော်) | ဖုန်း-၀၉-၄၉၂၀၀၉၀၃ |
| (၇) | ဇော်ဇော်လွင် | (သာဂရ) | ဖုန်း-၀၉-၄၉၂၃၉၂၉၂ |

### ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၉၊ မြေကွက်တည်နေရာအမှတ် ၉၊ ရွှေဖူးမျှော်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမြဝင်းအမည်ပေါက်နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးမြဝင်း ၁၂/ဒပန(နိုင်)၀၃၃၄၈၃က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ကတိဝန်ခံချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ မြို့မြေစာရင်းတွင် မှတ်သားထားမှုမရှိခြင်း၊ အခွန်ခွဲဝေပုံစာရင်းတွင် ဦးမျိုးအောင်(၉၃/၂)အမည်ဖြင့် မှတ်သားထားခြင်းနှင့် လျှောက်ထားသူသည် ၄င်း၏အိမ်ထောင်စုစာရင်းအရ လျှောက်ထားသည့်မြေပေါ်တွင် အနှစ် ၂၀ကျော်နေထိုင်ခြင်းတို့ကြောင့် ဂရန်သစ်ထုတ်ပေးရန် လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်းလွှာ

**ချစ်ဖေဖေ ဦးခင်ဇော်** Marketing Manager, Diamond Star Co.,Ltd.-**ချစ်မေမေ ဒေါ်ကြူကြူသန်း** အမက ကျောင်းအုပ်ကြီး (အောင်ပန်း)တို့၏ ၂၁-၁၂-၂၀၁၃ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုမင်္ဂလာတိုင်အောင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ပျော်ရွှင်စွာဖြင့် အရာရာတွင် အောင်မြင်မှုများရရှိပြီး သာယာချမ်းမြေ့သောဘဝလမ်းကို ချစ်သောမိသားစုနှင့်အတူ ထာဝရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သား၊ ချစ်သမီးများ**
ဒေါက်တာကျော်ဇေယျ-မယဥ်ယဥ်ခက်
မအေးမြတ်သီရိ (CB Bank) Taung Gyi
မဝင့်မြတ်ရွှေရည် (Ayeyarwady Bank) Aung Pan
မောင်အောင်မြတ်ဟိန်း (H C Public School)

### ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅H၊ မြေကွက်အမှတ် ၇၁၆၊ မြေကွက်တည်နေရာအမှတ် ၁၉၊ မဟူရာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ် ဒေါ်ခင်သန်းစိုးအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်သန်းစိုး ကွယ်လွန်သဖြင့် ဦးစံညီမိး ၁၂/ဗဟန(နိုင်)၀၆၅၂၀၅က တရားဝင်ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)
### (၂၇)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)၏ (၂၇)နှစ်မြောက် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၁၁-၁-၂၀၁၄ရက် (စနေနေ့) နံနက် ၈း၀၀နာရီတွင်ရွှေတိဂုံဘုရားအရှေ့ဘက်ရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်ပါသည်။

အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များနှင့်မိသားစုဝင်များ (၂၀၁၂-၂၀၁၃) ပညာသင်နှစ် အခြေခံပညာအထက်တန်းတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် အသင်းဝင်များ၏ သားသမီးများစာရင်းနှင့် အလှူငွေများကို ဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း-၀၁-၅၆၁၉၁၄၊ ဒု-ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး ဖုန်း-၀၉-၅၀၁၄၂၆၄၊ အတွင်းရေးမှူး ဦးစိန်တင် ဖုန်း-၀၁-၅၅၂၄၉၅၊ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည် ဖုန်း-၀၁-၇၀၀၅၉၄၊ဘဏ္ဍာရေးမှူး ဒေါ်မြတင် ဖုန်း-၀၁-၂၄၂၂၄၆တို့ထံ ၅-၁-၂၀၁၄ရက် နောက်ဆုံးထား၍ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် အစည်းအဝေးသို့ အသင်းဝင်များအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံညီစွာ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)**

### ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် မြို့သစ်(ခ)၊ မြေကွက်အမှတ် ၄၇၄/ခ၊ မြေကွက်တည်နေရာအမှတ် ၁၃၆၊ ၁၁လမ်း၊ မြို့သစ်(ခ)၊ အင်းစိန်မြို့နယ် ဦးစိန်ဝင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိန်ဝင်းကွယ်လွန်သဖြင့် ဒေါ်ခင်မမ ၁၂/အစန(နိုင်)၀၃၉၀၇၃က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်သစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ မြေကွက်အမှတ် ၁၂၇၃၊ မြေကွက်တည်နေရာအမှတ် ၁၂၇၃၊မြရတနာလမ်း၊ ၂၄ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဦးကြီးမြင့်၁၂/မဂတ(နိုင်)၀၆၈၅၄၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကြီးမြင့်ကွယ်လွန်သဖြင့် ဒေါ်အမာကြည် ၁၂/မဂတ(နိုင်)၀၆၈၄၆၆က တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မှုခင်းသတင်းနှင့်ကြော်ငြာ

# အရှိန်မထိန်းနိုင်သည့် မော်တော်ယာဉ်မှ တစ်ဖက်လမ်းကြောင်းရှိရပ်ထားသော ဆိုင်ကယ်နှစ်စီးကို ဝင်တိုက်

**ဖြူး ဒီဇင်ဘာ ၁၉**

ဒီဇင်ဘာ ၁၆ ရက် ည ၈နာရီက ဖြူးမြို့ မြို့လယ်ကောင် မိုင်တိုင် အမှတ် (၁၄၂/၂)နှင့် (၁၄၂/၃)ကြား ကုန်းကျော်လမ်းဆုံတွင် ဇေယျဝတီဘက်မှ ဖြူးမြို့တွင်းသို့ ဇေယျာမျိုးလွင်(၃၃နှစ်) မြို့မ(၂)ရပ်ကွက် တိုးချဲ့လမ်း ညောင်လေးပင်မြို့နေသူ မောင်းနှင်၍ ရှေ့ခေါင်းခန်း၌ ညီဖြစ်သူ ထူးကို(၃၁နှစ်) အောင်ဆန်းလမ်း မဟာမြိုင်ရပ်ကွက် ပဲခူးမြို့နေသူလိုက်ပါလာသည့် ဆူဇူကီး ကာရီပစ်ကပ်ယာဉ်အမှတ် ၃စ/-----အဖြူရောင်ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိသွားပြီး ကုန်းကျော်လမ်းဆုံအရှေ့တောင်ထောင့်တွင် ရပ်ထားသော ဦးအောင်အောင်(၄၂နှစ်) ဆိုင်ကယ်ပြုပြင် (၃၂)လမ်း သိမ်ကုန်းရပ်ကွက် ဖြူးမြို့နှင့် ၎င်း၏သား အောင်ကောင်းမြတ် (၁၁နှစ်)တို့ကို ပွတ်တိုက်၍ အရှေ့ဘက်အုတ်ဖြတ်လမ်းမှ ရန်ကုန်-မန္တလေး ပုံမှန်လမ်းသို့ ဇော်မျိုးအောင်(၂၇နှစ်) ဗိုလ်ချုပ်ရပ်ကွက်သစ် (၃၆)လမ်း အုတ်ဖြတ်ရပ်ကွက် ဖြူးမြို့နေသူ မောင်းနှင်၍ နောက်မှ မင်းကိုကိုသိန်း (၂၈နှစ်) အင်ဂျင်နီယာ ဖွဲ့နှုဆိစက် ဝဲဒေါင့်ရွာနေ ဖြူးမြို့လိုက်ပါလာသည့် ၃ယ/----ကမ်ဘို ကျောက်စိမ်းရောင် ဆိုင်ကယ်မှာ လမ်းဘေးချရပ်ထားရာ ထပ်မံတိုက်မိစဉ် ဆိုင်ကယ်တစ်စီးလုံး ကြေမွပျက်စီးသွားသည်။

ယာဉ်ဖြင့်အတိုက်ခံရသူ ဦးအောင်အောင်တွင် ဒဏ်ရာပြင်းပြီး သားဖြစ်သူ အောင်ကောင်းမြတ်(မစိုးရိမ်ရ)မှာ ပွန်းပဲ့ဒဏ်ရာရရှိသဖြင့် ဖြူးဆေးရုံသို့ တင်ပို့ပေးပြီး ဒုတိယထပ်မံအတိုက်ခံရသောဆိုင်ကယ်မှ ဇော်မျိုးအောင်မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားကာ နောက်မှစီးသူ မင်းကိုကိုသိန်းမှာ ဒဏ်ရာပြင်းထန်စွာရရှိသဖြင့် တောင်ငူပြည်သူ့ဆေးရုံသို့တင်ပို့ပေးခဲ့သည်။ ယာဉ်ကိုမဆင်မခြင်မောင်းနှင်၍ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်ကိုဝင်တိုက်သူ ယာဉ်မောင်းဇေယျာမျိုးလွင်အား အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဖြူး(မြင့်ဦး)**



# တရားမဝင်လောင်းကစားပြုလုပ်သူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဒီဇင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီက အောင်လံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် လောင်းကစားမှုသတင်းအရ သက်သေများနှင့်အတူ ရုံးဆိပ်မီးခံအုတ်စက်ရုံဈေးဆိုင်တန်းရှိ အောင်လံမြို့နယ် ရုံးဆိပ်ကျေးရွာနေ ဇော်ထွန်း(ခ) ဇော်ထွန်းအောင် (၃၃နှစ်) ၏ ဆိုင်ကို ဝင်ရောက်ရှာဖွေခဲ့သည်။ ထိုသို့ရှာဖွေရာ ဇော်ထွန်းထိုင်နေသော စားပွဲပေါ်မှ နှစ်လုံးချဲထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများနှင့် လောင်းကြေး ငွေကျပ် ၈၅၀၀ တို့ကို တွေ့ရှိဖမ်းဆီးရမိသဖြင့် ဇော်ထွန်း(ခ) ဇော်ထွန်းအောင်ကို အောင်လံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**



# ခိုးမှုကျူးလွန်ထားသူအားစစ်ဆေးရာမှ အခြားဆိုင်ကယ်ငါးစီးခိုးမှုပေါ်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ဒီဇင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များသည်ဆိုင်ကယ်ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိထားသူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူ သန်းနိုင်(ခ)အရှည်ကြီး(၆၅)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နေသူကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာ အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီက သန်းနိုင်(ခ)အရှည်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၆၅)ရပ်ကွက် သရက်မြိုင် ၃ လမ်းပေါ်၌ရပ်ထားသော JLM 125 အမျိုးအစား ဆိုင်ကယ်ကို ခိုးယူရောင်းချထားကြောင်း ဖော်ထုတ်ရရှိသဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့မရဲစခန်းက အောက်တိုဘာလအတွင်းကလည်း သန်းနိုင်(ခ)အရှည်ကြီး နှင့်သက်ကို (စိစစ်ဆဲ)တို့ နှစ်ဦးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၆၅ ရပ်ကွက် မင်းကွန်းလမ်းမပေါ်၌ရပ်ထားသော FEILING 110 အမျိုးအစား ဆိုင်ကယ်ကို ခိုးယူရောင်းချထားကြောင်း ဖော်ထုတ်ရရှိသဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့သည်။

ထို့အပြင် သန်းနိုင်(ခ) အရှည်ကြီးနှင့် သက်ကို (စိစစ်ဆဲ)တို့သည် စက်တင်ဘာလအတွင်း၌လည်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် မုခ်ဦးအနီး၌ရပ်ထားသော LUOJIA 110 အမျိုးအစားဆိုင်ကယ်ကိုလည်းကောင်း၊ အောက်တိုဘာလတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ကမ်းနားပတ်လမ်း ကုလားဝဲတံတားအနီး၌ ရပ်ထားသော HI BO BO 110 အမျိုးအစားဆိုင်ကယ်ကို လည်းကောင်း၊ နိုဝင်ဘာလတွင် ကုလားဝဲတံတားအနီး၌ရပ်ထားသော HONDA WAVE 110 အမျိုးအစား ဆိုင်ကယ်ကို လည်းကောင်း ခိုးယူရောင်းချထားကြောင်း ထပ်မံစစ်ဆေးဖော်ထုတ်ရရှိသဖြင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်းက အမှုဖွင့်ပြီး သက်သေခံ ဆိုင်ကယ်များပြန် လည်သိမ်းဆည်းအရေးယူထားကြောင်း သိရသည်။ **စိုးဝင်း(SP)**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

# ဝါးခုတ်သမားချင်းတောထဲ၌ ဝေစုမတည့်ဖြစ်ပြီး စကားများရာက လူသတ်မှုဖြစ်ပွား

**လေးမျက်နှာ ဒီဇင်ဘာ ၁၉**

လေးမျက်နှာမြို့နယ် ဝါးတောကွင်းကျေးရွာနေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်အောင်(၅၉ နှစ်) သည် ဒီဇင်ဘာ ၇ ရက် ည ၁၁ နာရီခွဲက နေအိမ်၌ရှိနေစဉ် ဝါးတောကွင်း ကျေးရွာအနောက်ဘက် ရှစ်မိုင်အကွာ အနောက်ရိုးမတောင်ကြောရွှေအင်တုံတောင်ပေါ်နေ မောင်ဝင်းနိုင်ထွန်းရောက်ရှိလာပြီး ၎င်းတို့နှင့်တဲချင်းကပ်နေထိုင်သူဦးဝင်းမောင်(၅၅ နှစ်)နှင့် ဇနီးမရီတို့သည် ဒီဇင်ဘာ ၇ ရက် ည ၈ နာရီခွဲက ရေကြည်မြို့နယ် ကွင်းချောင်းဖန်ကဘင်ကျေးရွာနေ ဦးလူမောင်(၅၃ နှစ်)နှင့် စပ်တူဝါးခုတ်ရာမှ ရရှိသောဝါးများကို ခွဲဝေရာ ဝေစုမတည့်ဖြစ်ပြီး စကားများရန်ဖြစ်ရာ ဦးလူမောင်က ဝါးခုတ်ဓားဦးချွန်ဓားမဖြင့်ဦးဝင်းမောင်ကို ခုတ်ရန်ပြုသဖြင့်ဦးဝင်းမောင်ကဓားလုရင်းနှစ်ဦးသားလုံးထွေးသတ်ပုတ်နေကြစဉ် မရီက ဦးလူမောင်လက်ထဲမှ ဓားကိုဝင်လုပြီး ခင်ပွန်းဖြစ်သူကို လှမ်းပေးလိုက်ရာ ဦးဝင်းမောင်ကဇနီးပေးသောဓားကိုယူ၍ ဦးလူမောင်အား ယင်းဓားဖြင့်ခုတ်လိုက်သည်။ ထို့ကြောင့် ဦးလူမောင်တွင်ဒဏ်ရာများရရှိ သေဆုံးသွားကြောင်း၊ ထို့ကြောင့် ဝင်းမောင်နှင့်မရီတို့ဇနီးမောင်နှံအား အရေးယူပေးပါရန် ကျေးရွာအုပ်ချုပ်ရေးမှူးဦးမြင့်အောင်၏ တိုင်တန်းချက်အရ လေးမျက်နှာ မြို့မရဲစခန်းက အမှုဖွင့်၍ ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပုသိမ်လှကြည်**

# တရားမဝင်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ရေမျက်နီဘိနယ်သစ်တောဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့ သည် ထီးလင်းမြို့နယ် ရေမျက်နီရွာတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်ရပ်နေ ဖိုးကျော်(၃၁နှစ်) မောင်းနှင်ပြီး ချင်းပြည်နယ် တွန်းဇံမြို့နေ မှုံကြီး(၂၃နှစ်) လိုက်ပါလာသည့် ယာဉ်အမှတ် ၃၀/---- နီဆန်းဒီဇယ် ၁၂ ဘီးဖြူ/ပြာကျားယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် တမလန်း သစ်ဆိုက်မျိုးစုံ ၇၃ ချောင်း၊ အလေးချိန် ၇ ဒသမ ၂၃၁၉ တန် တန်ဖိုးငွေကျပ် ၁၈၀၉၇၇၅ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် တရားမဝင်သစ်များ သယ်ဆောင်လာသူ ဖိုးကျော်နှင့် မှုံကြီးတို့အား ထီးလင်းမြို့နယ် ဆေးမင်းတော နယ်မြေရဲစခန်းက ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးဥပဒေဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# အာမိုပေါင်းသတ်ဆေးသောက်မိသည့် စိတ်မမှန်သူသေဆုံး

**မြောင်းမြ ဒီဇင်ဘာ ၁၉**

ဒီဇင်ဘာ ၈ ရက် နံနက် ၇ နာရီခွဲက မြောင်းမြမြို့နယ် မြောင်းမြမြို့မရဲစခန်းမှ ဒုရဲအုပ်သန်းဇော်လင်းသည် တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် မြောင်းမြဆေးရုံ၌ ပေါင်းသတ်ဆေးရည်သောက်၍ ဆေးကုသခံနေသော လူနာတစ်ဦးသေဆုံးသွားကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ မြောင်းမြကြာဖူးငုံလက်ပံကျေးရွာနေ မောင်ကောင်းဆက်အောင်(၁၈ နှစ်) စိတ်မမှန်သူသည် ဒီဇင်ဘာ ၅ ရက်က နေအိမ်မှထွက်သွားပြီး လယ်ထဲတွင်ထားရှိသော အာမိုပေါင်းသတ်ဆေးရည်ကို ယူသောက်မိသဖြင့် မြောင်းမြဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားရခြင်းဖြစ်သည်။ ထို့ကြောင့် ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်မဟုတ် သိရှိရန် မြောင်းမြရဲစခန်းက စစ်ဆေးလျက်ရှိသည်။ **ပုသိမ်လှကြည်**

## မန်းရွှေစက်တော်ဘုရားပွဲတော်ကျင်းပမည်

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မန်းရွှေစက်တော်ဘုရားကြီး ဗုဒ္ဓပူဇနိယပွဲတော်ကို ၄-၂-၂၀၁၄ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၅ရက်)မှ ၁၇-၄-၂၀၁၄ရက် (၁၃၇၆ခုနှစ် နှစ်ဆန်း ၁ရက်)အထိ (၇၃)ရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပါသည်။

ပွဲတော်ကာလအတွင်း တင်ဒါလုပ်ငန်း (၄၇)ခု၏ လုပ်ကိုင်ခွင့်များကို ၁-၁-၂၀၁၄ရက်မှ ၁၀-၁-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း မင်းဘူးမြို့ ဂေါပကအဖွဲ့ရုံးတွင် သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။

တည်းခိုဆောင်လုပ်ငန်းလုပ်ကိုင်ခွင့်များကို ဒေသတွင်းမှ လုပ်ငန်းလုပ်ကိုင်လိုသူများသည် ၁-၁-၂၀၁၄ရက်မှ ၁၀-၁-၂၀၁၄ရက်ကာလအတွင်း ဂေါပကအဖွဲ့ရုံးသို့ လာရောက်စုံစမ်း၍ သတ်မှတ်စည်းကမ်းချက်နှင့်ညီညွတ်ပါက လျှောက်ထားနိုင်ပါသည်။

ဈေးဆိုင်ခန်းရောင်းချရန်အတွက် ၂၀၁၃ခုနှစ် ပွဲတော်ကာလအထိ ဈေးဆိုင်ရောင်းချဖူးသူများသည် ယခင်နှစ်ကာလ အထောက်အထားများပူးတွဲလျက် ၁-၁-၂၀၁၄ရက်မှ ၇-၁-၂၀၁၄ရက် ကာလအတွင်း ဂေါပကအဖွဲ့၏ သတ်မှတ်ပုံစံဖြင့် လျှောက်ထားနိုင်ပါသည်။

(ဆိုင်ခန်းအသစ်များ တိုးချဲ့နိုင်ခြင်းမရှိပါသဖြင့် ယခင်က ရောင်းချဖူးခြင်းမရှိသူများ၏ ဆိုင်ခန်းရောင်းချခွင့်လျှောက်လွှာများ လက်ခံခြင်းမပြုနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။)

အခြားသိရှိလိုပါက မင်းဘူးမြို့၊ မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့ရုံးသို့ လာရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့**
**မင်းဘူးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ကမာကဆစ်၊ မြေကွက်အမှတ် ၅၉၆/ခ၊ မြေကွက်တည်နေရာအမှတ် ၅၉၆/ခ၊ မင်းရဲကျော်စွာလမ်း၊ ဦးကစ္စနား DLA-၀၀၆၁၅၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးကစ္စနား ကွယ်လွန် သဖြင့် ဒေါ်အာရလ်မေရီ ၁၂/သဃက(နိုင်)၁၅၁၄၅၈ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်၊ လုပ်သားများကောလိပ် သတ္တဗေဒ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ အစည်းအဝေးနှင့် မိတ်ဆုံညစာစားပွဲ ဖိတ်ကြားလွှာ

ရန်ကုန်၊ လုပ်သားများကောလိပ်၏သတ္တဗေဒ အဓိကဘာသာရပ်တွင် ပညာသင်ကြားပေးခဲ့သော ဆရာ ဆရာမများနှင့် ပညာသင်ယူခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ (ပညာသင်နှစ်အားလုံး) ပထမအကြိမ် မိတ်ဆုံညစာစားပွဲ အခမ်းအနားကျင်းပရန် ဒုတိယအကြိမ် အစည်းအဝေးအား ရန်ကုန်၊ ဗဟန်းမြို့နယ်၊ အာဇာနည်လမ်းရှိ ရွှေမန်းကျောင်းတိုက်တွင် ၂၅-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၃:၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

**ကျင်းပမည့်နေ့ရက်** - ၁၁-၁-၂၀၁၄ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - ညနေ ၅နာရီမှ ၈နာရီအထိ
**ကျင်းပမည့်နေရာ** - M-3 Food Center ဗဟန်းအားကစားကွင်း၊ ဗဟန်းမြို့နယ်

**ဆက်သွယ်ရန်**

| | | | |
|---|---|---|---|
| ဆရာဦးကျော်ဘုန်းလင်း | ဖုန်း-၀၁-၂၀၃၃၀၃ | ကိုညွန့်ဝင်း | ဖုန်း-၀၉-၄၂၁၀၀၂၄၈၂ |
| မတင်တင်ဝင်း | ဖုန်း-၀၁-၅၅၃၃၂၃ | ကိုကျော်စိုးမိုး | ဖုန်း-၀၉-၅၀၅၆၇၇၉ |
| ကိုစိန်မောင် | ဖုန်း-၀၉-၄၂၀၇၀၆၈၀၃ | ကိုမြင့်လွင် | ဖုန်း-၀၉-၄၃၀၆၈၈၃၆ |
| မလှဲ့လှဲ့အောင် | ဖုန်း-၀၉-၃၁၁၃၀၂၅၂ | မသင်းသင်းမာ | ဖုန်း-၀၉-၄၃၀၄၀၇၀၂ |
| မခင်မျိုးသန့် | ဖုန်း-၀၉-၅၁၀၄၂၀၈ | ကိုထွန်းဝေ | ဖုန်း-၀၉-၃၁၁၄၇၉၆၀ |
| ကိုအောင်ချိုဝင်း | ဖုန်း-၀၉-၅၁၀၂၉၉၈ | ကိုဝင်းနိုင် | ဖုန်း-၀၉-၇၃၁၀၈၄၁၇ |
| မနုနုလွင် | ဖုန်း-၀၉-၄၂၀၂၃၉၇၈၇ | | |

**အမည်ပြောင်း**

အမက(၂၂) တာမွေ စတုတ္ထတန်းမှ ဦးအုန်းကျော်၏သား မောင်ဘုန်းလင်းဇော်အား မောင်ဘုန်းလင်းသီဟဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ဘုန်းလင်းသီဟ**

## ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)
## ယုဇနကုမ္ပဏီ၏ နယ်ရုံးခွဲအသီးသီးတွင် တာဝန်ထမ်းဆောင်ရန်
## အောက်ပါဝန်ထမ်းများအလိုရှိသည်

၁။ အင်ဂျင်နီယာ (B.E/B.Tech/ A.G.T.I) (Civil) ကျား (၅) ဦး
၂။ အင်ဂျင်နီယာ (B.Arch) ကျား/မ (၂) ဦး
၃။ စာရင်းကိုင် [B.Com (သို့) LCCI Level -3 ] မ (၂) ဦး
၄။ လုံခြုံရေးဝန်ထမ်း (တက္ကသိုလ်ဝင်တန်း) ကျား (၂) ဦး

လျှောက်ထားလိုသူများသည် ခြောက်လအတွင်း ရိုက်ထားသောဓာတ်ပုံနှစ်ပုံ၊ ဘွဲ့လက်မှတ်မူရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံချက်၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မူရင်းများနှင့်အတူ ယုဇနကုမ္ပဏီအမှတ် ၁၃၀၊ ယုဇနစင်တာ တတိယထပ် ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်သို့ ကြော်ငြာပါသည့်ရက်မှ နှစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/နွယ်အေး၊ မြေကွက်အမှတ် ၄၉၂၊ မြေကွက်တည်နေရာအမှတ် ၁၁၂၊ စပယ်လမ်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးစိန်ညို အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစိန်ညို (ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူဒေါ်ရှင် ၁၂/မဂတ (နိုင်) ၀၀၄၄၅၁ ထံမှ GP ၁၉၁၄၉/၁၃ (၇-၁၀-၁၃) ရရှိသူ ဦးမင်းအောင်၁၂/ပဘတ(ပြု)၀၀၀၆၂၄မှကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ယုဇနလမ်း၊ မြေကွက်အမှတ် ၄၅၊ အကျယ်အဝန်းပေ(၄၀×၆၀) ဂရန်မြေနှင့်အကျိုးခံစားခွင့်ကို လက်ရှိပိုင်ဆိုင်သူ ဦးသန်းဝင်း ၁၂/စခန (နိုင်)၀၁၂၁၄၄ ထံမှ ကျွန်မ ဒေါ်လတ်လတ်ဌေးကိုယ်တိုင် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများဖြင့်ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဒေါ်လတ်လတ်ဌေး**
**၁/မညန(နိုင်)၀၈၀၃၀၄**
**ဖုန်း-၀၉-၅၃၇၄၄၇၂**



## မင်းဘူး၌ ဒုတိယပတ် လူထုလမ်းလျှောက်ပွဲကျင်းပ

**မင်းဘူး ဒီဇင်ဘာ ၁၉**

ဒီဇင်ဘာအားကစားလဒုတိယပတ် စုပေါင်းလှုပ်ရှားမှု လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၅ နာရီက မင်းဘူးမြို့၌ ကျင်းပရာ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးရဲလင်းအောင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများစုစုပေါင်း ၆၉၀ခန့် ပါဝင်ဆင်နွှဲကြသည်။ **(ဝဲပုံ)**

အဆိုပါ လူထုလမ်းလျှောက်အဖွဲ့သည် မင်းဘူးမြို့ အထက(၂)ရှေ့မှ မင်းဘူး-မကွေးလမ်း၊ ထိုမှ စက္ကိန်းတဲဘုရားလမ်း၊ ဗိုလ်ချုပ်လမ်း၊ ဆေးရုံလမ်း၊ ထိုမှမင်းဘူး-စကုလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြ၍ အထက(၂) ကျောင်းဝင်းအတွင်း၌ ကိုယ်ကာယ လေ့ကျင့်ခန်းအတွဲ(၁)(၂)များ ပြုလုပ်ကြသည်။ မင်းဘူးမြို့တွင် လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာလအတွင်းအပတ်စဉ်စနေနေ့တိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း သိရှိရသည်။ **သန်းငွေး(iprd)**

## နယ်သတင်းနှင့်ကြော်ငြာ

## ပုသိမ်ခရိုင်ရှိ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံတော်အစိုးရအဖွဲ့ စီးပွားရေးရာကော်မတီ၏ ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့နှင့်အတူ ဒီဇင်ဘာ ၁၆ ရက် နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပုသိမ်ခရိုင်ရှိ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ ပုသိမ်ခရိုင်ရှိ ပြည်သူတို့၏လိုအပ်ချက်၊ ဆန္ဒနှင့် ပြည်သူတို့၏ ဖြစ်လိုသည်များ သိလိုသည်များကို သိရှိရန်နှင့် ဖြည့်ဆည်းပေးရန်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးဝင်းသန်းနှင့် ဦးမြင့်သိန်းတို့က ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများ ရှင်းလင်းမှာကြားပြီး ပြည်သူ့ကိုယ်စားလှယ်များ၏ မေးခွန်းများကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အရာတော်မြို့နယ် မလဲသာကျေးရွာအုပ်စုတွင် တိုင်းရင်းဆေးပညာပေး

**မုံရွာ ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏လမ်းညွှန်ချက်ဖြင့် မုံရွာတိုင်းရင်းဆေးရုံမှ ဆေးရုံအုပ်ကြီးနှင့် တိုင်းရင်းဆေးမှူး ခုနစ်ဦး၊ အလုပ်သင်ဆရာမနှစ်ဦးတို့သည် အရာတော်မြို့နယ် မလဲသာကျေးရွာအုပ်စုတွင် ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီခွဲအထိ တိုင်းရင်းဆေးဝါးများဖြင့် အမျိုးသား ၅၇ ဦး၊ အမျိုးသမီး ၁၉၁ ဦး စုစုပေါင်း ၂၄၈ ဦးတို့ကို အခမဲ့ဆေးကုသပေးခဲ့သည်။

ထိုသို့ကုသရာတွင် အမူးရောဂါ၊ ဒူးနာ၊ ခါးနာ၊ အဆစ်နာရောဂါများ အများဆုံးကုသပေးခြင်းဖြစ်ပြီး ဆေးရုံအုပ်ကြီးကသွေးတိုး၊ ဆီးချိုရောဂါများနှင့်ပတ်သက်၍ သိမှတ်စရာအဖြာဖြာတို့ကို ဆောင်ရန်/ ရှောင်ရန်နှင့်တကွ ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ကော့သောင်းမြို့ အထက(၂)ကျောင်း၌ စာပေဟောပြောပွဲကျင်းပ

**ကော့သောင်း ဒီဇင်ဘာ ၁၉**

ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး၊ အနာဂတ် လူငယ်များအသိအပညာဗဟုသုတပြည့်စုံရေး ရည်ရွယ်၍ စာပေဟောပြောပွဲအခမ်းအနားတစ်ရပ်ကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀နာရီတွင် ကော့သောင်းမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်ပညာရေးမှူးကိုယ်စား အထက၊ အေးရိပ်ငြိမ်၊ ကျောင်းအုပ်ကြီး ဦးတင်ဝင်းမှ အမှာစကားပြောကြားသည်။ ဆက်လက်၍ စာပေဟောပြောပွဲ ကျင်းပရာ ကော့သောင်းခရိုင်၊ ပြန်/ဆက်ဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ကြင်ကြင်သန်းက စာဖတ်ခြင်း၏ အကျိုးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေသခံစာရေးဆရာ၊ ဆရာနိုင်တာရာမှ ထာဝရလက်ဆောင်ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးပညာပေးဟောပြောရာကျောင်းသားကျောင်းသူ ၃၀၀က စိတ်ပါဝင်စားစွာတက်ရောက်နားထောင်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## ဇီးကုန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့တူညီဝတ်စုံပေးအပ်ပွဲနှင့် မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ပွဲကျင်းပ

**ဇီးကုန်း ဒီဇင်ဘာ ၁၉**

ဇီးကုန်းမြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးပြုလုပ်သော အရန်မီးသတ်တပ်ဖွဲ့တူညီဝတ်စုံများ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၁၀နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ထောက်/ကူ ဥက္ကဋ္ဌတို့က မြို့ပေါ် (၅)ရပ်ကွက်နှင့်ကျေးရွာ ၂၉အုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများအား မီးသတ်ဝတ်စုံ ၉၁၆ စုံတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဝတ်စုံပေးအပ်ပွဲပြီးနောက် မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် မီးသတ်ဦးစီးဌာနတို့က ပူးပေါင်း၍ ဇီးကုန်းမြို့မဈေးကြီး မီးဘေးကင်းဝေးရေးအတွက်လက်တွေ့သရုပ်ပြ လေ့ကျင့်ခြင်းကို ဇီးကုန်းမြို့မဈေးကြီးတွင် တစ်ဆက်တည်းကျင်းပရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာ၊ မီးသတ်ဦးစီးဌာနနှင့် ရပ်/ကျေးကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် အင်အား ၃၅၀ခန့်နှင့် မီးသတ်ယာဉ်များ တွဲဖက် သရုပ်ပြကြသည်။ **(ယာပုံ)**

ပွင့်လင်းရာသီသို့ ဝင်ရောက်လာပြီဖြစ်ရာ တစ်မြို့နယ်လုံး မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် နည်းလမ်းအမျိုးမျိုး ဆောင်ရွက်လျက်ရှိပြီး မြို့နယ်မီးသတ်တပ်ဖွဲ့အနေဖြင့်မီးဘေးအန္တရာယ် လျော့နည်းပပျောက်ရေးအတွက် ပြည်သူလူထုအတွင်းမီးဘေးကြိုတင် သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ခြင်း၊ တစ်အိမ်တက်ဆင်း မီးစစ်ဆေးခြင်း၊ ရပ်ကွက်များနှင့်ကျေးရွာအုပ်စုများအတွင်း ကွင်းဆင်း၍ အသိပညာပေးဟောပြောခြင်း၊ မီးသတ်စခန်းများတွင် သတ်မှတ်ရက်အလိုက်မီးသတ်လေ့ကျင့်ခန်းများနှင့် အသက်ကယ် လေ့ကျင့်ခန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းမြင့်နိုင်က ရှင်းလင်းပြောကြားသည်။

**ကိုသက်(ဇီးကုန်း)**

## တွံတေးမြို့နယ်အတွင်း ဓာတ်အားအပြည့်အဝ သုံးစွဲနိုင်ရေးဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အား အပြည့်အဝရရှိရေးအတွက် မြို့နယ်အတွင်းရှိ ရှုပ်ထွေးလျက်ရှိသောဆားဗစ်ကြိုးများ တပ်ဆင်ခြင်း၊ ကြိုးအသစ်များ လဲလှယ်ခြင်း၊ ဓာတ်အားလိုင်းများ တိုးချဲ့တပ်ဆင်ခြင်း၊ ၃၁၅ ကေဗွီအေ ထရန်စဖော်မာ တိုးချဲ့တပ်ဆင်ခြင်းများကို အပတ်စဉ်၊ နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလမှစ၍ လျှပ်စစ်ဓာတ်အားသုံးစွဲမှု အပြည့်အဝရရှိနေပြီဖြစ်ကြောင်း သိရသည်။ **သက်ဦး(ဉပဒေ)**




### မကွေးတိုင်းဒေသကြီးတရားလွှတ်တော်
### မကွေးတိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး
### တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထဲမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

**လုပ်ငန်းအမည်**

(က) ထီးလင်းမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ
(RC နှစ်ထပ်၊ ရေ၊ လျှပ်စစ်မီး၊ မိလ္လာရေတွင်းနှင့် ၈-၁၀ကောင်အင်ဂျင် ၄"လုံးထိုးလေစုပ်စက်အပါအဝင်)

(ခ) ပေါက်မြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ
(RC နှစ်ခန်းတွဲတစ်ထပ်၊ ရေ၊ မီး၊ မိလ္လာနှင့်ရေဂါလန် ၁၀၀ ဆံ့ ဖိုင်ဘာကန်အပါအဝင်)

(ဂ) ဂန့်ဂေါခရိုင်တရားရုံးဝန်ထမ်းအိမ်ရာ
(နှစ်ထပ်၊ ရေ၊ မီး၊ မိလ္လာနှင့် ၁၆၀၀ဂါလန်ဆံ့ ရေစင်၊ ၂၄၀၀ဂါလန်ဆံ့ မြေအောက်ရေကန်နှင့် ခြံစည်းရိုးအပါအဝင်)

(ဃ) မင်းတုန်းမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ
(နှစ်ခန်းတွဲတစ်ထပ်၊ ရေ၊ မီး၊ မိလ္လာအပါအဝင်)

(င) မင်းလှမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ
(သံကူကွန်ကရစ်နှစ်ထပ်၊ ရေ၊ မီး၊ မိလ္လာအပါအဝင်)

(စ) ဆင်ပေါင်ဝဲမြို့နယ်တရားရုံးဝန်ထမ်းအိမ်ရာ
(နှစ်ထပ် အဆောက်အအုံ၊ ရေ၊ မီး၊ မိလ္လာ အပါအဝင်)

(ဆ) ပခုက္ကူခရိုင်တရားရုံးဝန်ထမ်းအိမ်ရာ
(နှစ်ခန်းတွဲတစ်ထပ်၊ ရေ၊ မီး၊ မိလ္လာ ရေဂါလန် ၁၀၀ ဆံ့ဖိုင်ဘာကန်တပ်ဆင်ခြင်းအပါအဝင်)

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၁၈-၁၂-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၃၁-၁၂-၂၀၁၃ ရက် ၁၄း၀၀နာရီတွင်တင်သွင်းရန်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းသူသည် လုပ်ငန်းအတွက် သတ်မှတ်ထားသော တင်ဒါအာမခံကြေးပေးသွင်းလွှာနှင့်အတူတင်သွင်းရမည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မကွေးတိုင်းဒေသကြီးတရားရေးဦးစီးမှူးရုံး ဖုန်း-၂၈၄၇၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**



### ပို့ဆောင်ရေးဝန်ကြီးဌာန
### မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်အတွက် မော်တော်ယာဉ် TOYOTA CROWN (SALOON) (2008 MODEL) (၅)စီးနှင့် TOYOTA COROLLA AXIO (SALOON) (2010 MODEL)(၉)စီးတို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **စျေးနှုန်းလွှာနောက်ဆုံးတင်သွင်းရန်နေ့ရက်** - ၃၀-၁၂-၂၀၁၃ရက် (တနင်္လာနေ့)
**အချိန်** - ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း(ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ် Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၂၀-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉၊ ၀၁-၈၆၁၀၂၃၂နှင့် ၀၁-၂၄၆၃၈၂ တို့သို့ စုံစမ်းနိုင်ပါသည်။

**မော်တော်ယာဉ်စိစစ်ဝယ်ယူရေးအဖွဲ့**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**



### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### စက်မှုဝန်ကြီးဌာန
### စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန
### လျှပ်စစ် စစ်ဆေးရေး
### ကြော်ငြာစာ

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန(လျှပ်စစ်စစ်ဆေးရေး)မှ လျှပ်စစ်ကျွမ်းကျင်မှု မွမ်းမံသင်တန်းအမှတ်စဉ်(၁/၂၀၁၄)ကို ၆-၁-၂၀၁၄ရက်မှ ၇-၂-၂၀၁၄ ရက်အထိ ရန်ကုန်မြို့၌ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ ၎င်းသင်တန်းကို ဌာနဆိုင်ရာဝန်ထမ်းမဟုတ်သော လျှပ်စစ်ကျွမ်းကျင်မှုအခြေခံသင်တန်း တက်ရောက်အောင်မြင်ပြီး အရည်အချင်းပြည့်မီသူများနှင့် A.G.T.I, B.Tech, B.E ရရှိပြီးသူများ ၃၁-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**လျှပ်စစ်စစ်ဆေးရေးသင်တန်းဌာန - အမှတ် (၃၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၁-၆၆၄၂၈၉၊ ၀၁-၆၆၄၂၉၃၊ ၀၁-၆၆၃၇၅၃**



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၅၄၃၇၆ Feiting 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူသူဝင်း ၉/မသန(နိုင်)၁၁၆၉၅၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၁၉ယ/၁၇၉၉၉ Yamaha Tricrier 250 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်စိုးဦး ၉/မရတ(နိုင်)၁၃၁၂၀၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၇ယ/၃၁၉၁၇V-Anbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးလောက်အေး ၁၃/လရန(နိုင်)၀၆၉၈၆၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**



### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၃၈၂၃ Wonjan Smash MC ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော်ဝင်း၉/အမဇ(နိုင်)၀၂၂၃၅၄က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

# ဌာနဆိုင်ရာ၊ လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

## ၂၀၁၄ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းတွင် အသုံးပြုမည့် Theme Song နှင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ

## ဖိတ်ခေါ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှ ကြီးမှူးကောက်ယူမည့် ၂၀၁၄ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းအား ၂၀၁၄ မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူမည်ဖြစ်ရာ မကောက်ယူမီ အကြိုကာလနှင့် ကောက်ယူနေသည့်ကာလအတွင်း အသုံးပြုနိုင်ရန်အတွက် **Theme Song နှင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ**ကို ကျင်းပပြုလုပ်မည်ဖြစ်ရာ အောက်ပါအချက်များကို အခြေခံ၍ ထည့်သွင်းစဉ်းစားရွေးချယ်သွားမည် ဖြစ်ပါသည်-

၁။ ပြည်သူလူထုအတွက် ရိုးစင်းလွယ်ကူနားစွဲလွယ်၊ သီဆိုလွယ်သော သံစဉ်စာသားပါဝင်မှု

၂။ ပညာရှင်အဆင့်ရှိ ဂီတပညာ သံစဉ်စာသားပါဝင်မှု

၃။ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ၂၀၁၄ နှင့်သက်ဆိုင်သည့်အကြောင်းအရာ အချက်အလက်ပါဝင်မှု

**ပြိုင်ပွဲဝင်များလိုက်နာရမည့် စည်းကမ်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

၁။ သီချင်းကြာချိန် (၃)မိနစ်မှ (၅)မိနစ်အတွင်း ဖြစ်ရမည်။

၂။ နိုင်ငံတကာဂီတ ဟန်(သို့မဟုတ်) မြန်မာ့ဂီတ ဟန်၊ နှစ်သက်ရာ ဂီတအမျိုးအစားမဆို ရေးသားစပ်ဆိုနိုင်သည်။

၃။ မိမိကိုယ်တိုင်ရေးသားသော ကိုယ်ပိုင်သံစဉ်သီချင်း ဖြစ်ရမည်။

၄။ သီချင်းစာသားစာရွက်နှင့်အတူ တူရိယာဖြင့် တီးခတ်သီဆိုထားသည့် (DEMO CD) (Audio ဖြစ်စေ၊ MP 3 ဖြစ်စေ)ပါဝင်ရမည့်အပြင်-အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်း၊ E-mail လိပ်စာ ပြည့်စုံစွာပါဝင်ရမည်။

၅။ မြန်မာဘာသာစကားဖြင့် ရေးသားစပ်ဆိုရမည်။

၆။ လှုံ့ဆော်ရေးသီချင်းအဖြစ် ရွေးချယ်ခံရသော သီချင်းများအတွက် တစ်ပုဒ်လျှင် ကျပ်ငွေ ခုနစ်သိန်း(၇)သိန်းစီ ချီးမြှင့်ပါမည်။

၇။ Theme Song အဖြစ်ရွေးချယ်ခံရပါက (ငွေကျပ်ဆယ်သိန်း) ငွေကျပ် ၁၀သိန်း၊ ထပ်မံချီးမြှင့်ပါမည်။

၈။ ရွေးချယ်ခံရသော သီချင်းများအတွက် သင့်တော်သည့် သံစဉ်စာသား ပြင်ဆင်မှုများကို ခွင့်ပြုရပါမည်။

၉။ ရုပ်သံထုတ်လွှင့်မှု၊ ထုတ်လုပ်မှုများအတွက် သဘောတူညီခွင့်ပြုရပါမည်။

၁၀။ ၂၀၁၄ ဇန်နဝါရီ ၁၀ ရက် (၁၀-၁-၂၀၁၄)ရက်နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း သီချင်းစာသားနှင့် DEMO CD ကို လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်စာချောဖြင့်လည်းကောင်း ပေးပို့ရပါမည်-

(က) ဒေါ်ခင်ခင်ညို ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၃၃၆၊ ၀၉-၄၂၀၇၀၆၇၄၄

(ခ) ဒေါ်စန္ဒာမြင့် ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၃၆၈၊ ၀၉-၈၃၀၃၉၁၈

(ဂ) ဦးကြည်လင် ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဖုန်း-၀၁-၂၂၂၇၇၆၊ ၀၉-၃၁၅၄၃၉၆၉

၁၁။ သီချင်းရေးသားရာတွင် လိုအပ်သောအချက်အလက်များကို အောက်ပါလိပ်စာများ၌ ရယူနိုင်ပါသည်-

(က) ဒေါ်ခင်ခင်ညို ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၃၃၆၊ ၀၉-၄၂၀၇၀၆၇၄၄

(ခ) ဒေါ်စန္ဒာမြင့် ဒုတိယညွှန်ကြားရေးမှူး၊ ပြည်သူ့အင်အားဦးစီးဌာန၊ ရုံးအမှတ်(၄၈)၊ နေပြည်တော် ဖုန်း-၀၆၇-၄၃၁၃၆၈၊ ၀၉-၈၃၀၃၉၁၈

(ဂ) ဦးကြည်လင် ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ ဖုန်း-၀၁-၂၂၂၇၇၆၊ ၀၉-၃၁၅၄၃၉၆၉

(ဃ) တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနရုံးများ

၁၂။ သတ်မှတ်ရက်ကျော်လွန်ပေးပို့လာသည့် သီချင်းများကို ရွေးချယ်ခြင်းမပြုပါ။

**Theme Song နှင့် လှုံ့ဆော်ရေးသီချင်းရေးပြိုင်ပွဲ ကျင်းပစိစစ်ရွေးချယ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

## ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်

ကြေညာချက်(၉/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ် နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာ ဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၄ခုနှစ် ဧပြီ၊ မေ၊ ဇွန်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များ၊ လစ်လပ်လုပ်ကွက်များနှင့် တနိုင်းဒေသနှင့် ခန္တီးဒေသတို့ရှိ ပယင်းဖော်ထုတ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်)နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၃ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိတ်ထိုးပြီး ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၃ရက်မှ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၂ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

## စလေမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

**ရက်စွဲ** - ၂၅-၁၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့)
**အချိန်** - ၀၉:၀၀ နာရီမှ ၁၁:၀၀ နာရီ
**နေရာ** - စာရင်းစစ်မွှေရုံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊

စလေမြို့နယ်အသင်း(ရန်ကုန်) အသင်းဝင်များ တက်ရောက်ကြပါရန်နှင့် အသင်းဝင်များ၏ သားသမီးများသည် ၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူများ၏ အမှတ်စာရင်းမိတ္တူကို အမှုဆောင်အဖွဲ့ထံ စာရင်းပေးသွင်းကြပါရန်။ **အမှုဆောင်**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၈၉၂၀၊ Moe Hein Light Truck P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှလှရီ ၁၁/မတန(နိုင်)၀၀၀၆၂၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာမြို့)**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၂၂)ရပ်ကွက် (ဝန်ထမ်းကြီး)၊ မြို့ပတ်လမ်း၊ မြေကွက်အမှတ် ၂၂၀၊ ပါမစ်မြေအမျိုးအစား ပေ(၈၀×၆၀)၊ ၀ဒသမ ၁၁၀ဧကအကျယ်ရှိ ဒုတိယဗိုလ်မှူးကြီးသိန်းဌေး ၁၂/မဘန(နိုင်)၀၀၂၀၂၄ အမည်ပေါက် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပါမစ်အမည်ပေါက် ဒုတိယဗိုလ်မှူးကြီးသိန်းဌေးထံမှ ဒေါ်နှောင်းဝဿန် ၁/ဗမန(နိုင်)၀၄၆၇၂၃က အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမျိုးအေး ၁၂/ဥကတ(နိုင်)၀၄၃၆၀၃ ကဝယ်ယူရန် မြေကွက်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့ တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသာထွန်း B.A, R.L**

**တရားလွှတ်တော်ရှေ့နေ (၁၉၀၁)**

**ဖုန်း-၀၉-၉၆၉၉၄၈၄၊ ၀၉-၄၂၁၁၃၉၃၅၇**

| ဒေါ်ဝတ်ရည်ဝင်း | ဦးသော်ဇင် | ဦးငြိမ်းချမ်းထွေး | ဦးစွမ်းထက်ပိုင် |
|---|---|---|---|
| LL.B(၂၈၂၁၅) | LL.B(၃၁၈၅၄) | LL.B(၂၉၃၃၉) | LL.B(၄၀၇၉၅) |
| ဖုန်း-၀၉-၄၂၀၂၇၆၅၃၀ | ဖုန်း-၀၉-၄၃၀၆၄၂၈၁ | ဖုန်း-၀၉-၄၂၁၀၁၆၆၇၉ | ဖုန်း-၀၉-၄၃၀၉၄၆၇၂ |

**အထက်တန်းရှေ့နေများ**

**အမှတ်(၂၀၂)၊ ဥက္ကာ(၇)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမက(၄၉)ကျောင်းလမ်း၊ အမှတ် (၂၉/B)တွင် နေထိုင်သူများဖြစ်သော ဒေါ်နီလာမြတ်ထွန်းအောင် ၁၂/အစန(နိုင်)၁၂၄၀၁၉၊ ဒေါ်အေးအေးမာမြင့် ၁၂/အစန(နိုင်)၁၃၇၅၂၅ နှင့် ဒေါ်ခင်ခင်သင်း ၁၂/အစန(နိုင်)၀၀၉၅၉၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်တို့မိတ်ဆွေများသည် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ လှိုင်မြစ်လမ်းပေါ်ရှိ မြေကွက်အမှတ် ၁၀၂၊ ဧရိယာ ၀ဒသမ ၃၉၉၈ဧကရှိ မြေအမည်ပေါက် ပိုင်ဆိုင်ခဲ့သူ ဦးပု-ဒေါ်ခက်တို့၏အမွေဆက်ခံပိုင်ခွင့်ရှိသူများဖြစ်ကြပါသည်။ အမွေဆက်ခံသူများက ဦးတင်စိန်ဆိုသူအား ငွေကျပ်သိန်း ၆၀၀ ဖြင့်ရောင်းချရန် စရန်ငွေရယူပြီးနောက် ပြီးပြတ်သည် အထိ ရောင်းချခြင်းမရှိသဖြင့် ဦးတင်စိန်က ယခင်ရန်ကုန်တိုင်းတရားရုံးတွင် တရားစွဲဆိုရာ အနိုင်ဒီကရီရရှိခဲ့သဖြင့် ၂၀၀၂ခုနှစ် တရားမဇာရီမှုအမှတ် ၈၅ ဖြင့် ဆောင်ရွက်ခဲ့ရာ အမှုမပြီးပြတ်မီ ဦးတင်စိန်အား နိုင်ငံတော်မှ ပြစ်မှုပုဒ်မများဖြင့်ထိန်းသိမ်းထားစဉ် ၁၇-၁-၂၀၀၇ရက်က ရုံးတော်မှ ဇာရီမှုကို ယာယီပိတ်သိမ်းမိန့်ချခဲ့ပါသည်။ ထိုသို့ဇာရီမှုပြီးပြတ်ခြင်းမရှိသေးမီ ၂-၁၁-၂၀၁၁ ရက်တွင် နိုင်ငံတော်က ဦးတင်စိန်ပိုင်မြေဖြစ်သည်ဟုဆိုကာ မြေပေါ်ရှိ အမွေဆက်ခံပိုင်ဆိုင်နေသူများအား ဖယ်ရှားရှင်းလင်းခဲ့ပါသည်။ သို့ဖြစ်၍ အမွေဆိုင်များက နိုင်ငံတော်အကြီးအကဲများထံ ရှင်းလင်းတင်ပြ ပြန်လည်တောင်းခံထားဆဲဖြစ်ပါသည်။

ထိုသို့ နိုင်ငံတော်အကြီးအကဲများထံမှ တစ်စုံတစ်ရာအပြီးသတ် အဆုံးအဖြတ်လမ်းညွှန်မှု မရရှိသေးမီ အထက်ဖော်ပြပါ မြေပေါ်တွင် မည်သူမျှ အဆောက်အအုံအသစ်ဆောက်လုပ်ခြင်း လုံးဝမပြုလုပ်ရန်အတွက် ကန့်ကွက်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမျိုးမောင်မောင်စိုး | ဦးစိုးသိန်း | ဦးညီညီစိုး |
|---|---|---|
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**ရုံး-** **အမှတ် ၅၀၊ အခန်း(အေ-၁၄)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၇၃၀၂၁၆၈၄**

**အိမ်-** **တိုက်(၁၇)၊ အခန်း(၁)၊ ကြို့ကုန်းရိပ်သာ ကြို့ကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၇၃၁၆၁၃၁၈၊ ၇၃၁၇၃၉၆၃**

**အဓိပတိ Law Firm**

**အမှတ် ၅၅၊ အခန်း(၄)၊ မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ဟိုတယ်ဆိုင်ရာလုပ်ငန်းခွင် အထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်း

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ အသိအမှတ်ပြုသော မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)၏ အနီးကပ်ကြီးကြပ်၍ MHPA ၏ Professional များမှ ဟိုတယ်ဆိုင်ရာ လုပ်ငန်းခွင်အထောက်အကူပြု သင်တန်းအမှတ်စဉ် (၇)ကို အောက်ပါအတိုင်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

**သင်တန်းအမျိုးအစား** ။ ။(၁) Front Office Operation Course
(၂) Housekeeping Operation Course
(၃) Food & Beverages Service Course
(၄) Food & Beverages Production Course (Asian, Europe)
(၅) Effective Hotel & Restaurant Japanese Language

**သင်တန်းကာလ** ။ ။အမှတ်စဉ်(၁)မှ အမှတ်စဉ်(၄)အထိ ၆-၁-၂၀၁၄ရက်မှ ၁၄-၂-၂၀၁၄ရက်အထိ (စုစုပေါင်းရက်သတ္တခြောက်ပတ်) (စုစုပေါင်း နာရီ ၁၂၀)
။အမှတ်စဉ်(၅)သင်တန်းအတွက် စုစုပေါင်း သုံးလ၊ (စုစုပေါင်း နာရီ ၁၀၀)

**သင်တန်းသားဦးရေ** ။ ။တစ်ဘာသာလျှင် သင်တန်းသား ၃၀၊ (လူဦးရေကန့်သတ်ချက်ရှိပါသည်။)

**သင်တန်းကြေး** ။ ။တစ်ဘာသာလျှင် ၆၅၀၀၀ိ/-
ဟိုတယ်ဝန်ထမ်းများအတွက် တစ်ဦးလျှင် ၅၅၀၀၀ိ/-

**သင်တန်းကျောင်းလိပ်စာ** ။ ။အမှတ် ၄၀/၄၂၊ လေးလွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၈၅၅၁၂၅၆၊ ၀၉-၃၁၅၄၄၆၀၃

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှပေးအပ်သော သင်တန်းဆင်း အောင်လက်မှတ်ရရှိနိုင်သော အခွင့်အရေးတစ်ခုဖြစ်ပြီး သင်တန်းတွင်ထူးချွန်သော သင်တန်းသား သင်တန်းသူများအတွက် ဟိုတယ်များတွင် အလုပ်အကိုင်အခွင့်အလမ်း ရရှိမည်ဖြစ်ပါသည်။

## ဒေါ်ကျင်ရွှေနှင့် အများပြည်သူသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်ဝင်း ၉/မထလ(နိုင်)၀၃၆၃၃၇သည် ဒေါ်ကျင်ရွှေ ၉/မထလ (နိုင်)၀၃၆၁၃၈နှင့် ပေါင်းသင်းနေထိုင်ခဲ့ရာ မန္တယ်နီဝင်း၊ မဝင်းမော်ဦး၊ မောင်ထက်အောင်လွင် သားသမီးသုံးယောက် ထွန်းကားခဲ့ပါသည်။ ၁၉၉၈ခုနှစ်တွင် မကျင်ရွှေသည် နေအိမ်မှ ရွှေ၊ ငွေ အရောင်းအဝယ်စာချုပ်များယူဆောင်ပြီး ဆင်းသွားပါသည်။ ထို့အတူ သားသမီးသုံးယောက်မှာလည်း မိခင်နှင့်အတူ ပါသွားပါသည်။ ၎င်းနှင့်လက်ထက်ပွား မည်သည့်ပစ္စည်းမှ မကျန်ခဲ့ပါ။ သို့ပါ၍ ၁၉၉၈ခုနှစ်မှ အတူနေပေါင်းသင်းနေထိုင်ခြင်းမရှိခဲ့သဖြင့် တရားဝင်ဇနီးအဖြစ်မှ စွန့်လွှတ်ပြီးဖြစ်ပါကြောင်း အများပြည်သူများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့် LL.B,D.B.L**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၇၆၂/၈၈)**

**အမှတ် ၁၃၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ၈-၁၂-၂၀၁၃ရက် ကြေညာချက်အား ထပ်မံကန့်ကွက်ခြင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၂ ကံဘဲ့၊ မြေကွက်အမှတ် ၁၆/ခ+၁၆/ဃ+၁၅/ဃ၊ မြေကွက်တည်နေရာအမှတ် ၁၆၊ ကန်ရိပ်သာလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ မြေကွက်မြေပုံကူးယူခြင်းနှင့်ပတ်သက်၍ ၁၀-၆-၂၀၁၃ရက် ရုံးဝင်စာနံပါတ် ၈၆၇၃/၁၀-၆-၂၀၁၃ ဖြင့် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ကန့်ကွက်ထားခဲ့ပြီးဖြစ်ပါသည်။ ၈-၁၂-၂၀၁၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀ တွင် အဆိုပါမြေအား ဒေါ်ချိုလွင်ဦးတို့မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားမှုအား ကန့်ကွက်နိုင်ပါကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ကြေညာပါလာသဖြင့် မြေပုံကူးလျှောက်ထားမှုအား ကူးယူခွင့် မပြုရန် ထပ်မံ(ထပ်မံ) ကန့်ကွက်ပါသည်။

**ဒေါ်လှဲလှဲလွင် ၁၂/ပဘတ(နိုင်)၀၀၃၇၉၅**
**ဖုန်း-၀၉-၄၃၀၅၅၉၀၈**
**ဦးကျော်လွင်ဦး ၁၄/မအပ(နိုင်)၀၀၇၄၆၀**
**ဖုန်း-၀၉-၈၅၈၅၅၅၂**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၀)ရပ်ကွက်၊ ဝန်းသိုလမ်း၊ မြေကွက်အမှတ် ၂၃၂၊ နှစ် ၆၀ မြေငှားဂရန်အမျိုးအစား ပေ(၄၀×၆၀)၊ စတုရန်းပေ ၂၄၀၀ အကျယ်ရှိ ဦးမြင့်ခင် အေဒီ-၀၃၅၇၂၈ အမည်ပေါက်မြေကွက်၏ တရားဝင်မခွဲမစိတ်ရသေးသော ခြေရင်းဘက်ခြမ်း ပေ(၂၀×၆၀)၊ စတုရန်းပေ ၁၂၀၀ အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ဦးမြင့်ခင်ထံမှ ဦးထွန်းရင် ၁၂/ဥကမ(နိုင်)၀၁၀၂၂၀ က အဆက်ဆက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး၊ ဦးထွန်းရင်ကွယ်လွန်ပြီးနောက် တစ်ဦးတည်းသောဇနီး ဒေါ်စန်းစန်းမြင့် ၁၂/ဥကမ(နိုင်)၀၁၀၂၀၅က မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ထား၍ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်လှရီ ၁၂/ရကန(နိုင်)၀၂၈၉၃၂ က ဝယ်ယူရန်မြေကွက်နှင့် နေအိမ်ဖိုးငွေ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်များရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများ၊ တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးသော်ဇင် | ဦးငြိမ်းချမ်းထွေး | ဦးစွမ်းထက်ပိုင် |
|---|---|---|
| LL.B(၃၁၅၈၄) | LL.B(၂၉၃၃၉) | LL.B (၄၀၇၉၅) |
| ဖုန်း-၀၉-၄၃၀၆၄၂၈၁ | ဖုန်း-၀၉-၄၂၁၀၁၆၆၇၉ | ဖုန်း-၀၉-၄၃၀၉၄၆၇၂ |

**အထက်တန်းရှေ့နေများ**

**တိုက် ၄၆၊ အခန်း C-3၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**

## လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

# တတိယအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပခန်းကြီးအထက၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၅ရက် (တနင်္ဂနွေနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ သဒ္ဓါတရားထက်သန်စွာ အလှူငွေများ ထည့်ဝင်လှူဒါန်းကြပါရန်နှင့် ကန်တော့ခံဆရာကြီး ဆရာမကြီးများလည်း ကြွရောက်ကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။ ဆက်သွယ်ရန် ဦးမြတ်သွင် ဖုန်း-၀၉-၂၅၆၁၇၅၆၂၊ ဦးတိုးလွင် ဖုန်း-၀၉-၆၅၅၀၀၂၈၊ ဦးလှမိုးမြင့် ဖုန်း-၀၉-၄၀၁၅၃၆၃၉၆၊ ဦးစိန်နိုင် ဖုန်း-၀၉-၃၃၄၇၀၅၀၀၊ ဦးလွင်မြင့်ဦး ဖုန်း-၀၉-၆၅၇၀၂၄၈။

**ဖြစ်မြောက်ရေးကော်မတီအဖွဲ့**

# ဦးဘုန်းမြင့်အောင် ၁၂/ပဘတ(နိုင်)၀၀၂၀၂၅ နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၀၀ နေ ဦးတင်အောင်လင်း၊ ဒေါ်ခင်မြတို့၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများမှာ ဦးဘုန်းမြင့်အောင်အား ငယ်စဉ်ကပင် သားအဖြစ် မွေးစားခဲ့ပါသည်။ ဦးဘုန်းမြင့်အောင်သည် မွေးစားမိဘများ၏ ဆုံးမစကားကို နားခံခြင်းမရှိသည့်အပြင် ၄င်း၏ဆန္ဒအတိုင်း လုပ်ချင်ရာလုပ်ပြီး နေအိမ်သို့ ၁-၁၁-၂၀၁၃ ရက်မှစ၍ ပြန်လာခြင်းမရှိတော့ဘဲ ထွက်ခွာသွားခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။

ဦးဘုန်းမြင့်အောင်အား နေအိမ်မှထွက်ခွာသည့်ရက်မှစ၍ မွေးစားသားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်လိုက်ပါကြောင်း၊ ဦးဘုန်းမြင့်အောင်နှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေများအနေဖြင့် လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း၊ ဦးဘုန်းမြင့်အောင်နှင့် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့်လည်း ၄င်းနှင့်သာ ဆက်သွယ်ဆောင်ရွက်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဤကြေညာသည့်ရက်မှစ၍ ဦးဘုန်းမြင့်အောင်အနေဖြင့် ကျွန်ုပ်မိတ်ဆွေများနေအိမ်သို့ လာရောက်နေထိုင်ခြင်းကို လုံးဝ(လုံးဝ)ခွင့်ပြုတော့မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်အောင်လင်းနှင့်ဒေါ်ခင်မြတို့၏ ညွှန်ကြားချက်အရ-**

**ဦးမောင်မောင်တင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၃၃၆)**
**အမှတ် ၅၀၊ ပထမထပ်၊ အခန်း အေ-၇၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၀၈၇၀**

# ကျူးကျော်နေထိုင်သူသိရှိစေရန် ကြေညာချက်

နေပြည်တော်၊ မန္တလေးအမြန်လမ်းမကြီး၊ မိတ္ထီလာခရိုင်၊ မိုင်တိုင်အမှတ် ၂၈၄/၄၊ သီးကုန်းလမ်းဆုံအနီးရှိ Rest Camp တွင် ဆိုင်ခန်းအမှတ် H အတွက် ဦးလှိုင်တင့်ဇော် ၁၄/ဟသတ(နိုင်) ၁၉၆၁၂၁ အား မန္တလေးတိုင်းဒေသကြီး၊ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက မြေကွက်နေရာချထားခွင့်ပြုခဲ့ရာ ယခုအချိန်တွင် ဦးအောင်ဇော်ဆိုသူက ယင်းဆိုင်ခန်းမြေနေရာ၌ ကျူးကျော်ဝင်ရောက်၍ ဆိုင်ခန်းဆောက်လုပ်နေသည်ကိုတွေ့ရှိရ၍ ယင်းသို့ကျူးကျော်ဆောက်လုပ်နေခြင်းအား ရပ်ဆိုင်းပါရန်နှင့် ဤကြော်ငြာသည့်ရက်မှအစပြု၍ ၁၀ရက်အတွင်း ဖယ်ရှားထွက်ခွာပေးပါရန် အသိပေးကြေညာအပ်ပါသည်။ လိုက်နာခြင်းမရှိပါက တရားဥပဒေအရ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း တရားဝင်နေရာချထားခံရသူ ဦးလှိုင်တင့်ဇော်၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။ **ဦးလှိုင်တင့်ဇော်၏လွှဲအပ်ချက်အရ-**

**ဦးမောင်မောင် ABEL & Partners LLP**
**တရားလွှတ်တော်ရှေ့နေ (၃၄၇၃)**
**အမှတ် ၅၀၄/၅၀၆၊ (ကွန်ဒို-B) အခန်း A.6၊ ၃၉လမ်းနှင့် ကုန်သည်လမ်းထောင့်၊ ရန်ကုန်မြို့**

# ကန်ထရိုက်တာ ဦးဇော်မင်းထွန်းနှင့် မြေရှင် ဦးတင်ဦးတို့ ချုပ်ဆိုထားသော ကတိစာချုပ်နှင့် အထွေထွေကိုယ်စားလှယ်လွှဲစာတို့အား ပြန်လည်ရုပ်သိမ်းပယ်ဖျက်ခြင်းကို အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် (ခ)/၃၁ (အေ)နေ ဦးတင်ဦး ၁၂/သဃက(နိုင်)၀၂၉၇၉၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်၊ ပြည်သာယာလမ်း၊ အမှတ် ခ/၃၁ (အေ)ဟုခေါ်တွင်သော မြေပေါ်တွင် ၃½ထပ်တိုက်၊ နှစ်ခန်းတွဲ တိုက်သစ်တစ်လုံးနှင့် ၄င်းတိုက်၏ အနောက်ဘက်တွင် ၁၅ပေ×ပေ ၂၀အကျယ်အဝန်းရှိ နှစ်ထပ်တိုက်ကိုဆောက်လုပ်ရန် မြေရှင်နှင့် ကန်ထရိုက်တာ နှစ်ဦးသဘောတူကတိစာချုပ်ကို ၆-၄-၂၀၁၂ရက်တွင် ချုပ်ဆိုခဲ့ပါသည်။ စာချုပ်ပါစည်းကမ်းချက်များနှင့်အညီ ၂၁-၆-၂၀၁၃ရက်အထိ ပြီးပြတ်အောင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ၂၁-၆-၂၀၁၃ရက်စွဲပါ ကတိစာချုပ်အရ ဆောက်လုပ်မည့်သက်တမ်းကာလကို ၂၁-၁၁-၂၀၁၃ရက်အထိ ငါးလတိတိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။ မြေရှင်ဦးတင်ဦးမှ ကန်ထရိုက်တာ ဦးဇော်မင်းထွန်းအား အဆောက်အအုံဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၇၀၀/၂၀၁၂ကိုလည်း ၂၄-၄-၂၀၁၂ရက်က လွှဲအပ်ခဲ့ပါသည်။

၆-၄-၂၀၁၁ ရက်စွဲပါစာချုပ်နှင့် ၂၁-၆-၂၀၁၃ရက်စွဲပါ ကတိစာချုပ်အတိုင်း ၂၁-၁၁-၂၀၁၃ရက်ထိတိုင် ဆက်လက်ဆောင်ရွက်ရန် ကန်ထရိုက်တာဦးဇော်မင်းထွန်းက ပျက်ကွက်ခဲ့၍ မြေရှင်မှာ ယခုအချိန်တွင်များစွာ ထိခိုက်နစ်နာဆုံးရှုံးနေပါသဖြင့် အထက်ဖော်ပြပါ ၆-၄-၂၀၁၁ ရက်နှင့် ၂၁-၆-၂၀၁၃ရက်တွင် ချုပ်ဆိုခဲ့သော နှစ်ဦးသဘောတူကတိစာချုပ်များနှင့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၇၇၀၀/၂၀၁၂တို့ကို မြေရှင်ဦးတင်ဦးက ယနေ့မှစပြီး ပြန်လည်ရုပ်သိမ်းပယ်ဖျက်လိုက်ကြောင်း ကန်ထရိုက်တာ ဦးဇော်မင်းထွန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **မြေရှင်ဦးတင်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ကြူကြူဟန်** | **ဦးအောင်ငြေး** |
| **အထက်တန်းရှေ့နေ (၄၂၅၄၁)** | **တရားလွှတ်တော်ရှေ့နေ (၆၁၂၂)** |

**တိုက် ၉/၁၁၊ အခန်းအမှတ် (၂၀၄/D)၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် ၃၊ မြေကွက်အမှတ် ၁၂၆၊ အကျယ်အဝန်း ပေ(၄၀×၆၀) အမည်ပေါက် ဦးအေးသန်း မြေအမျိုးအစားပါမစ်မြေမှ ခြေရင်းဘက်ခြမ်း ပေ(၂၀×၆၀)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၂၆-ခဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသော ဒေါ်အုန်းမြင့် ၁၂/လသယ (နိုင်)၀၀၂၄၈၉၊ သမီး ဒေါ်ခင်မို့မို့ထွန်း ၁၂/လသယ(နိုင်)၀၁၇၂၀၀တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဒေါ်သီတာမမ** | **ဒေါ်ဝင်းလဲ့လဲ့နိုင်** |
| **(စဉ်-၇၂၂၆)** | **(စဉ်-၄၁၀၃၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**၄၄၊ ပထမထပ်၊ အခန်း ၁၀၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၂၁၅၇၃**

# စက်မှုလက်မှုအထက်တန်းကျောင်း အမှတ် (၂)၊ ရန်ကုန် (ဘောင်ဒရီ)

## ၂၀၁၄ ခုနှစ် နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားများတွေ့ဆုံပွဲ ဖိတ်ကြားလွှာ

စက်မှုလက်မှုအထက်တန်းကျောင်းအမှတ် (၂)တွင် ပညာသင်ယူခဲ့ကြသော တပည့်များမှ ဆရာကြီး ဆရာမကြီးများအား ဂါရဝပြုပူဇော်ကန်တော့ရန်နှင့် ကွဲကွာနေသော ဆရာတပည့်များ ပြန်လည်တွေ့ဆုံနိုင်ရန် အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် ရိုသေစွာ ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| **နေ့ရက်** | - | ၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၂ရက် (တနင်္ဂနွေနေ့) |
| **အချိန်** | - | နံနက် ၈း၀၀နာရီမှ ၁၁း၃၀ နာရီအထိ |
| **အခမ်းအနားစတင်ချိန်** | - | နံနက် ၈း၃၀နာရီ |
| **နေရာ** | - | Dolphin Restaurant<br>မြေပဒေသာကျွန်း၊ နတ်မောက်လမ်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ရှေ့၊ ဗဟန်းမြို့နယ် |

**ကိုခင်ဆွေ (R-72) ဖုန်း-၀၉-၇၃၁၃၁၉၅၇၊**
**ကိုဇော်ဇော်ထွန်း (BC-94) ဖုန်း-၀၉-၂၅၄၀၄၃၃၂၆**

# ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြယာကုန်းလမ်းနှင့်လမ်း ၁၃၀ ထောင့်၊ အမှတ် (၂၉/၃၁)၊ လေးလွှာ (ဝဲ)ခန်း၊ အကျယ်အဝန်း (၁၂½'×၅၀')ရှိ တိုက်ခန်းကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ကြည် ၁၂/မဂတ(နိုင်)၀၆၉၈၆၁ ထံမှ ဦးကျော်ခိုင်(ခ) ခိုင်ဟူးဆောင် E/DGNMTT-၀၁၄၈၃၈ က ဝယ်ယူရန် အရောင်းအဝယ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ပိုင်ရေးပိုင်ခွင့်ဆိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများတင်ပြ၍ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူတစ်ဦးတစ်ယောက်မျှ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးချစ်လွင် (ADVOCATE), B.Com (A.A) D.E.P; R.L**
**တရားလွှတ်တော်ရှေ့နေ (၂၈၅၉)**
**အမှတ် (၁၉)၊ ၁၂၇လမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ဖုန်း-၂၉၇၈၃၀၊ ၂၉၄၇၄၄**

# သွားနုတ္တသမီးဖြစ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာချက်

မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ ပန်းကုန်းကျေးရွာ၊ သင်ပေါင်းချောင်းရပ်၊ အမှတ် ၄ ရပ်ကွက်နေ ဦးအုန်းကြည်(ခ)ဦးချစ်ခိုင် ၁၀/ပမန(နိုင်)၀၈၆၉၁၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးအုန်းကြည်(ခ)ဦးချစ်ခိုင်၏သမီးအကြီးဆုံးဖြစ်သူ ဒေါ်ခင်အေး ၁၀/ ပမန(နိုင်) ၀၈၁၆၈၇ သည် အသက်အရွယ်ကြီးရင့်ပြီးဖြစ်သော ဖခင်အိုကြီးအား ကြည့်ရှုစောင့်ရှောက်ကျွေးမွေးပြုစုမှုမရှိခြင်း၊ မကြားဝံ့မနာသာများကို ခိုင်းနှိုင်းပြီး ရန်သူသဖွယ်ရိုင်းပျစွာ ပြောဆိုခြင်း၊ အများသူငါ ထင်ယောင်ထင်မှားဖြစ်စေရန် စွပ်စွဲသမုတ်ပြောဆိုခြင်း၊ ဖခင်အိုကြီး မျက်ရည်ပေါက်ကြီးငယ် ကျလောက်အောင် ပြုလုပ်ဆောင်ရွက်ခဲ့သည့်အတွက် သက်ဆိုင်ရာကျေးရွာလူကြီးများမှ ဖြေရှင်းပေးရသည်အထိ ဖြစ်ပွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ဖခင်အိုကြီးအနေဖြင့် သမီးကြီးဒေါ်ခင်အေး၏စော်ကားမှုများ၊ ဆိုးကျိုးများကို ဖြစ်ပေါ်စေရန် စွပ်စွဲသမုတ်ပြောဆိုခြင်း၊ ဖခင်အိုကြီးမျက်ရည်ပေါက်ကြီးငယ်ကျလောက်အောင် ပြုလုပ်ဆောင်ရွက်ခဲ့သည့် ပြောဆိုပြုမှုဆောင်ရွက်ချက်များအပေါ် ဆက်လက်သည်းခံနိုင်စွမ်းမရှိတော့ပါသဖြင့် ဒေါ်ခင်အေးအား သွားနုတ္တသမီးဖြစ်ကြောင်းနှင့် အမွေပြတ်စွန့်လွှတ်ပါကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအုန်းကြည်(ခ)ဦးချစ်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမောင်မောင် (မွန်) LL.B (Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၄၃၆၆)**
**အမှတ် ၆၈၊ သရဖီလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကန်ကြီးအောက်ပိုင်း၊ ဇင်းကျိုက်မြို့၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်၊ ဖုန်း-၀၉-၂၅၅၇၀၄၄၆၅၊ (အိမ်)၀၉-၄၉၈၀၈၁၀၀**

# ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ အင်္ဂပူလမ်း၊ တိုက်အမှတ် ၄၀၊ RC ခြောက်ထပ်တိုက်၏ စတုတ္ထထပ်၊ ငါးလွှာခေါင်းရင်းခန်းဟုခေါ်တွင်သော တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့်စပ်လျဉ်း၍ အများသိစေရန်ကြေညာခြင်း

အထက်ပါလိပ်စာတွင်တည်ရှိသည့် ဖော်ပြပါနေအိမ်တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးမောင်မောင် AA-၀၄၄၂၀၈ နှင့် ဒေါ်လှလှမင်း ၁၂/စခန(နိုင်)၀၄၇၁၁၉ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောတရားဝင်စာချုပ်စာတမ်းများတင်ပြ၍ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းထွန်းသာ (စဉ်-၉၉၀၅)**
**ရှေ့နေနှင့် စာချုပ်စာတမ်းဥပဒေအကြံပေး**
**ဖုန်း-၀၉-၇၃၁၂၄၀၇၄၊ ၀၉-၂၅၄၀၀၅၀၈၂**

# သက်ဆိုင်သူများသို့ အကြောင်းကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄/ဘီ၊ မြေကွက်အမှတ် ၂၂၊ ဧရိယာစတုရန်းပေ (၂၅×၅၀) ၁၂၅၀ စ/ပ ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁)၊ ချွန်း ၂လမ်း၊ ပုသိမ်ညွှန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွှန့်မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်နေဇင်မြင့်မောင် ၉/မကန(နိုင်)၀၈၀၀၆၆ က (၁)ဒေါ်မြင့်တင် ၁၂/ပဇတ(နိုင်)၀၀၂၃၂၄၊ (၂)ဒေါ်ရှုဝါ ၁၂/မဂတ(နိုင်)၀၅၂၁၅၂၊ (၃)ဦးဝင်းစိန် ၁၂/မဂတ(နိုင်)၀၅၂၈၆၁၊ (၄)ဦးဝင်းလှိုင် ၁၂/မဂတ(နိုင်)၀၅၂၁၅၄၊ (၅)ဦးဝင်းမြင့် ၁၂/မဂတ(နိုင်)၀၇၈၂၁၆၊ (၆)ဒေါ်ရင်မြင့် ၁၂/မဂတ(နိုင်)၀၆၄၆၂၉၊ (၇)ဦးကျင်ဆိုင် ၁၂/မဂတ(နိုင်)၀၅၂၁၂၈၊ (၈)ဒေါ်ခင်ငြေး ၁၂/မဂတ(နိုင်) ၀၅၂၁၃၁၊ (၉)ဒေါ်ငြေးငြေးရင် ၁၂/မဂတ(နိုင်)၀၆၄၈၂၄၊ (၁၀)ဒေါ်မဆိုင် ၁၂/သဃက(နိုင်) ၁၇၈၄၅၂ တို့ထံမှ ၃၀-၄-၂၀၁၃ရက်စွဲပါ မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ်ပဋိညာဉ်စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အပြီးအပိုင်လွှဲပြောင်းရောင်းချ ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ်အား လက်ရောက်ရရှိခဲ့ပြီးသော်လည်း ဒေါ်မြင့်တင်ပါ (၁၀)ဦးမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နေဇင်မြင့်မောင်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးခဲ့ခြင်းမရှိခဲ့ပါ။ လူကြီးမင်းတို့ရောင်းချခဲ့ပြီးသော ဖော်ပြပါမြေ၊ အိမ်နှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေအား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ရေးအတွက် ဤအကြောင်းကြားစာပါသည့်ရက်မှ ၁၄ရက်အတွင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပါရန် အကြောင်းကြားသိစေအပ်ပါသည်။ သတ်မှတ်ရက်အတွင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးခြင်း(သို့မဟုတ်)မည်ကဲ့သို့ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း ဆက်သွယ်ပြန်ကြားခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အကြောင်းကြား သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ကျုံးနိုဒိမ်** | **ဒေါ်သက်သက်လှိုင်** | **ဒေါ်ငြေးနွဲ့ LL.B, D.B.L, D.M.L** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၈)** |
| **(စဉ်-၃၇၉၂၇)** | **(စဉ်-၂၅၁၂၇)** | **အမှတ် ၁၀/၁၂၊ အခန်း (၁၀၄-I)၊ ပထမထပ်** |

**၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၁၁၉၄၇၈**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| **စဉ်** | **အမျိုးအမည်** | **အရေအတွက်** |
|---|---|---|
| (က) | ချောဆီ (အင်ဂျင်ဝိုင်၊ အမဲဆီ) | I Lot |
| (ခ) | မြေအောက်ရေစက်ရေတွင်းမှ နေရောင်ခြည်စွမ်းအင်သုံး ရေတင်စက်တပ်ဆင်ခြင်း (Solar Pump) | I Lot |

၂။ ဈေးနှုန်းတင်ဒါတင်သွင်းပုံစံများ

**စတင်ရောင်းမည့်ရက်** - ၁၇-၁၂-၂၀၁၃ ရက်

**အိတ်ဖွင့်တင်ဒါပိတ်ရက်** - ၃၁-၁၂-၂၀၁၃ ရက်

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့၊ ဖုန်း-၀၇၁-၂၃၂၅၄၊ ၂၃၆၂၄**

# ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၇၅၀၂၂ Honda Click M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသန္တာ ၁၃/ကမန(နိုင်)၀၈၆၄၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

# ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၄၉၇၊ မြေကွက်တည်နေရာအမှတ် ၄၉၇၊ ၉ လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ မစ္စ(စ်)လှဖေအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် မစ္စ(စ်)လှဖေထံမှ ပိုင်ဆိုင်ကြောင်းစာချုပ် ၄၈၆၀ (၂၆-၉-၂၀၁၂)ဖြင့် ရရှိသူ ဦးနယ်ဆင်လှဖေ ၁၂/ဒဂန (နိုင်)၀၂၂၄၆၆၊ ဒေါ်မာလာဖေ ၁၂/ဥကတ (နိုင်)၀၁၅၄၁၁၊ ပရီဗီလာ(ခ)သူဇာဖေ ၁၂/ဥကတ(နိုင်)၀၁၅၄၃တို့က ဂရန်ပျောက်ဆုံးကြောင်း၊ တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်မြို့နယ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့၏ ထောက်ခံချက်များတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်)မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ကန့်ကွက်နိုင်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ ဥသာမြို့သစ်၊ (၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၁၁၉၊ အလျား ပေ၄၀၊ အနံ ပေ၆၀ရှိ မြေကွက်ပေါ်တွင် တစ်ထပ်တိုက် အိမ်ဂရန်အမည်ပေါက် ဦးသိန်းဟန် TPN-၀၀၇၃၆၉ ရောင်းချခွင့်ရှိသူ ဒေါ်ဇင်မင်းထိုက် ၁၀/မလမ(နိုင်) ၁၇၀၀၇၀ ထံမှ ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားပြ၍ တစ်ပတ်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မကလျာဝင်း**
**ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၃၀၄၉၈၊ ၀၉-၇၃၀၁၉၆၆၉၊ ၀၉-၅၁၈၁၂၇၅**

# အများသိစေရန်

တောင်ငူမြို့၊ ရပ်ကွက်အမှတ် ၁၃၊ အကွက်အမှတ် ၅-ဂ၊ ဈေးတန်း၊ ဦးပိုင်အမှတ် ကာ/၇၄၊ ဧရိယာ ၀ ဒသမ ၁၃၈ အကျယ်အဝန်းရှိသော အမှတ် ၄၅၂ ဟုခေါ်တွင်သောမြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် တောင်ငူမြို့နယ် မြေစာရင်းဦးစီးဌာန၏ မြေစာရင်းပုံစံ ၁၀၅တွင် ဦးကျော်ရင်အမည်ပေါက်ပြီး မြေစာရင်းပုံစံ ၁၀၆၊ ဦးပိုင်တစ်ခု၏ရာဇဝင်တွင် ၁-ကတွင်လည်း ဦးကျော်ရင်၏ အမည်ပေါက်မှတ်တမ်းတင်ထားပြီးဖြစ်ရာ ပိုင်ဆိုင်သူ ဦးကျော်ရင်ကွယ်လွန်သွားပြီးနောက် ဆက်ခံပိုင်ဆိုင်သူ ဦးကျော်ရင်၏ဇနီး ဒေါ်မိုးမိုးမြင့်၏ ခွင့်ပြုချက်မရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ ငှားရမ်းခြင်းနှင့် အခြားသူများ ဝင်ရောက်နေထိုင်ခွင့်မရှိကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်)(စဉ်-၃၅၂၅/၈၆)** | **ဒေါ်အိဖြူဝင်းမြင့် (စဉ်-၉၂၅၆/၁၃)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **အမှတ် ၁၁၇၇၊ ဆိုရှယ်လစ် ၈လမ်း၊** | **တိုက် ၁၄၊ အခန်း ၄၊ ရှင်စောပု** |
| **ပဲခူးမြို့၊ ဖုန်း-၀၉-၅၃၀၂၂၆၃** | **ဝန်ထမ်းအိမ်ရာ၊ ပဲခူးမြို့၊** |
| | **ဖုန်း-၀၉-၄၂၈၁၉၂၉၉၇** |

# အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ အမရဋ္ဌာနီအရှေ့ရပ်တွင် နေထိုင်သူ ဒေါ်ရန်ရှုချင်(ခ)ဒေါ်ယဉ်ယဉ်အေး ၁၃/တကန(နိုင်)၀၀၃၈၄၄ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်အမှုသည်နှင့် ဦးကျန်အန်းဝေ ၁၃/ကခန(နိုင်)၀၁၃၀၄၆ တို့သည် လွန်ခဲ့သော ၂၀၀၀ ခုနှစ်တွင် နှစ်ဦးသဘောတူလက်ထပ်ပေါင်းသင်းခဲ့ကြပါသည်။ ၂၀၀၆ ခုနှစ်တွင် တစ်ဦးနှင့် တစ်ဦးစိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိတော့ပါသဖြင့် မန္တလေးခရိုင်တရားရုံးတော်၌ မှတ်ပုံတင်အမှတ်စဉ် (၁၀၅၉/၂၀၀၆)ဖြင့် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲစာချုပ်ပြုလုပ်၍ ကွာရှင်းပြတ်စဲခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်အမှုသည်နှင့် ဦးကျန်အန်းဝေတို့သည် ကွာရှင်းပြတ်စဲသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေးကိစ္စအဝဝတို့တွင် မည်သို့မျှပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း နောက်နောင်၎င်းနှင့်ပတ်သက်သည့် ပြဿနာများကိုလည်း တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိုင်းထွန်းရှိန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၉၅)**
**၄၀၈၊ အရှေ့မြို့ပတ်လမ်း၊ မင်္ဂလာဦးရပ်၊ တောင်ကြီးမြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၁)ရပ်ကွက်၊ ဗိုလ်မိုး ၃လမ်း၊ အမှတ် ၈၉၆ (က)၊ တစ်ထပ်သစ်သားအိမ်အပါအဝင် ခေါင်းရင်းခြမ်းပေ(၂၀×၆၀) အမည်ပေါက် ဒေါ်သန်းသန်း NBN-၁၅၉၂၈၉ ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးသိန်းဆွေ ၁၂/လမန (နိုင်)၁၂၃၇၉၁ ထံမှ ကျွန်မဒေါ်မြမြဝင်းက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်နှင့်မြေရောင်းချခြင်းနှင့်ပတ်သက်၍ အကျိုးခံစားခွင့်ရှိသူ(သို့)ရောင်းသူ၌ ရောင်းချပိုင်ခွင့်မရှိကြောင်း ကန့်ကွက်လိုသူ မည်သူမဆို ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူတစ်စုံတစ်ရာမရှိပါက အိမ်နှင့်မြေအရောင်းအဝယ်အား တရားဝင်အရောင်းအဝယ်စာချုပ်ပြီးဆုံးသည်အထိ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြမြဝင်း**
**အမှတ် ၁၀၈၊ အဓိပတိလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံ၊ ဖုန်း-၀၉-၃၁၁၂၂၉၀၆**

ကြော်ငြာ

အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်တင်**

**(တိုင်းပညာရေးမှူး၊ ငြိမ်း)**

**အသက်(၉၀)**

ချစ်ခင်လေးစားရပါသော ဖေတင် ၄-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မေကြည်၊ ဦးရည်မွန်(ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)-ဒေါ်ချယ်ရီတင်၊ ဒေါက်တာတင်မောင်ဟန် (ပါမောက္ခချုပ်၊ မန္တလေးဆေးတက္ကသိုလ်)-ဒေါ်နွယ်နီခင်(ပါမောက္ခ/ဌာနမှူး၊ငြိမ်း၊ မန္တလေးအဝေးသင်တက္ကသိုလ်) မိသားစုတို့နှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒေါက်တာကျော်မြင့်ဟန်-ဒေါ်သင်းသင်းလှိုင် မိသားစု**

**တိုင်းမေ့ဆေးအထူးကုဆရာဝန်ကြီး၊ မုံရွာမြို့**

---

ဝမ်းနည်းကြေကွဲခြင်း

**ဦးစံထူး (မုဒုံ)**

**အသက်(၈၆)နှစ်**

သူငယ်ချင်း ဗိုလ်ကြီးခိုင်ထူး(ငြိမ်း)-ဒေါ်သန်းသန်းဆင့်တို့၏ ဖခင်ဖြစ်သူ ဦးစံထူး(မုဒုံ)သည် ၁၆-၁၂-၂၀၁၃ရက် (တနင်္လာနေ့) ည ၇း၄၅နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းတို့မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တေဇ(၁၁)သူငယ်ချင်းမိသားစုများ**

---

ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ကြည်ကြည်**

**(ခရမ်းမြို့နယ်)**

**အသက်(၈၆)နှစ်**

ဗိုလ်ကြီးကျော်နိုင်(ငြိမ်း)-ဒေါ်စမ်းမြင့်နွယ်တို့၏မိခင် ဒေါ်ကြည်ကြည်သည် ၁၇-၁၂-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဗိုလ်သင်တန်းအမှတ်စဉ်(၇၀)သူငယ်ချင်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညိုညို (Ellen)၊ အငြိမ်းစားကုန်သွယ်ရေး**

**အသက်(၈၂)နှစ်**

ဗိုလ်ကြီးအောင်မိုးကျော်(ငြိမ်း) (မန်နေဂျာ၊ မြန်မာ့မီးရထား)-ဒေါ်စန္ဒာစိုးတို့၏မိခင်သည် ၁၃-၁၂-၂၀၁၃ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၅)မှ**

**ကျောင်းဆင်းဘက်သူငယ်ချင်းများ**

---

ဝမ်းနည်းကြေကွဲခြင်း

**ဦးသိန်း (သိန်းကမ္ဘာမုန့်တိုက်)**

**စည်ပင်သာရပ်၊ ရေနံချောင်းမြို့**

**အသက်(၈၀)**

မဆွေ General Manager(Accounting & Finance Dept Super One Co.,Ltd.၏ဖခင် ဦးသိန်းသည် ၁၃-၁၂-၂၀၁၃ရက် (သောကြာနေ့) ည ၁၀း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**CM & CEO,MD (Super One Co.,Ltd.) နှင့် ဝန်ထမ်းမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်မောင်ဝင်း (မိုးကုတ်)**

**မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်(ဒုတိယဥက္ကဋ္ဌ)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ ဦးကျော်စိန်-ဒေါ်မြင့်မြင့်ရီတို့၏မောင်သည် ၁၃-၁၂-၂၀၁၃ရက်တွင် ဘန်ကောက်မြို့၌ ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မိုးကုတ်ဝိပဿနာအဖွဲ့အမှတ်(၃၃၀)**

**ကဝိရတနာကျောင်းတိုက်၊**

**ကျောက်တော်မြို့၊ ရခိုင်ပြည်နယ်**

---

ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်မောင်ဝင်း (မိုးကုတ်)**

**မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်(ဒုတိယဥက္ကဋ္ဌ)**

**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ ဦးကျော်စိန်-ဒေါ်မြင့်မြင့်ရီတို့၏မောင်သည် ၁၃-၁၂-၂၀၁၃ရက်တွင် ဘန်ကောက်မြို့၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ်(၆၈၃)**

**ကဝိရတနာကျောင်းတိုက်၊**

**ပုလဲမြို့သစ်၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့**

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်ခင်သန်းဆွေ M.F.T.B (ငြိမ်း)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရန်ငြိမ်းအိမ်ရာ၊ တိုက် ၉/၁၊ အခန်း ၁၂နေ (ဦးအောင်သန်း)-ဒေါ်ကေတီတို့၏သမီး၊ (ဦးဘခင်-ဒေါ်လှရိပ်)တို့၏ချွေးမ၊ (ဦးမောင်မောင်ကြီး)-ဒေါ်အေးသန့်တို့၏ညီမ၊ ဦးပေါ်ရှိန်(ရေတပ်၊ ငြိမ်း)၏ဇနီး၊ ဦးကြည်ဦးတိုး(THACO Shipping) - ဒေါ်ဝါဝါရှိန် (I.O.M)၊ ဦးအောင်ကျော်ရှိန်(S.R.S Shipping)-ဒေါ်ဖြူပြာလွင်၊ ဦးမောင်မောင်ပြည့်စုံ (CH Shipping)တို့၏မိခင်၊ မောင်မင်းသွင်တိုး၊ မောင်သာထက်ရှိန်တို့၏အဘွားသည် ၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၅နာရီတွင် S.S.C အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဦးချစ်လှ (မြိတ်မြို့)**

**အသက်(၉၃)နှစ်**

ထားဝယ်မြို့၊ ဆင်ပုနစ်ရပ်နေ (ဦးသိန်းမောင်-ဒေါ်အို)တို့၏သား၊ မြိတ်မြို့၊ ကန်ဖျားရပ်ကြီး၊ မြေနီလမ်းနေ ဒေါ်မြထင်၏ခင်ပွန်း၊ ဦးမောင်မောင်စိုး၊ ဒေါ်မြမြငွေ၊ ဦးအောင်သန်း၊ ဒေါ်တင်တင်ထွေး (ကန်စွန်းအင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ မြိတ်မြို့)၊ ဦးသန်းထွေး (သုတအောင်စာပေ၊ မြိတ်)တို့၏ဖခင်သည် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

**ဒေါ်သိန်းညွန့် (ဇလွန်မြို့)**

**အသက်(၈၈)နှစ်**

ဇလွန်မြို့နေ (ဦးမောင်ခင်-ဒေါ်ဖွားခင်)တို့၏သမီး၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၁၈-F၊ အာကာလမ်း၊ သီရိကန်သာအိမ်ရာနေ (ဦးချစ်လှိုင်)၏ဇနီး၊ ဦးမြင့်ဆွေ(ရုံးအဖွဲ့မှူး၊ ငြိမ်း၊ စက်မှုဝန်ကြီးဌာန)-ဒေါက်တာစန်းစန်းဝင်း(ခေတ္တ-မလေးရှား)၊ ဦးမြင့်ဆွေ(ဟသ်ာတခရိုင် လျှပ်စစ်ရုံး)-ဒေါ်အေးအေးမြင့်(အလပြ၊ ငြိမ်း)၊ ဦးသောင်းမြင့်(စိုက်ပျိုးရေးဦးစီးဌာန)-ဒေါ်ရီရီမြင့်(စိုက်ပျိုးရေးဦးစီးဌာန၊ငြိမ်း)၊ ဦးစိုးတင့်(ပါမောက္ခချုပ်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း)-ဒေါ်ခင်ဝင်းကြည်၊ ဦးလှမင်းတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၁၉-၁၂-၂၀၁၃ရက် နံနက် ၄း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဒေါ်ခင်အေး**

**အသက်(၇၈)နှစ်**

မွန်ပြည်နယ်၊ သထုံခရိုင်၊ သိမ်ဆိပ်ကျေးရွာနေ (ဦးပါ-ဒေါ်ငွေရှိန်)တို့၏သမီး၊ (ဗိုလ်ကြီးလှမောင်၊ ငြိမ်း)၏ဇနီး၊ ဒုအရာခံဗိုလ်စန်းလွင်(ရကတ)-ဒေါ်နွဲ့နွဲ့စန်း၊ ဒုအရာခံဗိုလ်မြင့်သိန်း(ငြိမ်း)-ဒေါ်ခင်ဝင်း၊ ဦးမောင်ကောင်း-ဒေါ်မြဝင်း၊ ဒုအရာခံဗိုလ်ကျော်လွင်(လကခ)-ဒေါ်အေးသန်း၊ ဒုအရာခံဗိုလ်အောင်လွင်(လစရ-၂)-မအေးချို၊ အရာခံဗိုလ်သိန်းလွင်(ဥစတ)-ဒေါ်နီလာဦး၊ ဦးလှအောင်(RPMM)-ဒေါ်လှလှဝင်း၊ ဦးဇော်လွင်-ဒေါ်သီတာလွင်၊ ဒေါ်မြင့်မြင့်ဝင်းတို့၏မိခင်၊ မြေး ၂၁ယောက်၊ မြစ် ၁၁ယောက်တို့၏အဘွားသည် ၁၈-၁၂-၂၀၁၃ရက် နံနက် ၉း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဦးဝင်းမောင်**

**B.Sc Botany (၁၉၇၂)**

**လက်ထောက်စက်ရုံမှူး (ဘဏ္ဍာရေး၊ ငြိမ်း)**

**တပ်မတော်ချည်ထည်စက်ရုံ (မိတ္ထီလာ)**

**အသက်(၆၅)နှစ်**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ ယုဇနလမ်းနေ ဦးငွေးမြင့်(တပ်မတော်ချည်ထည်စက်ရုံ၊ ငြိမ်း)-ဒေါ်မေလွင် (တပ်မတော်ချည်ထည်စက်ရုံ၊ ငြိမ်း)တို့၏အစ်ကို၊ ဦးအောင်သက်ဦး(ပြည်နယ်ဦးစီးဌာနမှူး၊ ကယားပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)-ဒေါ်အိအိမောင်၊ ဦးနိုင်လင်းစိုး (ဘုရင်မခတ်ပုံတိုက်)-ဒေါ်သွဲ့သွဲ့မောင်(တရားလွှတ်တော်ရှေ့နေ)တို့၏ဖခင်၊ မောင်ဆက်ဝေယံဦး၊ မောင်ဖိုးလပြည့်တို့၏ဘိုးဘိုးကြီးသည် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၂-၂၀၁၃ရက် ညနေ ၃နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

**ဦးဝင်းမောင်**

**B.Sc Botany (၁၉၇၂)**

**လက်ထောက်စက်ရုံမှူး(ဘဏ္ဍာရေး၊ ငြိမ်း)**

**တပ်မတော်ချည်ထည်စက်ရုံ (မိတ္ထီလာ)**

**အသက်(၆၅)နှစ်**

မိတ္ထီလာမြို့၊ ရန်မျိုးအောင်ရပ်ကွက်၊ ယုဇနလမ်းနေ ဦးညီခ(ဝါလုပ်ငန်း၊ စက်မှု-၁ဝန်ကြီးဌာန၊ ငြိမ်း)-ဒေါ်စောညွန့်တို့၏သား၊ ဒေါ်စမ်းစမ်းမြင့်၏ခင်ပွန်း၊ ဦးဝင်းအောင်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်ကြည်ကြည်မာ၊ ဦးခင်ဇော်၊ ဦးသန်းထိန်(ဦးစီးအရာရှိ၊ဆည်မြောင်းဦးစီးဌာန၊ မတ္တရာ)-ဒေါ်မြင့်မြင့်ခိုင်၊ ဦးထင်ကျော် (လက်ထောက်ညွှန်ကြားရေးမှူး၊ ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ လဟယ်)-ဒေါ်မီမီစိုးလင်း (ကထိက၊ ရူပဗေဒဌာန၊ မိတ္ထီလာတက္ကသိုလ်)တို့၏အစ်ကိုသည် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)ည ၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၉-၁၂-၂၀၁၃ရက် ညနေ ၃နာရီတွင် မြင်တော်ကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်အေးမြိုင်**

**အသက်(၆၃)နှစ်**

ဦးတင့်လွင်(တွဲဖက် မြို့နယ်တရားသူကြီး၊ သာစည်မြို့နယ်)၏မွေးသမိခင်မိခင်ကြီး ဒေါ်အေးမြိုင်သည် ၁၈-၁၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**တရားရေးဝန်ထမ်းအပတ်စဉ်(၁၃)မှ**

**သူငယ်ချင်းများ**

---

အထူးဝမ်းနည်းကြေကွဲခြင်း

**နော်ဝါးရီးဝင်း**

**အသက်(၄၄)နှစ်**

ဦးထွန်းထွန်း(မန်နေဂျင်းဒါရိုက်တာ) Red Horse Dairy Industries Limited ၏ ချစ်လှစွာသောဇနီး နော်ဝါးရီးဝင်းသည် ၁၅-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၇၃ခုနှစ် ဘူမိဗေဒ**

**ကျောင်းသား/ကျောင်းသူများ**

---

**ဒေါ်သောင်းကျင်**

**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စဉ့်ကူရပ်ကွက်၊ စိန်ရတနာလမ်း၊ အမှတ် ၇၇၃နေ ဒေါ်သောင်းကျင်သည် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၀း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ သင်္ဂြိုဟ်မည့်ရက်ကို ထပ်မံကြေညာမည် ဖြစ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်

အလှူ့ဒါယကာကြီး

**ဦးဘိုးသိန်း(ခ)ဦးသိန်းငွေး**

**(မိုးလျှံဒစ္စဗိုးဝွေလုပ်ငန်း)**

**အသက်(၆၇)နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ ကျိုက္ကဆံအိမ်ရာ တိုက်အမှတ် ၂၊ အခန်း ၃၀၃နေ ဒေါ်မြင့်မြင့်ယဉ်၏ခင်ပွန်း၊ ဦးဖြိုးမြင့်မောင်-ဒေါ်သင်းငင်းဆွေ၊ဦးမင်းနောင်-ဒေါ်အိအိမွန်၊ မသီသီဆွေ၊မောင်ကျော်မင်းသူတို့၏ဖခင်၊ မဆုမြတ်နိုးထက်၊ မောင်ဖြိုးမင်းထက်တို့၏အဘိုးသည် ၁၈-၁၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၁၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်) ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဦးဆောင်းမြင့်ဦး (ပျော်ဘွယ်)**

**အသက်(၄၆)နှစ်**

ပျော်ဘွယ်မြို့၊ မြင်းဘက်ရပ်နေ(ဦးမြင့်ငွေ-ဒေါ်ခင်သန်း)တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်နေ (ဦးဆင်မြူရယ်-ဒေါ်တင်လှ)တို့၏သားသမက်၊ အင်းစိန်မြို့နယ်၊အရှေ့ကြို့ကုန်းရပ်ကွက်၊ တိမ္မေးကုဝင်း၊ အမှတ် 5/D နေ ဒေါက်တာဒေါ်အက်စတာ [လ/ထ ညွှန်မှူး(ဖြည့်/သို)တိမ္မေးကုဦးစီးဌာန ]၏ခင်ပွန်း၊မောင်ကောင်းမြတ်ဦး၊ မမြတ်စုဦးတို့၏ဖခင်၊ ဦးအောင်ဝင်းချို-ဒေါ်ရီရီရွှေ၊ ဦးခင်မောင်အေး-ဒေါ်ခင်မြသွေး၊ ဦးလှအေး-ဒေါ်သက်သက်မြင့်၊ ဦးထိန်ဝင်းချို-ဒေါ်ထက်ထက်မြင့်၊ (ဦးမိုးမြင့်)-ဒေါ်သင်းသင်းချိုတို့၏ညီ/မောင်၊ ဦးစန်းလွင်-ဒေါ်ထိုက်ထိုက်မြင့်တို့၏အစ်ကို၊တူ၊တူမ ၁၅ယောက်တို့၏ဦးလေးသည် ၁၈-၁၂-၂၀၁၃ရက် နံနက် ၁၀း၁၀နာရီက ဗဟိုစည်အထူးကုဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ရက် နံနက် ၁၀း၃၀နာရီ၌ ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါ်အေးအေးမြင့်**

**အသက်(၄၄)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ရွှေဘုန်းပွင့်ဘုရားလမ်း၊အမှတ် ၈၅နေ (ဦးသန်းစိန်)-ဒေါ်ကြည်တို့၏သမီး၊ ဦးတင်မြင့်-ဒေါ်ညွန့်ကြည်တို့၏သမီးချွေးမ၊ သဃ်န်းကျွန်းမြို့နယ်၊ စံပြ ၂လမ်းနေ ဦးခင်ဝင်း - ဒေါ်စန်းမြင့်၊ ဦးအေးရွှေ-(ဒေါ်အေးသိန်း)၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းအေး၊ ဗိုလ်မှူးကိုကို (ငြိမ်း) (အမှုဆောင်အရာရှိ၊ တာချီလိတ်မြို့နယ်စည်ပင်) - ဒေါ်ငယ်ငယ်(ခ)ဒေါ်သန်းသန်းဆင့်၊ ဒေါ်သန်းသန်းရီတို့၏ညီမ၊ ဗိုလ်ကြီးကောင်းဆက်ဟိန်း(ခ) ချစ်ကိုကိုဦး-ဒေါက်တာဥက္ကာဇင်၊မောင်ချစ်ကိုကိုလတ်၊ မလဲ့သန္တာကိုကိုထွေးတို့၏အဒေါ်၊ မသဇင်ဝင်း၊ မမေသဇင်သန့်တို့၏မိခင်၊ ဦးသန့်ဇင်ထွန်း၏ဇနီးသည် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁နာရီတွင် မြောက်ဥက္ကလာပ ပြည်သူ့ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ရက်(သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။(ရွှေဘုန်းပွင့်ဘုရားလမ်း နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၂-၂၀၁၃ရက်(အင်္ဂါနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

စူဠ အာဘိဓမ္မိက ဝိသိဋ္ဌ ဥက္ကဋ္ဌ ကလျာဏ ဉာဏဓဇ

**ဆရာမကြီး ဒေါ်သန်းမြင့်**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့နေ (ဦးချို-ဒေါ်မမလေး)တို့၏သမီး၊ (ဒေါ်ရင်နု)၏ညီမ၊ ဒေါ်ခင်ရှူ၊ (ဦးစွမ်းရီ)၊ (ဦးအေးသန်း)တို့၏အစ်မ၊ ရန်ကုန်မြို့၊ (P-6)၊ မြနန္ဒာလမ်း၊ မြကန်သာအိမ်ရာ၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်နေ (ဦးညွန့်သန်း)-ဒေါ်လှနှင်းခိုင် (M.D-International School of Myanmar)၏မိခင်၊ ကိုဇော်ဝင်းညွန့်-မခိုင်ညွန့်ဝေ(ခိုင်သဇင်ပုံနှိပ်တိုက်)၊ မခိုင်ညွန့်ရွှေတို့၏အဘွား၊ မခိုင်ပြုံးဝေ(ခေတ္တ-USA)၊ မမိုးပွင့်ခိုင်(ခေတ္တ-USA)၊ မယုဇနခိုင်ဇော်(ခေတ္တ-USA)၊ မစန္ဒကူးခိုင်ဇော်(G-7,I.S.M)တို့၏အဘွားသည် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆း၃၀နာရီတွင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း(လယ်)၊ အမှတ် ၁၄၂၊ (မြေညီထပ်)နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၂-၂၀၁၃ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (၃၁လမ်းနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

စူဠ အာဘိဓမ္မိက ဝိသိဋ္ဌ ဥက္ကဋ္ဌ ကလျာဏ ဉာဏဓဇ

**ဆရာမကြီး ဒေါ်သန်းမြင့်**

**အသက်(၉၄)နှစ်**

Myanmar Educare Co., Ltd. ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်လှနှင်းခိုင် International School of Myanmar (I.S.M) ၏ မိခင်ဖြစ်သူ ဆရာမကြီး ဒေါ်သန်းမြင့် အသက်(၉၄)နှစ်သည် ၁၈-၁၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၁လမ်း(လယ်)၊ အမှတ် ၁၄၂ (မြေညီထပ်) နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒါရိုက်တာအဖွဲ့ဝင်များ**

**(I.S.M) ဆရာ၊ ဆရာမများနှင့်ဝန်ထမ်းများ**

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

**ဦးခင်မောင်မြင့် (ရေနံချောင်း)**

**လျှပ်စစ်အင်ဂျင်နီယာဝန်ထောက်ကြီး၊ (GE - ငြိမ်း)**

**အသက်(၇၇)နှစ်**

ရေနံချောင်းမြို့နေ ဦးမျိုးမြင့်(ခ)ဦးစိန်၊ ဒေါ်သိန်းရှင်တို့၏သား၊ (ဒေါ်ဘေဘီသန်း)၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ခင်၊ ဦးချစ်လွင်(Green Luck Trading Co.,Ltd.)-ဒေါ်အေးအေးမြင့်တို့၏အစ်ကို၊ ဦးအောင်မြတ်ဦး-ဒေါ်သီတာကျင်(မြန်မာ့ရုပ်ရှင်လုပ်ငန်း)၊ ဦးဝင်းမောင်-ဒေါ်သီတာဦး၊ ဦးဝဏ္ဏ-ဒေါ်တင်တင်ဆွေ၊ ဦးရဲကျော်အောင်-ဒေါ်နီလာဦး၊ (ဦးအောင်မြင့်)-ဒေါ်မိုးသူဇာ၊ (ဦးသီဟ)၊ ဒေါ်ခင်လေးငယ်တို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၉-၁၂-၂၀၁၃ရက် နံနက် ၁း၁၅နာရီတွင် အမှတ် ၂၇၊ အေးသိဒ္ဓိလမ်း၊ ရွာမအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက်(စနေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဦးလှအောင်(ခ)ဦးတန်တိတ်ဝှက်(ခ)တန်ကြက်ဝှက်**

**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၅)ရပ်ကွက်၊ ၂၂လမ်း၊ အမှတ် ၂၅၊ ပထမထပ်နေ (ဦးတန်စွီးကျောင်း-ဒေါ်စန်ကျင်ပို)တို့၏သား၊ ဒေါ်ညိုညိုဝင်း၏ခင်ပွန်း၊ ဒေါက်တာမြတ်မြတ်ဝင်း-ကိုဇော်အောင်၊ မမြတ်မြတ်ထွန်းတို့၏ဖခင်၊ မမေမြတ်ဇော်၏အဘိုးဖြစ်သူသည် ၁၉-၁၂-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၂-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဒေါ်အေးမြိုင်**

**အသက်(၆၃)နှစ်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ တံခါးရင်းကျေးရွာနေ ဒေါ်စိန်ချော၏သမီး၊ ဦးကံညွန့်၏ဇနီး၊ ဦးသိန်းလှိုင်-ဒေါ်မြင့်မြင့်စန်း(အမက၊တံခါးရင်းရွာ)၊ဦးကျော်ဝင်းလှိုင်-ဒေါ်ကြည်အောင်၊ ဦးတင့်လွင် (တွဲဖက် မြို့နယ်တရားသူကြီး၊ သာစည်မြို့) - ဒေါ်ခင်စန်းလွင် (ဆက်သွယ်ရေး၊ မန္တလေးမြို့)၊ ကိုသောင်းစိန်-မညွန့်ညွန့်ခိုင်၊ ဦးမျိုးညွန့်(ဆက်သွယ်ရေးမန္တလေးမြို့)-ဒေါ်အေးအေးခိုင်တို့၏မိခင်သည် ၁၈-၁၂-၂၀၁၃ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၀-၁၂-၂၀၁၃ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် နေအိမ်မှတောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၂-၁၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ မဟာမြိုင် အပိုင်း(၁)၊ အောင်သရဖူလမ်းသွယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးအင်ယား(ခ)ဦးရှုဟုတ်**

**အိမ်မဲမြို့နယ်အသင်းဝင်**

**လပွတ္တာမြို့နယ်၊ကန်ဘက်ကျေးရွာ**

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ၄ဝါလမ်း၊ အမှတ် ၈၇နေ ဦးကျင်မောင်-(ဒေါ်ခင်ညွန့်)တို့၏သား၊ ဦးဝင်းကြည်-ဒေါ်မြင့်မြင့်ဟန်၊ ဦးရှုမြင့်-ဒေါ်နန့်ထွန်းမေ၊ ဦးရှုတင့် - ဒေါ်အေးအေးသန်းတို့၏မောင်/ညီ၊ ဒေါ်ကြူကြူခင်၊ ဦးဇော်ညွန့်-ဒေါ်နန်းယုယုမော်တို့၏အစ်ကို၊ ဒေါ်ရှုယဉ်၏ခင်ပွန်း၊ ကိုတင်အောင်မှူး-မအေးမြတ်သူ၊ ကိုနေလင်းအောင်-မခင်သီတာဆင့်၊ မသန္တာဆင့်တို့၏ဖခင်၊ မောင်အောင်မင်းခန့်၏အဘိုးသည် ၁၉-၁၂-၂၀၁၃ရက် (ကြာသပတေးနေ့)နံနက် ၁း၃၀နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၁၂-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

**ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။** R /488

mmalin.npt @ gmail.com, နှင့်

www. facebook.com/MYANMAALINNNEWS

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟော်ကီပြိုင်ပွဲ တက်ရောက်ကြည့်ရှုအားပေးပြီး မြန်မာအမျိုးသမီးအသင်းအား ဂုဏ်ပြုဆုငွေများချီးမြှင့်

(စာမျက်နှာ-၇)

## ထိုင်းအိမ်ရှေ့မင်းသား၏ ကြင်ရာတော် တာချီလိတ်ရွှေတိဂုံစေတီအား ဖူးမြော်

သတင်း-မောင်ယဉ်ကျေး

တာချီလိတ် ဒီဇင်ဘာ ၁၉

ထိုင်းနိုင်ငံအိမ်ရှေ့မင်းသား မဟာဝဇိရာလောင်ကွန်၏ ကြင်ရာတော် ဆရီရတ်မင်းသမီးနှင့် မိသားစုဝင်များသည် ဒီဇင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲက ထိုင်းနိုင်ငံတပ်မတော်(ကြည်း)စစ်ဦးစီးအရာရှိများ၊ သင်တန်း အမှတ်စဉ် (၉၂)မှ သင်တန်းနည်းပြများ၊ သင်တန်းသားအရာရှိ ၁၄၂ ဦးနှင့်အတူ မယ်ဆိုင်မြို့မှတစ်ဆင့် ထိုင်း-မြန်မာ အမှတ်(၁)ချစ်ကြည်ရေးတံတားမှ ဖြတ်သန်းပြီး တာချီလိတ်မြို့သို့ ချစ်ကြည်ရေးခရီးရောက်ရှိလာရာ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးကျော်စွာလင်းနှင့်တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဧည့်သည်တော်မင်းသမီးနှင့်အဖွဲ့သည် တာချီလိတ်ရွှေတိဂုံစေတီတော်အား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဩဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ကြီးအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဧည့်သည်တော်မင်းသမီးနှင့်အဖွဲ့သည် ရွှေနန်းတော်ကုန်တိုက်အတွင်းလှည့်လည်ကြည့်ရှုလေ့လာကာ နံနက် ၁၁ နာရီ မိနစ် ၅၀တွင် ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။



ဓာတ်ပုံ
ကျော်သူဝင်း

ဒီဇင်ဘာ ၁၉ ရက်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဂျူဒိုအားကစားပြိုင်ပွဲကို နေပြည်တော်ရှိ ဇေယျာသီရိအားကစားရုံ၌ ကျင်းပရာ မြန်မာနှင့်ဖိလစ်ပိုင်တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ယှဉ်ပြိုင်စဉ်။

သတင်း(စာ-၇)

## ငွေဆောင်ဆီးဂိမ်း Half-Rater(Open) ရွက်လှေပြိုင်ပွဲ အိမ်ရှင်မြန်မာရွှေတံဆိပ်ဆွတ်ခူး

သတင်းနှင့်ဓာတ်ပုံ
သူဇာနွယ်(ဖျာပုံ)

ပုသိမ် ဒီဇင်ဘာ ၁၉

**မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော ငွေဆောင်ဆီးဂိမ်းရွက်လှေပြိုင်ပွဲများကို ဒီဇင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ Half-Rater အတန်း ရွက်လှေပြိုင်ပွဲတွင် အိမ်ရှင်မြန်မာမှ စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့်တို့ အတွဲက ရွှေတံဆိပ်ဆုကို ထိုက်တန်စွာ ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။**



"ကျွန်တော်တို့ မျှော်မှန်းထားတဲ့အတိုင်း ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ဒီအားကစားနည်းက အမှားအနည်းဆုံး စီးပြနိုင်မှ အနိုင်ရတဲ့ အားကစားနည်းဖြစ်ပါတယ်။ တစ်ဖက်ကလည်း ရာသီဥတု၊ စီးတဲ့လှေနဲ့ပါဝင်တဲ့ ဆက်စပ်ပစ္စည်းအားလုံး ညီညွတ်မျှတဖို့လည်း လိုပါတယ်" ဟု ရွက်လှေအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အဆိုပါ Half-Rater အတန်း ရွက်လှေပြိုင်ပွဲသို့ မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှား နိုင်ငံ စသည့်နိုင်ငံပေါင်းငါးနိုင်ငံမှ ရွက်လှေအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ယနေ့ အောင်ပွဲရမြန်မာ့လက်ရွေးစင် ရွက်လှေအားကစားသမားများဖြစ်ကြသည့် စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့်တို့အတွဲအား ပရိသတ်များက ငွေဆောင်ကမ်းခြေတွင်သာမက ပြိုင်ပွဲများကျင်းပရာကမ်းခြေမှ ရေမိုင် ၁၀ မိုင်ခန့်ဝေးသည့် ပြိုင်ပွဲများကျင်းပရာနေရာသို့တိုင် ဘုတ်များဖြင့် သွားရောက်ကြိုဆိုအားပေးခဲ့ကြသည်ကို တွေ့ရသည်။ **(အပေါ်ပုံ)**

ငွေဆောင် ဆီးဂိမ်းရွက်လှေပြိုင်ပွဲသို့ *စာမျက်နှာ ၉ ကော်လံ ၇* ✳

### ယနေ့ မာတိကာ

ဘာရာဇီးနိုင်ငံသို့ ဂျက်တိုက်လေယာဉ်များ ရောင်းချရန် ဆွီဒင်ကုမ္ပဏီအနိုင်ရ စာ-၄
ဒီမိုကရေစီနှင့်အညီ ပြောင်းလဲလာသည့် မြန်မာ့မီဒီယာ ကဏ္ဍ (၄) ဆောင်းပါး စာ-၆
သွားကြောင်ခြင်း စာ-၁၀
သုံးခွ-ရန်ကုန် မှန်လုံခရီးသည်တင်ယာဉ်ပေါ် ခါးပိုက်နှိုက်သတိပြု စာ-၁၃
မိသားစုတစ်ပိုင်တစ်နိုင် အုန်းတံမြက်စည်းလုပ်ငန်း စာ-၁၆

## (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုရရှိမှုဇယား

| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၈၂ | ၈၀ | ၆၆ | ၂၂၈ |
| ၂ | ဗီယက်နမ် | ၆၄ | ၆၀ | ၇၀ | ၁၉၄ |
| ၃ | မြန်မာ | ၆၀ | ၅၂ | ၅၇ | ၁၆၉ |
| ၄ | အင်ဒိုနီးရှား | ၅၄ | ၆၂ | ၈၅ | ၂၀၁ |
| ၅ | မလေးရှား | ၃၃ | ၃၄ | ၆၃ | ၁၃၀ |
| ၆ | စင်ကာပူ | ၂၅ | ၂၄ | ၃၃ | ၈၂ |
| ၇ | ဖိလစ်ပိုင် | ၂၃ | ၂၇ | ၃၀ | ၈၀ |
| ၈ | လာအို | ၉ | ၈ | ၃၅ | ၅၂ |
| ၉ | ကမ္ဘောဒီးယား | ၆ | ၈ | ၁၇ | ၃၁ |
| ၁၀ | ဘရူနိုင်း | ၁ | ၁ | ၄ | ၆ |
| ၁၁ | တီမောလက်စ်တေ | ၁ | ၀ | ၂ | ၃ |

ကြော်ငြာအချပ်ပို ရှစ်မျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို ရှစ်မျက်နှာ ပါရှိပါသည်။



မြန်မာ့အလင်း
ကြော်ငြာကဏ္ဍ

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ သောကြာနေ့

# Advertisement

**လှသွားအောင်**
-ပရိဘောဂ+ကြမ်းခင်း+ပါကေး
ခင်းခြင်း၊ ပြုပြင်ခြင်း၊ အရောင်တင်ခြင်း
-နံရံဆေးသုတ်ခြင်းတို့ကို စိတ်တိုင်းကျ
ဆောင်ရွက်ပေးပါသည်။
ဖုန်း-၀၉-၄၅၀၀၃၃၄၄၁

**Taxi ကားသစ်ငှားမည်**
Toyota Caldina, နောက်လေး၊
1500CC,CNG ကျခါနီး၊ ကားသစ်၊
တစ်လက်ကိုင်၊ စပေါ်-ကျပ်သုံးသိန်း၊
တောင်ဥက္ကလာပ။
ဖုန်း-၀၉-၅၀၂၀၃၈၀၊ ၀၁-၅၆၁၉၇၀။

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၆/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-134(2013-2014) | Spares for AB 100 Well Servicing Truck | (2) Items | US$ |
| (၂) | IFB-135(2013-2014) | Spares for Blow Out Preventer Ex ZJ 70 L Drilling Rigs | (5) Items | US$ |
| (၃) | IFB-136(2013-2014) | Universal Fuel Pump Test Stand | (1) No | US$ |
| (၄) | IFB-137(2013-2014) | 5 Ton Excavator(0.16 m3) | (2) Units | US$ |
| (၅) | IFB-138(2013-2014) | 25 Ton Excavator(1.2 m3) | (2) Units | US$ |
| (၆) | IFB-139(2013-2014) | Rig Air Compressor | (1) Unit | US$ |
| (၇) | IFB-140(2013-2014) | 30 Ton Crawler Crane | (1) Unit | US$ |
| (၈) | IFB-141(2013-2014) | 8" & 6½" Spiral Drill Collar | (2) Items | US$ |
| (၉) | IFB-142(2013-2014) | Welding Electrode E 6011(30Ton) | (1) Lot | US$ |
| (၁၀) | IFB-143(2013-2014) | Spares for CAT D379 & CAT D399 Engines | (5) Items | US$ |
| (၁၁) | IFB-144(2013-2014) | Drawworks Main Drum Brake Shoe Lining | (9) Items | US$ |
| (၁၂) | IFB-145(2013-2014) | Portable Welding Machine with Complete Accessories (300 AMP, Diesel Engine Driven) | (4) Units | US$ |
| (၁၃) | IFB-146(2013-2014) | Heat Shrinkable Sleeve (1200 Rolls) Closure Patches(25000 Nos) | (4) Items | US$ |
| (၁၄) | DMP/L-044(2013-2014) | Spares for F 1000 Rig Pump Ex D3 T2 SR I &II | (11) Items | Ks |
| (၁၅) | DMP/L-045(2013-2014) | Rotor Seals for ZJ 70 L SR I &II | (10) Items | Ks |
| (၁၆) | DMP/L-046(2013-2014) | Electrical Spares for Caterpillar Gas Engine Lighting Set | (4) Items | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၃-၁-၂၀၁၄ရက် ၁၆း၃၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**

G.T.I, G.T.C, T.U

**မီနီဘတ်စ်(၂)စီး**
**အမြန်ရောင်းမည်**
အမည်ပေါက်ရမည်။
Mitsubishi Rosa
2000 Model,5200CC,Auto,
grade 4/B,54000Km, ညှိနှိုင်း
ဖုန်း-၀၉-၄၉၇၃၄၀၈၁၊
၀၉-၂၅၀၂၇၉၉၁၆

ကြည်စိုး
LC

U Sann Aung
LCCI ACCOUNTING COURSE
Level 1&2 21 DEC ; Level 3 23 DEC
USA COMMERCIAL SCHOOL

(N.G.E.S)

AC-Express
Saloon Hi-Ace
09-49589762
09-49589764
09-421013999
09-421014999

UEC
OFFICIAL PRIVATE SCHOOL
OUR VALUE = ACADEMIC EXCELLENCE + INSPIRATIONAL TEACHING + ELITE LIVING
Why We Choose UEC ?
Fully Air Con Lab Facilities, PA System, Multimedia,
Extracurricular Activities, Excursion Study Tour
GUIDE MA, MSc
Ph: 01 539875, 09 3155 8973, 09 515 7988, 09 50 90478, 09 730 65707

## ၁၆-၁၂-၂၀၁၃ ပြန်လည်ရောက်ရှိ ခရီးသည်များမှ ခင်နန္ဒာ သို့ ပို့သမေတ္တာ မုဒိတာများ

* [illegible] ဦးထေဒေါဘာသ (ဗီကုန်း) ၀၉-၄၂၃၆၈၀၃၁
* [illegible] ဦးမိုးဇိုး (ရန်ကုန်) ၀၉-၃၁၁၁၈၃၇၈
* ခင်နန္ဒာ [illegible] ဦးမောင်မောင်လတ် (မိုးမိတ်) ၀၈၆-၄၅၃၃၈
* [illegible] နန်းနန်းစံ (မိုးမိတ်) ၀၈၆-၄၅၃၃၈
* [illegible] ဒေါ်ဖြူကြည်ဆောင် (တောင်ကုတ်) ၀၉-၄၉၅၆၆၂၃၆
* [illegible] ဒေါ်သန်းမြ (တောင်ကုတ်) ၀၉-၄၂၁၇၂၅၂၄၄

Open Tender [illegible]

| စဉ် | [illegible] | [illegible] |
|---|---|---|
| ၁ | [illegible] | [illegible] |
| ၂ | [illegible] | [illegible] |
| ၃ | [illegible] | [illegible] |
| ၄ | [illegible] | [illegible] |
| ၅ | [illegible] | Platform နှင့် Platform Shed [illegible] |
| ၆ | [illegible] | [illegible] |
| ၇ | [illegible] | [illegible] |
| ၈ | [illegible] | [illegible] |
| ၉ | [illegible]/CME | [illegible] 11/0.4 KV, 250 KVA Transformer [illegible] |
| ၁၀ | [illegible]/CME | [illegible] 11 KVA [illegible] 11/0.4 KV, 500 KVA Transformer [illegible] |
| ၁၁ | [illegible]/CME | [illegible] Electronic KWhr [illegible] |
| ၁၂ | 13/T(0)(D) (Rate) | - Turnout Concrete Sleeper Design, Drawing, Mould Design & Drawing [illegible] |

[illegible] ဖုန်း-၂၉၄၁၅၂ [illegible]

[illegible] (KBZ) [illegible] E-mail address: [illegible]

# New Year Promotion

ဘန်ကောက် (၄ည / ၅ရက်) Dec 30 - Jan 3

[illegible] !!!

[illegible] Promotion - [illegible] Last Date - Dec 25

Emerald Myanmar Travels & Tours

ဖုန်း-09 495897621 09-49589768 09-421013999 09-421014999

# 21 AD
## BILLBOARD ADVERTISING

(1) YAN GON-MAN DA LAY EXPRESS WAY (NAY PYI DAW; MATE HTE LAR; DA DAR OO; HLEL GU)
(2) PA THAIN (3) MAW LA MYAI (4) LAR SHO (5) MON YWA
(6) TAUNG GYI (7) YAN GON

(၁)ရန်ကုန်-မန္တလေးအမြန်လမ်း(နေပြည်တော်၊မိတ္ထီလာ၊ဒေးဒရဲ၊လှည်းကူး) (၂)ပုသိမ် (၃)မော်လမြိုင် (၄)လားရှိုး (၅)မုံရွာ (၆)တောင်ကြီး (၇)ရန်ကုန် တို့တွင် BILLBOARD ကြော်ငြာများ ထင်ဆင်နိုင်ပါသည်။

No. (238), 2nd Floor, 39th Street, Yangon.

09 430 21002

FAME Cholecrush® For gallstones သည်းခြေကျောက်ကျိုက်ဆေး

ISO 9001 : 2008 ISO 14001 : 2004 OHSAS 18001 : 2007 GMP Certified Organic Certified

FAME Nephrotec® For healthy kidney ကျောက်ကပ်ဆေး

ISO 9001 : 2008 ISO 14001 : 2004 OHSAS 18001 : 2007 GMP Certified Organic Certified

## မြေကွက်ရောင်းရန်ရှိသည်

မြဝတီလမ်း၊ (၁၇)နန္ဒဝန်တောင်ရပ်ကွက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်း။ ဝဒသမ၂၂၂၉က အရှေ့-အနောက် ပေ(၇၃×၇၃)၊ တောင်-မြောက် ပေ(၁၂၇×၁၂၇) ပေ၊ ညှိနှိုင်းဈေး -ကျပ်သိန်း ၃၅၀၀။

**ဆက်သွယ်ရန်-ဖုန်း -၀၉-၇၃၂၂၉၉၉၊ ၀၉-၅၁၅၅၅၈၈**

## တိုက်ခန်းရောင်းမည်

ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးပေါ် (၄၇)လမ်းထိပ်၊ ပထမထပ် ပေ ၁၅×၅၅ပေ၊ အမြင့် ၁၄ပေ ပုဇွန်တောင်မြို့နယ်။

**ဖုန်း-၀၉-၅၁၇၈၆၄၈၊ ၀၉-၄၃၀၅၆၄၂၉၊ ၀၉-၄၂၀၇၆၇၅၉၇**

[illegible]

အလေးနာမည်ပေး ဆရာကြီးရာဇာဓော်ဝင်း

01-394727, 01-399426, 09-73009984

## ဖခင်အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့ အထကကျောင်း သတ္တမတန်း(C)တွင် ပညာသင်ကြားနေသော မောင်ရန်ငြိမ်းဦး၏ ဖခင်အမည် ဦးဘိုးကြာအား ဦးသန်းမြင့် ၈/မမန(နိုင်)၁၂၆၈၀၁ ဟု ပြောင်းလဲခေါ်ပါရန်။

## ကန့်ကွက်နိုင်ပါသည်

[illegible]

ဖုန်း - ၀၉-[illegible]

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ(၂)လမ်းရှိ၊ မြေကွက်အမှတ်-၁၄၂(က+ခ)၊ ၁၄၃(က)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးတင်ထွန်း ၈/ဆပဝ(နိုင်)၀၅၂၅၈၀ ထံမှ စာချုပ်စာတမ်းဖြင့်ဝယ်ယူထားသူ ဒေါ်ခင်မြတ်စိုး ၁၂/ဥကမ(နိုင်)၁၈၅၁၆၄က မြေကွက်ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**စီမံကိန်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ဖခ/၅၈၂၁၊ Mitsubishi Canter , L/Tယာဉ်လက်ဝယ်ရှိသူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**



KBZ BANK

# ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၁)ဘဏ်မြောက်

# တပ်ကုန်းဘဏ်ခွဲ ကို

## နေပြည်တော်၊ တပ်ကုန်းမြို့ တွင်

## ၂၀.၁၂.၂၀၁၃ (သောကြာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

## ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

## မိတ်ဆွေသူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

__ဆက်သွယ်ရန်လိပ်စာ__

**တပ်ကုန်းဘဏ်ခွဲ**

**အမှတ်(၉၈)၊ အောင်ဇေယျရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊**

**တပ်ကုန်းမြို့၊ နေပြည်တော်။**

**ဖုန်း - (၀၆၇) ၇၁၁၂၅/ ၂၆/ ၃၁/ ၃၂/ ၃၃/ ၃၄**

**ဖက်စ် - (၀၆၇) ၇၁၁၂၉၊ ၇၁၁၃၀**

**www.kbzbank.com**


အစွန်းအထင်းတို့လုံးဝကင်းစေဖို့ ဂျာမန်နည်းပညာဖြင့်ထုတ်လုပ်ထားသော
ဒစ်ဆန် စွမ်းအားမြင့် ဆပ်ပြာမှုန့်
ဒစ်ဆန် မြန်မာပြည်တွင် ရရှိနိုင်ပါပြီ !
NEW
Dixan
POWER BOOSTER
Henkel
ဂျာမန် နည်းပညာ
Henkel


ရွှေ ၁၀ ကျပ်သားဆုတံဆိပ်ပိုင်ရှင်ဖြစ်ဖို့
နေ့တိုင်းသောက်ပါ။
Ovaltine
အမြန်ဆုံး
ဝယ်လိုက်ပါ။


GC
စိုပြေ လှပသောအသားအရေ အတွက်........
GC ရှားစောင်း အချိုရည်....
ALOE PEACH
with juicy pulp
ALOE PEAR
with juicy pulp
200 ml
plus Pear
Green Circle Co.,Ltd.
Hotline (01) 612754, 612756 , (02) 81934, 81935


C B BANK
EASi Mobile
Your Nearest Bank
သင်နဲ့အနီးဆုံးမှာ...
Tel: (95-1) 371 848, 372 646, 372 655, 373 425, 373 426
Fax: (95-1) 371 851, 377 027, 389 594, 249 473, 378 067
Help Desk :(95)-1-378 905
E-mail: contact@cbbankmm.com
Website: www.cbbankmobile.com
https://www.facebook.com/CBBankMobileBanking

မြန်မာ့အလင်း

27th SEA GAMES MYANMAR 2013 NAY PYI TAW

<၂၇>ကြိမ်မြောက်
အရှေ့တောင်အာရှ
အားကစားပြိုင်ပွဲ
အထူးကဏ္ဍ

27th SEA Games Special

2013, December 20, Friday

# (၂၇) ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ ဗိုဗီနမ်အားကစားပြိုင်ပွဲဖွင့်ပွဲကျင်းပ (အပြ) ပြိုင်ပွဲတွင် မြန်မာမှ ရွှေသုံးခုရယူ



**နေပြည်တော်   ဒီဇင်ဘာ   ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဆီးဂိမ်းပြိုင်ပွဲ၏ ဗိုဗီနမ်အားကစားပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဇေယျာသီရိအားကစားရုံ(A)၌ကျင်းပရာ ပထမဦးစွာ အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပြီး မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ဇော်နိုင်က ဗိုဗီနမ်ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အရှေ့တောင်အာရှဗိုဗီနမ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ Mr.H.E.Oknha RAT SOKHORN က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ဆက်လက်၍ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဗိုဗီနမ်အားကစားပြိုင်ပွဲကို မောင်းတီး၍ ပြိုင်ပွဲဖွင့်လှစ်ပေးခဲ့ပြီး အားကစားသမားများကိုယ်စား အားကစားသမားတစ်ဦးက အားကစားသစ္စာဆိုပြီး ဒိုင်လူကြီးများကိုယ်စား ဒိုင်တစ်ဦးက အားကစားသစ္စာဆိုခဲ့သည်။ ထို့နောက် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲဝင်အားကစားသမားများနှင့်အသင်းအုပ်ချုပ်သူများကို အမှတ်တရလက်ဆောင်များပေးအပ်ပြီး လိုက်လံနှုတ်ဆက်ခဲ့သည်။ ယင်းနောက် သိုင်းအဖွဲ့ချုပ်က သိုင်းသရုပ်ပြအစီအစဉ်များဖြင့် ဖျော်ဖြေပေးပြီး အခမ်းအနားအောင်မြင်စွာပြီးဆုံးကြောင်း သိရသည်။

ဆက်လက်၍ ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားရာတွင် အမျိုးသား (အလှပြ) Don Chan Tan Cong(Leg attack Technigue)ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းက ပထမဆု ရွှေတံဆိပ်၊ အင်ဒိုနီးရှားအသင်းက ဒုတိယဆု ငွေတံဆိပ်၊ လာအိုအသင်းက တတိယဆု ကြေးတံဆိပ် အသီးသီးရရှိသွားကြောင်း သိရသည်။

**စာမျက်နှာ ၃ »**

# နစ်ယောက်တွဲရွက်လှေပြိုင်ပွဲ မြန်မာနိုင်ငံမှ ပထမဦးဆုံး ရွှေတံဆိပ်ရရှိ

**ငွေဆောင်   ဒီဇင်ဘာ   ၁၉**

ငွေဆောင်၌ကျင်းပသော SEA Games ပြိုင်ပွဲ၏ နှစ်ယောက်တွဲရွက်လှေပြိုင်ပွဲ Half-Rater (Open)တွင် မြန်မာနိုင်ငံမှ စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့်တို့က ပထမဦးဆုံး ရွှေတံဆိပ်ကို ဆွတ်ခူးပေးလိုက်ပြီဖြစ်သည်။

Half-Rater (Open)ပြိုင်ပွဲသည် ပွဲငယ်ပေါင်း ၁၂ ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း မြန်မာနိုင်ငံကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်သည့် စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့်တို့သည် ပြိုင်ပွဲငယ်ကိုးပွဲကစားပြီးချိန်တွင် ဆက်လက်ယှဉ်ပြိုင်ရန် မလိုအပ်တော့ဘဲ ယှဉ်ပြိုင်မှုရလဒ် ရမှတ်အသာစီးများဖြင့် ပြိုင်ဘက်နိုင်ငံများအား အနိုင်ရရှိကာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ကို ထိုက်တန်စွာ ဆွတ်ခူးပေးလိုက်ခြင်းပင်ဖြစ်သည်။

Half-Rater (Open)ပြိုင်ပွဲကို မြန်မာ၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ငွေတံဆိပ်နှင့် ကြေးတံဆိပ်များအတွက် ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှားနိုင်ငံများသည် Half-Rater (Open)ပြိုင်ပွဲများကို ပွဲပြီးသည်အထိ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

"ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံနှင့်ပတ်သက်၍ ပထမဦးဆုံးနေ့ပြိုင်ပွဲက လေအလွန်ကြမ်းတယ်။ စမထွက်ခင်မှာပဲ လှေပစ္စည်းတစ်ခု ကျိုးပဲ့သွားတယ်။ စီးလို့မရတဲ့အနေအထားဆိုတော့ ကျွန်တော်ရော ညီပါ စိုးရိမ်ပါတယ်။ အဲဒီအချိန်မှာ နောက်ပွဲတွေအတွက်စိုးရိမ်ပါတယ်။ အဲဒါတွေကို ကျော်ဖြတ်ပြီး ကျွန်တော်တို့စီးချင်တဲ့ ပုံစံမျိုးရရှိခဲ့တဲ့အတွက် ပျော်ပါတယ်။ ရွက်လှေပြိုင်ပွဲတွေက အလွန်များတယ်။ တော်ရုံတန်ရုံ ကိုးပွဲနဲ့ပြတ်သွားတယ်ဆိုတာ ရှားပါတယ်။ ပြိုင်ပွဲဝင်တွေအနေနဲ့ Positionကို မစဉ်းစားပါနဲ့။ နောက်ဆုံးပြိုင်ပွဲအထိ အကောင်းဆုံးစီးဖို့ပါပဲ။ ဘာမဆိုဖြစ်နိုင်တယ်။ မဖြစ်နိုင်တာမရှိဘူး။ ကြိုးစားပမ်းစားနဲ့ ကိုယ်လိုချင်တာ အကောင်အထည်ဖော်ဖို့ပါပဲ။ ကျွန်တော်တို့ လေ့ကျင့်ခဲ့တာ၊ ရွှေရောင်အိပ်မက်တွေမက်ခဲ့တာ။ အဲဒီအတိုင်းဖြစ်လာလို့ အလွန့်အလွန် ဝမ်းသာတယ်။ ဂုဏ်လည်းယူပါတယ်" ဟု ပြိုင်ဘက်များအား

**စာမျက်နှာ ၄ »**



**ဒီဇင်ဘာ ၁၉ ရက်က Mount Pleasant BMX ကွင်း၌ ကျင်းပသော အမျိုးသား BMX စက်ဘီးစီးပြိုင်ပွဲတွင် တစ်ဦးချင်း စံချိန်ယူယှဉ်ပြိုင်နေစဉ်။**

ဓာတ်ပုံ-သူရ(တောင်ငူ)

# ကမ္ဘာကျော်မည့် ဆီးဂိမ်းပွဲတော်

ဒေါက်တာအောင်သန်းဝင်း
(အရှေ့တိုင်းပညာ)

အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို အရှေ့တောင်အာရှနိုင်ငံများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိစေရန်နှင့် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ယဉ်ကျေးမှုကို အခြားနိုင်ငံများက သိရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

အားကစားသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ဖော်ဆောင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ ယနေ့ကမ္ဘာကြီးတွင် အားကစားဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်နေကြသည်။ အားကစားသည် ချစ်ကြည်ရင်းနှီးမှု၊ ကြံ့ခိုင်သန်စွမ်းမှု၊ လူသားတို့၏စွမ်းအားကို ထုတ်ဖော်ပြသမှုများတွင်အရေးပါလှသည်။ ကာယအင်အား၊ စိတ်ဓာတ်အင်အားခိုင်မာမှုရှိပုံကို အားကစားမှတွေ့မြင်နိုင်သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)ကို ကျွန်ုပ်တို့မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေပြီဖြစ်သည်။ ပြီးခဲ့သော ဒီဇင်ဘာ ၁၁ ရက် ညပိုင်းက ဆီးဂိမ်းဖွင့်ပွဲအခမ်းအနားကြီးကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်းကြီး၌ ခမ်းနားစွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံက ဤအားကစားပြိုင်ပွဲကြီးကို နှစ်ပေါင်း ၄၄ နှစ်ကြာမှ အိမ်ရှင်အဖြစ် ပြန်လည်ကျင်းပခွင့်ရခြင်းဖြစ်သည်။

ကျွန်းဆွယ်ခေတ်တွင် မြန်မာနိုင်ငံက ၁၉၆၁ ခုနှစ်နှင့် ၁၉၆၉ ခုနှစ်တို့တွင် ထိုအားကစားပြိုင်ပွဲများကို အိမ်ရှင်အဖြစ် ကျင်းပခဲ့ဖူးသည်။ ယခုကျင်းပခွင့်ရရှိခြင်းသည် တတိယအကြိမ်မြောက် ကျင်းပခွင့်ရရှိခြင်း ဖြစ်သည်။ နိုင်ငံပေါင်း ၁၁နိုင်ငံမှ အားကစားသမား ၆၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်သည့် အရှေ့တောင်အာရှဒေသ၏ အကြီးဆုံးသော အားကစားပြိုင်ပွဲကြီးဖြစ်သည်။ ပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုးထည့်သွင်းယှဉ်ပြိုင်ခဲ့ပြီး ထူးခြားချက်တစ်ရပ်မှာ မြန်မာ့ရိုးရာခြင်းလုံးအားကစား နည်းကို ဤဆီးဂိမ်းပြိုင်ပွဲကြီးမှစတင်ကာ ထည့်သွင်းယှဉ်ပြိုင်ကစားခဲ့သည်။ အိမ်ရှင်မြန်မာအတွက် ဤအားကစားနည်းဖြင့် အမျိုးသားက သုံးဆု၊ အမျိုးသမီးကသုံးဆု ရွှေတံဆိပ်ဆုများ ပထမဆုံးဆွတ်ခူးပေးနိုင်ခြင်းဖြစ်သည်။ ခြင်းလုံးအားကစားသမားများက ရွှေဆုများနှင့်ဆီးဂိမ်းပြိုင်ပွဲကြီးကို ကြိုဆိုခဲ့ကြသည်။

ပြီးခဲ့သည့် အင်ဒိုနီးရှားဆီးဂိမ်းတွင် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအတွက် ဒေါ်လာသန်း ၅၀ ကျော်သုံးခဲ့သည်ဟုဆိုသည်။ ထိုစဉ်ကလည်း အင်ဒိုဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားက နည်းပညာ၊ ခေတ်စနစ်များပြောင်းလဲလာခြင်းနှင့်အတူ ကျင်းပပြီးစီးခဲ့သမျှ ဆီးဂိမ်းပွဲစဉ်များတွင် အခမ်းအနားဆုံးဟု ဆိုခဲ့ကြသည်။

ယခုအခါ ဒီဇင်ဘာ ၁၁ ရက်ညက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံသစ်ကြီးတွင် အိမ်ရှင်မြန်မာနိုင်ငံက အင်ဒိုဆီးဂိမ်းဖွင့်ပွဲထက် များစွာသာလွန်ခမ်းနားသည့် ဖွင့်ပွဲကြီးကို ကျင်းပလိုက်သောအခါ ဒေါ်လာသန်း ၁၀၀ ကျော်ကုန်ကျနိုင်မည့် အခမ်းအနားမျိုးဖြစ်ကြောင်း ခန့်မှန်းပြောဆိုကြသည်။

ဖွင့်ပွဲအခမ်းအနားကို အစီအစဉ်(၁၄)ခုဖြင့်ပြုလုပ်ခဲ့ပြီး ၄င်းအစီအစဉ်များမတိုင်မီ တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။ ဖွင့်ပွဲအခမ်းအနားကို ပြုလုပ်ရာတွင် ကွင်းအတွင်း စင်မြင့်ထက်မှ LED Board ၌ အမှတ်စဉ်ရေတွက်စတင်ပြီး အမှတ်စဉ်သုညအရောက်တွင် မီးရှူးမီးပန်းများ ဂုဏ်ပြုပစ်ဖောက်ကြသည်။

ယခုအားကစားပြိုင်ပွဲသို့ ဘရူနိုင်းနိုင်ငံက အားကစားသမား ၁၀၁ ဦး၊ ကမ္ဘောဒီးယားနိုင်ငံက ၂၄၀၊ အင်ဒိုနီးရှားနိုင်ငံက ၈၄၀၊ လာအိုနိုင်ငံက ၂၀၀၊ မလေးရှားနိုင်ငံက ၇၉၈ ဦး၊ ဖိလစ်ပိုင်နိုင်ငံက ၃၂၅ ဦး၊ စင်ကာပူနိုင်ငံက ၄၇၆ ဦး၊ ထိုင်းနိုင်ငံက ၁၀၂၉ ဦး၊ တီမောလက်စ်တေနိုင်ငံက ၆၂ ဦး၊ ဗီယက်နမ်နိုင်ငံက ၇၄၄ ဦး၊ မြန်မာနိုင်ငံက ၁၂၄၈ ဦးပါဝင်ကြသည်။

အားကစားသမားများ ကွင်းအတွင်းနေရာယူအပြီးတွင် ကွင်းအတွင်းရှိ အလံတိုင်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဦးစွာလွှင့်တင်ပြီးနောက် SEA Games ဖက်ဒရေးရှင်းအလံနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြန်မာအလံတို့ကို တစ်ပြိုင်နက်တည်း လွှင့်တင်လိုက်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ပြိုင်ပွဲကျင်းပရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတကိုယ်စား (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက အဖွင့်မိန့်ခွန်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတကာပြေးခုန်ပစ်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ခြောက်ခုရရှိခဲ့သည့် ဦးသန့်ဇင်က မီးထွန်းညှိတိုင်ကို ကွင်းအတွင်း သယ်ဆောင်လာပြီး နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရှင်အားကစားသမားကြီးများနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူတို့က လက်ဆင့်ကမ်းသယ်ဆောင်ကြသည်။

ထို့နောက် ရထားပုံပေါ်မှ မြားပစ်အားကစားသမား မောင်ဝေလင်းထွန်းက ပင်မမီးရှူးတိုင်ကို မြားဖြင့်ပစ်၍ မီးထွန်းညှိရာ မီးရှူးမီးပန်းများ ပစ်ဖောက်ကာ ဂုဏ်ပြုသည်။

ဆက်လက်၍ ဖျော်ဖြေရေးအစီအစဉ်များဖြင့်တင်ဆက်ရာ အမျိုးသားအမွေအနှစ် မဟာပုဂံ၊ ပွဲဦးအလက်ာ၊ ရွှေနိုင်ငံကကြိုနေမယ်၊ အနာဂတ်ကမ္ဘာမြေ၊ မျိုးဆက်သစ်တို့အားမာန်၊ သွေးချင်းတို့ဌာနေ မြန်မာပြည်အစီအစဉ်များကို တေးသရုပ်ဖော်ကကွက်လှုပ်ရှားမှုများဖြင့် ပုံဖော်တင်ဆက်သည်

အမျိုးသားအမွေအနှစ် မဟာပုဂံအစီအစဉ်တွင် ကပြဖျော်ဖြေသူ ၄၀၀ ကျော်ပါဝင်ပြီး အရဏ်ဦး ကလတက်သံ၊ လင်းကြက်တွန်သံ၊ ပဟိုရ်စည်တီးသံ၊ ဆည်းလည်းသံ၊ ခေါင်းလောင်းသံ၊ ပုဂံတီးလုံးညင်းသွဲ့သွဲ့၊ လေတိုက်သံ စသည့်နောက်ခံအသံများနှင့်ပေါင်းစပ်၍ LED Board တွင် ပုဂံဒေသ၏ အလှတရားများကိုပြသသည်။

ပွဲဦးအလက်ာအစီအစဉ်တွင် ကပြဖျော်ဖြေသူ ၂၀၀ ကျော်ပါဝင်ပြီး မြေဝိုင်းနှစ်ပါးသွားအဆိုတီးလုံး၊ ပွဲဦးအလက်ာတီးလုံးအသံတို့နှင့်ပေါင်းစပ်၍ LED Board တွင် တောတန်းရှုခင်းများ၊ နန်းဆောင်ပုံ၊ ပုပ္ပားတောင်၊ နှင်းဆီ၊ နေကြာ၊ ဒေလီယာပန်း စသည်တို့ကိုပြသသည်။

အနာဂတ်ကမ္ဘာမြေအစီအစဉ်တွင် သရုပ်ဖော်တင်ဆက်သူ ၄၀၀ ကျော်ပါဝင်ပြီး ကမ္ဘာမြေကြီးစိမ်းလန်းစိုပြည်သာယာနေပုံ၊ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးရပုံ၊ တည်ဆောက်ရေးလုပ်ငန်းများဖော်ဆောင်ပုံနှင့် ကမ္ဘာမြေကြီးပြန်လည်စိမ်းလန်းစိုပြည်သာယာလာပုံတို့ကို LED Board နှင့် Sound Effect များအသုံးပြုကာ ပုံဖော်တင်ဆက်သည်။

မျိုးဆက်သစ်တို့အားမာန်အစီအစဉ်တွင် ကပြဖျော်ဖြေသူ ၄၅၀ ပါဝင်ပြီး အေရိုးဗစ်ဝတ်စုံရောင်စုံဖြင့် မြူးကြွသည့် တေးဂီတနောက်ခံပေါင်းစပ်ကာ စည်းချက်ညီလှုပ်ရှားကပြကြသည်။ သွေးချင်းတို့ဌာနေ မြန်မာပြည်အစီအစဉ်တွင် ကပြဖျော်ဖြေသူ ၂၀၀၀ ကျော်ပါဝင်ပြီး တိုင်းရင်းသားဝတ်စုံများဖြင့် စည်းချက်နှင့်အညီ လှုပ်ရှားပြသကြသည်။

နှစ်ပေါင်း ၄၄ နှစ်ကြာမြင့်ပြီးနောက် မြန်မာနိုင်ငံတွင် တတိယအကြိမ်ပြန်လည်ကျင်းပသော အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို နိုင်ငံတကာမီဒီယာများက ချီးကျူးရေးသားတင်ပြခဲ့ကြသည်။ အာဆီယံနိုင်ငံများအပြင် အေပီ၊ အေအက်ဖ်ပီနှင့် ဆင်ဟွာသတင်းဌာနများကလည်း ဆီးဂိမ်းဖွင့်ပွဲကို ဖော်ပြကြသည်။

ဆီးဂိမ်းဖွင့်ပွဲအတွက် မြန်မာနိုင်ငံက ကုန်ကျစရိတ်ကိုမမှုဘဲ တခမ်းတနားဖွင့်လှစ်ခဲ့ခြင်းသည် နှစ်ပေါင်းငါးဆယ်ခန့် စစ်အုပ်ချုပ်ရေးအောက်ဖြတ်သန်းခဲ့ရပြီး အထီးကျန်နေသောနိုင်ငံသည် စီးပွားရေးအတွက်ဖွင့်လှစ်ပြီဖြစ်ကြောင်း ကမ္ဘာကယုံကြည်မှုရှိလာရန် အစိုးရ၏ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းဟု အေပီသတင်းတွင် ပြောကြားသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ဒီဇင်ဘာ ၁၁ ရက်က ပြိုးပြိုးပြက်ပြက်အရောင်များ၊ ဖန်တီးမှုအပြည့်ဖြင့် ဖွင့်လှစ်လိုက်ကြောင်း တရုတ်နိုင်ငံ ဆင်ဟွာသတင်းဌာနက ချီးကျူးဖော်ပြသည်။

မီးရောင်များပြိုးပြိုးပြက်ပြက်နှင့် ဆီးဂိမ်းဖွင့်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းတွင် စတင်ဖွင့်လှစ်လိုက်ရာ ယင်းပွဲသို့တက်ရောက်နေသော တရုတ်နိုင်ငံသားတစ်ဦးဖြစ်သူ မစ္စတာလျူဂူဒေါင်းကလည်း ဒေသခံပြည်သူများနည်းတူ ဂုဏ်ယူကျေနပ်မိကြောင်း ချိုင်းနားဒေးလီးသတင်းတွင် ဖော်ပြသည်။

ဗန်ကောက်ပို့စ်သတင်းစာကလည်း အထင်ကြီးလောက်သည့် ဆီးဂိမ်းဖွင့်ပွဲဟု ရေးသားခဲ့သည်။ ဆင်းဆင်းရဲရဲဖြင့် ယခင်ကသီးခြားဖြစ်နေခဲ့သောနိုင်ငံက အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲတွင် ကမ္ဘာကြီးကို ပြိုးပြက်သောမျက်နှာပြသခဲ့သည်ဟု အေအက်ဖ်ပီသတင်းတွင် ဖော်ပြခဲ့သည်။

“ဒါဟာ ကျွန်မရဲ့ ပထမဆုံးဆီးဂိမ်းနဲ့ မြန်မာနိုင်ငံကို ပထမဆုံးရောက်ဖူးတာပါ။ ဖွင့်ပွဲအခမ်းအနားက အလွန်ကိုထူးခြားတယ်။ ခမ်းနားလှပါတယ်” ဟု ဖိလစ်ပိုင်နိုင်ငံမှ လာရောက်အားပေးသော ပရိသတ်ဂျိုအန်နာအူဆာနာက အေအက်ဖ်ပီ သတင်းဌာနအား ပြောကြားသည်။

မည်သို့ပင်ဖြစ်စေ ဤဆီးဂိမ်းပြိုင်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းမှာ မြန်မာ့အားကစားသမိုင်းတွင် မော်ကွန်းသစ်စိုက်ထူလိုက်သည့်နေ့ပင်ဖြစ်သည်။ နှစ်ပေါင်း ၄၀ ကျော်မှ မြန်မာ့အားကစားသည် ပြန်လည်နိုးထလာသည့် နေ့ရက်များကို စတင်နိုင်ခြင်းပင်ဖြစ်သည်။

မြန်မာလူမျိုးတို့၏ ဓလေ့စရိုက်များကို ခြယ်မှုန်းပြသနိုင်ခဲ့ပါသည်။ ယနေ့မှစ၍ မြန်မာ့အားကစားသည် ပြန်လည်နိုးထလာတော့မည် ဖြစ်ပါသည်။ အနာဂတ်တွင် မြန်မာ့အားကစားသည် ပိုမိုတိုးတက်လာတော့မည်ဖြစ်သလို ဆီးဂိမ်းမော်ကွန်းသစ်ကိုလည်း စိုက်ထူလိုက်နိုင်ပြီ ဖြစ်သည်။

၄၄ နှစ်ကြာစောင့်ဆိုင်းခဲ့ရသည့် အိမ်ရှင်လုပ်ခွင့်ကြောင့် ယခင်က မကြုံဖူးခဲ့သော ဤမျှခမ်းနားသည့်တင်ဆက်နိုင်ခဲ့မှုကို မြန်မာပြည်သူတစ်ရပ်လုံးဝင့်ကြွားလင်းလက်သည့် မျက်ဝန်းများဖြင့် ဂုဏ်ယူနိုင်ခဲ့ပါသည်။ ဆီးဂိမ်းဖွင့်ပွဲအခမ်းအနားသည်ပင်လျှင် ဤမျှ ကြီးကျယ်ပါက ပိတ်ပွဲသည်သာ၍ ခမ်းနားမြင့်မြတ်ဝင့်ထည်မည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်သည်။



**နေပြည်တော် ဒီဇင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း) ကို ဆက်လက်ကျင်းပလျက်ရှိရာ နေပြည်တော်ဇေယျာသီရိအားကစားရုံ၌ ကျင်းပသော ဗိုဗီနမ်အားကစားပြိုင်ပွဲတွင် မြန်မာဗိုဗီနမ်အဖွဲ့က အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ အပြပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုဆွတ်ခူးသွားသည်။

ဆုလဲ့ဖြိုးနှင့် ခိုင်ဇင်ဝင်းတို့အတွဲက ဗိုဗီနမ်ချန်ပီယံ ဗီယက်နမ်ကို ကျော်ဖြတ်ပြီး နှစ်ယောက်တွဲအပြပြိုင်ပွဲတွင် ရမှတ် ၂၇၂ မှတ်ဖြင့် ရွှေတံဆိပ်ဆု ဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ဗီယက်နမ်က ရမှတ် ၂၆၉ မှတ်ဖြင့် ဒုတိယ ငွေတံဆိပ်၊ အင်ဒိုနီးရှားက ရမှတ် ၂၆၃ မှတ်ဖြင့် တတိယ ကြေးတံဆိပ် ဆွတ်ခူးနိုင်ခဲ့သည်။

သို့ရာတွင် အမျိုးသား သုံးဦးနှင့် အမျိုးသမီးတစ်ဦး လေးယောက်တွဲ ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုနှင့် လွဲချော်ခဲ့ရသည်။

မြန်မာ ဗိုဗီနမ်အဖွဲ့က ယနေ့ယှဉ်ပြိုင်သော အတိုက်ပြိုင်ပွဲတွင် အမျိုးသားရော အမျိုးသမီးပါ ငွေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ခဲ့သည်။

**ရန်ကုန် ဒီဇင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကြီး၏ ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ သုဝဏ္ဏအားကစားရုံ(၁)၌ ကျင်းပသော ကမ်ပိုအားကစားပြိုင်ပွဲ ကျင်းပရာ နေရာသို့ မြန်မာ့အလင်းသတင်းအဖွဲ့က ဒီဇင်ဘာ ၁၈ ရက်တွင် ရောက်ရှိခဲ့ရာ မြန်မာနိုင်ငံက Miss အမျိုးသား၊ အမျိုးသမီး ခါးစည်းအညို ပထမအဆင့်အပြပြိုင်ပွဲ

## ကမ်ပိုအားကစားပြို

၌ ပထမဆုရွှေတံဆိပ် ဆွတ်ခူးရရှိထားသည့် နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင်အောင်နိုင်ထွန်းနှင့် အိဖြူမောင်တို့အတွဲကို တွေ့ဆုံမေးမြန်းခဲ့သည်။

ကမ်ပိုအားကစားပြိုင်ပွဲမှ ပထမဆုရွှေတံဆိပ် ရရှိထားသော



သတင်း - စိုးဝင်း(SP)
ဓာတ်ပုံ - မျိုးမင်းသိန်း(မရမ်းကုန်း)



# မြန်မာအမျိုးသမီးဟော်ကီအသင်းက ကမ္ဘောဒီးယားကို ခုနစ်ဂိုး-ဂိုးမရှိဖြင့်နိုင်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ဒီဇင်ဘာဆောင်နှင်းပွင့်တို့နှင့်အတူ ဆီးဂိမ်းပြိုင်ပွဲကြီးကို ရန်ကုန်မြို့သိမ်ဖြူအားကစားကွင်းတွင်လည်း ဆက်လက်ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက် နံနက် ၇ နာရီတွင် မြန်မာအမျိုးသမီးဟော်ကီအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ ပထမပွဲစဉ်အဖြစ် ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက ခုနစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲအတွေ့အကြုံအရ ကစားကွက်ပြောင်းလဲ၍ အချိတ်အဆက်မိမိ ကစားနိုင်ခဲ့သည့်အတွက် ပထမပိုင်းပွဲစ၍ ခြောက်မိနစ်တွင် ကျောနံပါတ်(၄) ဂျက်စတင်းက အဖွင့်ဂိုးစသွင်းခဲ့ရာ မြန်မာနိုင်ငံပြီဟူသော ပရိသတ်အားပေးသံသည် ကွင်းလုံးပြည့်လျှံသွားစေခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းမှ ငါးဂိုးသွင်းနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်ဂိုးထပ်မံသွင်းခဲ့ခြင်းကြောင့် စုစုပေါင်း ခုနစ်ဂိုးဖြင့် ကမ္ဘောဒီးယားကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ ယနေ့မြန်မာအမျိုးသမီးဟော်ကီပြိုင်ပွဲတွင် ကျောနံပါတ်(၄) ဂျက်စတင်းက သုံးဂိုး၊ ကျောနံပါတ်(၁၀) သင်းသင်းလှိုင်က နှစ်ဂိုး၊ ကျောနံပါတ်(၁၃) ကြည်ကြည်လှက တစ်ဂိုးနှင့် ကျောနံပါတ်(၆) ကေကေခိုင်ဦးက တစ်ဂိုးစီဖြင့် လက်စွမ်းပြနိုင်ခဲ့၍ မြန်မာဟော်ကီ၏ သမိုင်းမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ကြသော ဟော်ကီပြိုင်ပွဲအဖြစ် ပရိသတ်များက ဝမ်းမြောက်ဝမ်းသာ အားပေးခဲ့ကြသည်။

**သတင်းနှင့်ဓာတ်ပုံ-သန်းထိုက်(လှိုင်သာယာ)**



ဆီးဂိမ်းပြိုင်ပွဲ၏ ဟော်ကီအားကစားပြိုင်ပွဲကို ရန်ကုန်မြို့သိမ်ဖြူအားကစားကွင်းတွင် ကျင်းပရာ မြန်မာအမျိုးသမီးဟော်ကီအသင်းနှင့် ကမ္ဘောဒီးယားဟော်ကီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

...ခူးသွားခဲ့ခြင်း
...ပွဲတွင် ဗီယက်
...တ်ဖြင့် ဒုတိယ
...ရှားက ရမှတ်
...ပ ကြေးတံဆိပ်

...သား သုံးဦးနှင့်
...လးယောက်တွဲ
...ဆုနှင့် လွဲချော်

...အဖွဲ့က ယနေ့
...ိုက်ပြိုင်ပွဲတွင်
...မျိုးသမီးပါ ငွေ
...ခူးနိုင်ခဲ့သည်။

အမျိုးသားအတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မြန်မာမှသိန်းဇော်စံနှင့် ဗီယက်နမ်မှ Duy KHANH NGUYEN တို့အကြိတ်အနယ်ကစားပြီး မြန်မာတို့ ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။

**အကြိတ်အနယ်ယှဉ်ပြိုင်**

ထို့အတူ အမျိုးသမီးအတိုက်ပြိုင်ပွဲတွင် မြန်မာမှ ဂျူးလက်ကျော်နှင့် ဗီယက်နမ်မှ TRAN KHANH TRANG တို့ အကြိတ်အနယ်ထိုးသတ်ယှဉ်ပြိုင်ခဲ့ကြရာ မြန်မာဗိုဗီနမ်မယ် ဂျူးလက်ကျော် ငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာဗိုဗီနမ်အဖွဲ့သည် နံနက်စောစောပိုင်း အပြပြိုင်ပွဲတွင်လည်း ရွှေတံဆိပ်ဆုနှစ်ခု ဆွတ်ခူးခဲ့သည်။

**သတင်း-မြင့်မောင်စိုး**

**ဓာတ်ပုံ-ကျော်သူဝင်း**



ဆီးဂိမ်းပြိုင်ပွဲတွင် ထိုင်းအားကစားအဖွဲ့အား ထိုင်းနိုင်ငံရိုးရာဝတ်စုံဖြင့် လိုက်လံဖျော်ဖြေအားပေးသူအဖွဲ့အား ဒီဇင်ဘာ ၁၉ ရက်က ဝဏ္ဏသိဒ္ဓိအားကစားရုံအနီးတွင် တွေ့မြင်ရစဉ်။ ဓာတ်ပုံ-မျိုးသန့်(အင်းစိန်)

» စာမျက်နှာ ၁ မှ

ထို့နောက် အမျိုးသမီးနှစ်ယောက်တွဲ လက်နက်မဲ့စွမ်းရည်ပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပပဝင်းနှင့် ချူးသဥ္ဇာစိုးတို့ပါဝင်ယှဉ်ပြိုင်ရာ ဗိုဗီနမ် အားကစားပြိုင်ပွဲအတွက် ပထမဦးဆုံးရွှေတံဆိပ်ကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ ဆက်လက်၍ ဓားသိုင်း တစ်ကိုယ်တော် စွမ်းရည်ပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နှင်းသီတာကလည်း ဗိုဗီနမ်အားကစားအတွက် ဒုတိယ ရွှေတံဆိပ်ကို ထပ်မံဆွတ်ခူးပေးနိုင်ခဲ့သည်။

နှစ်ယောက်တွဲလက်နက်မဲ့စွမ်းရည်ပြပြိုင်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်အသင်းကို ၂၇၀-၂၆၅ မှတ်ဖြင့် ပထမဆုကို ဆွတ်ခူးသွားနိုင်ခဲ့သည်။ အဆိုပါ ပြိုင်ပွဲတွင် ဗီယက်နမ်အသင်းမှ ရမှတ် ၂၆၅ မှတ်ဖြင့် ဒုတိယ၊ လာအိုအသင်းမှ ရမှတ် ၂၅၂ မှတ်ဖြင့် တတိယ အသီးသီးရရှိသွားကြသည်။

"ခုလို ရွှေတံဆိပ်ဆုရရှိခဲ့တဲ့အတွက် အတိုင်းမသိဝမ်းသာပါတယ်။ ယခုလိုရွှေတံဆိပ်ဆုရအောင် တစ်နှစ်လုံးလုံး ကြိုးစားခဲ့ရပါတယ်။ ဒီကစားနည်းက ဗီယက်နမ်ကလာတဲ့ ကစားနည်းဖြစ်တော့ ဗီယက်နမ်မှာ တစ်လ Joint Training သွားလုပ်ခဲ့ပါတယ်၊ ဒါကဆီးဂိမ်းပြိုင်ပွဲမှာ ပထမဦးဆုံး ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ လာရောက်အားပေးတဲ့ ပရိသတ်ကြီးကိုလည်း သိပ်ကို ကျေးဇူးတင်ပါတယ်"ဟု နှစ်ယောက်တွဲ လက်နက်မဲ့စွမ်းရည်ပြပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် မပပဝင်းက ပြောကြားသည်။

တစ်ကိုယ်တော် ဓားသိုင်းစွမ်းရည်ပြ ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နှင်းသီတာက သတ်မှတ်ထားသော အချိန်အတွင်းက Performent အကောင်းဆုံးနှင့် လှလှပပကစားသွားနိုင်ခဲ့သည့်အတွက် ရမှတ် ၂၆၉ မှတ်ဖြင့် ပထမရရှိသွားပြီး ဗီယက်နမ်မှ ၂၆၆ မှတ်ဖြင့် ဒုတိယ၊ အင်ဒိုနီးရှားမှ ၂၆၄ မှတ်ဖြင့် တတိယ အသီးသီးရရှိသွားကြသည်။

"ကျွန်မတို့ အသင်းအနေနဲ့ ဗီယက်နမ်ကို အဓိကထားယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဒီကစားနည်းကလည်း ဗီယက်နမ်နိုင်ငံရဲ့ ရိုးရာကစားနည်းဖြစ်တော့ သူတို့ကို အဓိကထားရတာပေါ့။ ဒီကစားနည်းအတွက် ဗီယက်နမ်အသင်းက ကျွန်မတို့ကလေးတွေကို သင်ပြပေးပါတယ်။ ကျွန်မတို့အသင်းအနေနဲ့ ပထမရလို့ သိပ်ကိုဝမ်းသာမိပါတယ်"ဟု အသင်းတာဝန်ခံတစ်ဦးက ပြောကြားသည်။

ဆက်လက်၍ ကျား၊ မ နှစ်ယောက်တွဲ သရုပ်ပြပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ခိုင်ဇင်ဝင်းနှင့် ဆုလဲ့ဖြိုးတို့မှ နောက်ထပ် တတိယရွှေတံဆိပ်ကို ဆွတ်ခူးပေးနိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာအသင်းက ရမှတ် ၂၇၂ မှတ်ဖြင့် ပထမ၊ ဗီယက်နမ်အသင်းက ၂၆၇ မှတ်ဖြင့် ဒုတိယ၊ အင်ဒိုနီးရှားအသင်းက ၂၆၃မှတ်ဖြင့် တတိယ အသီးသီးရရှိသွားသည်။

ဗိုဗီနမ် အားကစားပြိုင်ပွဲ(အတိုက်)ပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိပြီး အဆိုပါပြိုင်ပွဲများကို ဒီဇင်ဘာ ၂၁ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဇူလိုင်မိုး**

## ...းကစားပြိုင်ပွဲမှ ရွှေတံဆိပ်ဆုရရှိသူနှစ်ဦး၏ရင်တွင်းဖြစ်ပီတိစကားများ

...ပိ ဆွတ်ခူး
...င်ငံ့ဂုဏ်ဆောင်
...အောင်နိုင်ထွန်း
...ခတွဲကို တွေ့

...ပြိုင်ပွဲမှ ပထမ
...ရရှိထားသော

အောင်နိုင်ထွန်းနှင့် တွေ့ဆုံရာတွင် "ကျွန်တော်က ကာကွယ်ရေးဝန်ကြီးဌာန စစ်ဗျူဟာအခြေစိုက်မိုင်းတုံတိုင်းဒေသ တိုင်းစစ်ဌာနချုပ်ကပါ၊ လက်ရှိတာဝန်ကတော့ ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းတုံမြို့မှာ တာဝန်ကျနေပါတယ်။ အခုကရာတေးအားကစားသမားလည်း ဖြစ်ပါတယ်။ အရင်တုန်းက ကြည်း၊ ရေ၊ လေက ပြုလုပ်တဲ့ ကရာတေးပြိုင်ပွဲတွေမှာ ကစားဖူးပါတယ်။ ကျွန်တော်လည်း ကရာတေးပြိုင်ပွဲ တွေပြီးဆုံးတဲ့အချိန်နဲ့ ကမ်ပိုက မြန်မာနိုင်ငံကို လူလာရွေးတဲ့အချိန် တိုက်ဆိုင်တော့ ရွေးလိုက်တာပါ။ ဒီဆီးဂိမ်းကမ်ပိုအတွက်ကို ကရာတေးအားကစားသမားအများဆုံးကို ရွေးချယ်ထားပါတယ်။ ကျွန်တော့်ကို မိုင်းတုံကနေခေါ်ယူပြီး ဒီဆီးဂိမ်းကမ်ပိုအားကစားအတွက် ပထမဆုံးနေပြည်တော်မှာ ဖေဖော်ဝါရီလလောက်ကတည်းက လေ့ကျင့်ကြရပါတယ်။ ဇွန်လက အင်ဒိုနီးရှားနိုင်ငံမှာ ကမ်ပိုဖိတ်ခေါ်ပြိုင်ပွဲလုပ်ပါတယ်။ မနန်းဆိုင်မိန်းနဲ့ အခုလို နှစ်ယောက်တွဲ ဝင်ရောက်ယှဉ်ပြိုင်ကြတာ ရွှေတံဆိပ်ရကြပါသေးတယ်။ ကမ်ပိုပြိုင်ပွဲပြုလုပ်ဖို့ ကျွန်တော်တို့ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ပထမခုနစ်ဦးလောက်ခေါ်ပါတယ်။ လူစစ်ထုတ်လိုက်တဲ့အခါ ကျွန်တော်နဲ့ သန်းဝင်း နှစ်ယောက်ပဲ ကျန်ခဲ့တာပါ။ ခံစားချက်အနေနဲ့ကတော့ တော်တော်လေးပျော်ပါတယ်၊ ကိုယ့်နိုင်ငံအတွက်ရော ကာကွယ်ရေးဝန်ကြီးဌာနအတွက်ပါ ဂုဏ်ယူပါတယ်၊ ၂၀၁၅ ဆီးဂိမ်း ပြိုင်ပွဲကြီးကျရင်လည်း ဝင်ရောက် ယှဉ်ပြိုင်သွားဦးမှာပါ။ အဲဒီနောက်ပိုင်းတော့ မပြောတတ်သေးဘူး၊ မြန်မာပရိသတ်များကိုရော ဒီပွဲစဉ်အတွက် ကူညီပေးကြတဲ့သူတွေအားလုံးကိုပါ အထူးကျေးဇူးတင်ပါတယ်" ဟု ပြောခဲ့သည်။



ဆက်လက်၍ ကမ်ပိုအားကစားပြိုင်ပွဲမှပထမဆုရွှေတံဆိပ်ရ အိဖြူမောင်အားတွေ့ဆုံရာ"သမီးဇာတိက ရှမ်းပြည်နယ် ခိုလမ်မြို့ကပါ၊ အသက် (၁၅ နှစ်)ရှိနေပါပြီ၊ အရင်တုန်းကတော့ ကယားပြည်နယ် ကရာတေးကလပ်ကပါ။ ကရာတေးကစားတာ ခုနစ်နှစ်ရှိပါပြီ၊ ကယားပြည်နယ်မှာပြုလုပ်တဲ့ ကရာတေးကျောင်းသားပြိုင်ပွဲမှာ ဝင်ပြိုင်ခဲ့ဖူးပါတယ်။ အဲ့ဒီမှာ ရွှေတံဆိပ်တစ်ဆု၊ ငွေတံဆိပ်တစ်ဆု၊ ကြေးတံဆိပ် နှစ်ဆုရဖူးပါတယ်။ သမီးကို ဒီဆီးဂိမ်း ကမ်ပိုအားကစားပြိုင်ပွဲလေ့ကျင့်ဖို့အတွက် ကယားပြည်နယ်က ကရာတေးနည်းပြဆရာမ ဒေါ်နန်းဆိုင်မိန်းက ဒီအား/ကာသိပ္ပံကို ပို့ပေးတာပါ။ ဆရာမက ကမ်ပိုအားကစားသမားပါ၊ အခုမကစားတော့ပါဘူး၊ သမီး ဒီပြိုင်ပွဲအတွက် တစ်နှစ်လောက် လေ့ကျင့်လိုက်ရပါတယ်။ အားလုံး အမျိုးသားဦးရေ ၁၄ ဦးနှင့် အမျိုးသမီးဦးရေ ၁၈ ဦး စုစုပေါင်း ၃၂ ဦး နေပြည်တော်မှာ လေ့ကျင့်ခဲ့ကြပါတယ်။ ဇွန် ၂၈ ရက်မှ ၃၀ ရက်အထိ အင်ဒိုနီးရှားမှာ ပြုလုပ်ခဲ့တဲ့ Bago Open Championship 2013 မှာ မြန်မာနိုင်ငံအနေနဲ့ သမီးက ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ကြေးတံဆိပ်ရရှိခဲ့ပါတယ်။ အဲ့ဒီပွဲမှာ မြန်မာနိုင်ငံအနေနဲ့ ရွှေတံဆိပ်နှစ်ဆု၊ ငွေတံဆိပ် သုံးဆု၊ ကြေးတံဆိပ်သုံးဆု ဆွတ်ခူးရရှိခဲ့ပါတယ်။ ဒီနှစ် စက်တင်ဘာလက ပြုလုပ်ခဲ့တဲ့ ပရီဆီးဂိမ်းမှာလည်း နှစ်ဦးလေးယောက်တွဲမှာ ကြေးတံဆိပ်တစ်ဆုရရှိပါသေးတယ်။ ခံစားချက်ကတော့ သိပ်ကိုပျော်ရွှင်မိပါတယ်၊ ဒီလိုမျိုးဖြစ်လာဖို့လည်း အလွန်ကို ကြိုးစားအားထုတ်ခဲ့ရပါတယ်။

သမီးအားကစားသမားတွေကို ပြောချင်တာကတော့ ဒီလိုအသက်ငယ်တဲ့ကာလအတွင်းမှာ ကြိုးစားကြစေချင်ပါတယ်။ သမီးလည်း ဒီဆီးဂိမ်းပွဲတော်ကြီးပြီးရင် ကမ်ပိုကို ဆက်ကျင့်မယ်၊ တက္ကသိုလ်ဝင်တန်းကိုလည်းဖြေမယ်။ ဒီဆီးဂိမ်းပွဲတော်ကြီးအတွက် သင်ကြားပြသပေးကြတဲ့ နည်းပြဆရာ ဆရာမအားလုံးကို အလွန်ကျေးဇူးတင်ပါတယ်၊ ဒီဆီးဂိမ်းပွဲတော်ကြီးက မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ်လုပ်တဲ့ ပွဲစဉ်ဆိုတော့ ကစားသမားတွေနဲ့အားပေးကြည့်ရှုကြတဲ့ ပရိသတ်များကိုလည်း သမီးအထူးကျေးဇူးတင်ရှိပါတယ်။ ဆက်ပြီးလည်း နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်း တစ်ဦးဖြစ်အောင် ကြိုးစားသွားမှာပါ"ဟု မြန်မာ့အလင်းသတင်းအဖွဲ့သို့ ရွှေတံဆိပ်ဆွတ်ခူးခဲ့ကြသော ကမ်ပိုအားကစားသမားနှစ်ဦးက ယင်းသို့ ပြောကြားခဲ့သည်။



## မြားပစ် ရွှေတံဆိပ်ဆုရှင် အောင်ငိုမ်းအား ဂုဏ်ပြု

**နေပြည်တော် ဒီဇင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ မြားပစ်ပြိုင်ပွဲတွင် အောင်နိုင်ဆုရရှိခဲ့ကြသော အားကစားသမားများနှင့်မြားပစ်ပြိုင်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေး၊ အောင်နိုင်ရေး၊ ဒိုင်၊ ဂျူရီ၊ LO-VO/WF နှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းတင်အခမ်းအနားကို ယမန်နေ့က ACE ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဖြိုးကိုကိုတင့်ဆန်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက အမှာစကားပြောကြားသည်။ ယင်းနောက် မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌက ရွှေတံဆိပ်ရ အောင်ငိုမ်းအား ဆုကြေးငွေကျပ်သိန်း ၂၀၀ ချီးမြှင့်ပြီး အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက ကြေးဆုရရှိသူများကို ဆုကြေးငွေများ ချီးမြှင့်သည်။ ထို့နောက် ပြိုင်ပွဲကျင်းပရေး၊ အောင်နိုင်ရေး၊ ဒိုင်၊ ဂျူရီ၊ LO-VO/WF နှင့် လုံခြုံရေးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

**ဖိုးသော်ဇင်**

# တိုက်ကွမ်ဒို ဒုတိယနေ့ပွဲစဉ် အမျိုးသား ၇၄-၈၀ ကီလိုတန်းအတိုက် မြန်မာအသင်းမှ ဝင်းထွန်းလင်း ရွှေတံဆိပ်ဆွတ်ခူး



**နေပြည်တော် ဒီဇင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် တိုက်ကွမ်ဒိုအားကစားဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီမှစ၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ(A) ၌ ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါပွဲစဉ်များတွင် အမျိုးသား ၇၄-၈၀ ကီလိုတန်းအတိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက အင်ဒိုနီးရှားအသင်းကိုလည်းကောင်း၊ ဖိလစ်ပိုင်အသင်းက လာအိုအသင်းကိုလည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ၎င်းဗိုလ်လုပွဲကို မွန်းလွဲ ၂ နာရီတွင် ဆက်လက်ကျင်းပခဲ့ရာ မြန်မာအသင်းမှ ကစားသမား ဝင်းထွန်းလင်းသည် မြန်မာပရိသတ်များ၏ တစ်ခဲနက်အားပေးသံများနှင့်အတူ ဖိလစ်ပိုင်အသင်းမှ Sawatvilay Phimmasone ကို အကြိတ်အနယ်ယှဉ်ပြိုင်တိုက်ခိုက်ရာ မြန်မာအသင်းမှ ဝင်းထွန်းလင်းက အနိုင်ရရှိ၍ မြန်မာအသင်းအတွက် နောက်ထပ်ရွှေတံဆိပ်ဆုကို ထပ်မံဆွတ်ခူးပေးခဲ့သည်။

ဆက်လက်၍ အမျိုးသား ၆၃-၆၈ ကီလိုတန်း ဗိုလ်လုပွဲတွင် လာအိုအသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ လာအိုအသင်းကလည်းကောင်း၊ အမျိုးသမီး ၅၃-၅၇ ကီလိုတန်းအတိုက်ဗိုလ်လုပွဲတွင် ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ရာ ဖိလစ်ပိုင်အသင်းကလည်းကောင်း၊ အမျိုးသမီး ၆၂-၆၇ ကီလိုတန်းအတိုက်ဗိုလ်လုပွဲတွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကြရာ ထိုင်းအသင်းကလည်းကောင်း အသီးသီးအနိုင်ရရှိပြီး ရွှေတံဆိပ်ဆုဆွတ်ခူးခဲ့ကြသည်။

**သတင်း-သိမ့်၊ ဖြိုး၊ ဓာတ်ပုံ-သူရ(တောင်ငူ)**

» *စာမျက်နှာ ၁ မှ*

ပွဲငယ်ကိုးပွဲသာယှဉ်ပြိုင်ပြီး ရွက်လှေရွက်လွှင့် Half-Rater (Open) ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွက်လှေအားကစားမှ ပထမဦးဆုံး ရွှေတံဆိပ်ဆွတ်ခူးပေးခဲ့သူ စည်သူမိုးမြင့်နှင့် ဖုန်းကျော်မိုးမြင့်တို့က ယင်းတို့၏ခံစားချက်များအား ပြောကြားသည်။

ယနေ့ယှဉ်ပြိုင်ခဲ့သော INTL 470 (Women) အမျိုးသမီးပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ စုမြတ်စိုးနှင့် နန်းခမ်းဆေးအတွဲတို့က အဆင့်(၁) နေရာကို ထပ်မံရယူထားနိုင်ခဲ့သည်။

**(သတင်းစဉ်)**

# မြန်မာဘော်လီဘောရေကုန်ရေခန်းကစားသော်လည်း နှစ်မှတ်တည်းဖြင့် အင်ဒိုနီးရှားကိုရှုံးနိမ့်ပြီး ဗိုလ်လုပွဲနှင့်လွဲ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများကို ဆက်လက်ကျင်းပလျက်ရှိရာ နေပြည်တော် ဇေယျာသီရိအားကစားရုံ၌ကျင်းပသော အမျိုးသားဘော်လီဘောပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် မြန်မာအမျိုးသားဘော်လီဘောအသင်းမှာ အကြိတ်အနယ်ကစားပြီး နှစ်မှတ်တည်းဖြင့် အင်ဒိုနီးရှားကိုရှုံးနိမ့်ပြီး ဗိုလ်လုပွဲနှင့်လွဲသွားသည်။

မြန်မာအမျိုးသားဘော်လီဘောအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့သည် အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရသည်။ ပထမနှစ်ပွဲတွင် အင်ဒိုနီးရှားက မြန်မာကို ၂၅-၂၀၊ ၂၅-၂၂ မှတ်ဖြင့် နိုင်သည်။ တစ်ဖန် မြန်မာက အင်ဒိုနီးရှားကို ၂၅-၂၁၊ ၂၅-၁၉ မှတ်ဖြင့်နိုင်သည်။ တစ်ဖက်နှင့်တစ်ဖက် နှစ်ပွဲစီအနိုင်ရခဲ့သဖြင့် ပဉ္စမမြောက်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ အင်ဒိုနီးရှားက မြန်မာကို ၁၅-၁၃ မှတ်ဖြင့်နိုင်ခဲ့သည်။ မြန်မာတို့ နှစ်မှတ်တည်းဖြင့် ကပ်ရှုံးသွားသဖြင့် ဗိုလ်လုပွဲနှင့်လွဲချော်ခဲ့ရသည်။ မြန်မာအမျိုးသားဘော်လီဘောအသင်းအနေဖြင့် တတိယဆုသာ မျှော်မှန်းနိုင်တော့မည်ဖြစ်သည်။

စောစောပိုင်းပြိုင်ပွဲတွင် ထိုင်းအမျိုးသားဘော်လီဘောအသင်းက ဗီယက်နမ်ကိုနိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ ဗိုလ်လုပွဲတွင် ထိုင်းနှင့် အင်ဒိုနီးရှားတို့တွေ့မည်ဖြစ်သည်။ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင်လည်း ထိုင်းအမျိုးသမီးအသင်းက အင်ဒိုနီးရှားကိုနိုင်ခဲ့သည်။

**သတင်း-မောင်ရွှေရိုး၊ ဓာတ်ပုံ-မောင်ကျော်ကြီး**



မြန်မာ့အလင်း

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ ၂၀ရက်၊ သောကြာနေ့။






လူမှုစီးပွား

နိုင်ငံတော်၏မတည်မှုဖြင့် ရှမ်း(မြောက်)အတွင်းရှိ (တအာင်း)ပလောင်နှင့် နမ့်ကျန်ကျေးရွာလျှပ်စစ်မီးလင်းပြီ

စာ - ၃



ပြည်တွင်းရေးရာ

မင်းဘူးနန်းတော်ကုန်းကျေးရွာတွင် နှစ် (၁၀၀)သက်တမ်းရှိ လောင်းလှေကြီးကို ထိန်းသိမ်းထား

စာ - ၄



စာ - ၆

ခရီးသွား

ရွှေဖီရန့်သင်းပါတဲ့၊ သွေးချင်းတို့ ပလောင်မြေ



# စောင့်ကြည့်ရမယ့် ဇန်နဝါရီခြေလှမ်းများ [၁]

စာ - ၇

# ARSENAL vs CHELSEA

| | | |
|---|---|---|
| DATE | - | 24 DECEMBER 2013 |
| KICK-OFF | - | 02:30 |
| VENUE | - | EMIRATES STADIUM |

# ဇန်နဝါရီဈေးကွက်နဲ့အတူပြောင်းလဲမှုတွေရှိလာမယ့် ထိပ်တန်းကစားသမားများ

စာ - ၂

လာမယ့် ဇန်နဝါရီ ၁ ရက်နေ့မှာ စတင်မယ့် ဆောင်းရာသီဈေးကွက်မှာ ဘယ်ကစားသမားတွေဟာ ဘယ်အသင်းကြီးတွေကို ရောက်ရှိမလဲ....



ဒီနှစ်ပရီမီယာလိဂ်ပြိုင်ပွဲမှာ ထိပ်တန်းအသင်းကြီးအများစုကအစ လိုအပ်ချက်တွေရှိနေပါတယ်။ ထိပ်ဆုံးကဦးဆောင်နေတဲ့ အာဆင်နယ်ကအစ လီဗာပူး၊ ချဲလ်ဆီး၊ မန်စီးတီး၊ မန်ယူစတဲ့အသင်းကြီးတွေအားလုံး လိုအပ်ချက်တွေများပြားနေပါတယ်။ ဒါကြောင့် အဆိုပါအသင်းတွေအားလုံးဟာ ရာသီအကုန်မှာ အောင်မြင်မှု ရယူနိုင်ရေးအတွက် လာမယ့်ဇန်နဝါရီ အပြောင်းအရွှေ့ဈေးကွက်ကာလမှာ အသင်းကိုပြင်ဆင်အားဖြည့်မှုတွေ ပြုလုပ်လာဖို့ရှိနေပါတယ်။

ဒါကြောင့် အဆိုပါအသင်းကြီးတွေအနေနဲ့ လာမယ့်ဇန်နဝါရီဈေးကွက်မှာ ဖြစ်ပေါ်လာနိုင်တဲ့အပြောင်းအလဲတွေကို သူတို့ရဲ့လိုအပ်ချက်၊ သူတို့ရဲ့ ငွေသုံးနိုင်အား၊ သူတို့ရဲ့ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်တွေမှာ ခေါ်ယူခဲ့မှုများ၊ သူတို့ရဲ့ ဒီဇန်နဝါရီ ဈေးကွက်မှာ ခေါ်ယူဖို့ စောင့်ကြည့်နေတဲ့ကစားသမားများ စတဲ့အချက်တွေကို အခြေခံပြီး **Daily Mail** က သုံးသပ်ပေးထားတဲ့အနက်က ဒီတစ်ပတ်မှာ အာဆင်နယ်ရဲ့အခြေအနေကို စတင်ဖော်ပြပေးလိုက်ပါတယ်။

# စောင့်ကြည့်ရမယ့် ဇန်နဝါရီခြေလှမ်းများ (၁)

### သူတို့ဘာလိုအပ်သလဲ

တကယ်လို့ အာဆင်နယ်အနေနဲ့ ဒီနှစ်ပရီမီယာလိဂ်မှာ ဆုဖလားကို ရယူနိုင်ဖို့ဆိုရင် သူတို့အနေနဲ့ လာမယ့်ဇန်နဝါရီဈေးကွက်မှာ တိုက်စစ်မှူးတစ်ဦးကို မဖြစ်မနေခေါ်ယူဖို့ လိုအပ်နေပါတယ်။ ဒီလိုတိုက်စစ်မှူးကောင်းတစ်ယောက်ခေါ်ယူနိုင်ခြင်း ရှိမရှိဟာ အာဆင်နယ်ရဲ့ ပရီမီယာလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဆုရယူနိုင်ခြင်းကို အဓိကအကျဆုံး အဆုံးအဖြတ်ပေးသွားနိုင်တဲ့ အခြေအနေတစ်ရပ်လည်း ဖြစ်ပါတယ်။

အာဆင်နယ်ရဲ့ တိုက်စစ်မှာ လက်ရှိအချိန်အတွင်း ဂီရောက်ဒ်တစ်ဦးသာ အကောင်းဆုံးပုံစံမှာ ရှိနေပေမယ့်လည်း ဂီရောက်ဒ်ကိုယ်တိုင်က ကမ္ဘာ့အဆင့်တိုက်စစ်မှူးမဟုတ်ပါဘူး။ ဒါကြောင့် အာဆင်နယ်အနေနဲ့ လာမယ့်ဇန်နဝါရီဈေးကွက်မှာ တိုက်စစ်မှူးကောင်းတစ်ဦး မဖြစ်မနေခေါ်ယူဖို့ လိုအပ်သလို ဆက်ဂ်ညာရဲ့ စာချုပ်သစ်ချုပ်ဆိုရေး ကိစ္စရပ်ကလည်း သေချာမှုမရှိသေးတာကြောင့် အာဆင်နယ်အနေနဲ့ ညာတောင်ပံခံစစ်မှူး တစ်ဦးကိုပါ ခေါ်ယူသွားဖို့ရှိနေပါတယ်။



### သူတို့ငွေဘယ်လောက်သုံးနိုင်သလဲ

အာဆင်နယ်ဟာ ပြီးခဲ့တဲ့နွေရာသီအပြောင်းအရွှေ့ဈေးကွက်မှာ ရီးရဲကွင်းလယ်ကစားသမား အိုဇေးလ်ကို ပေါင်သန်း ၄၀ ကျော်ပေးပြီး စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ခေါ်ယူခဲ့ပါတယ်။ လာမယ့် ဇန်နဝါရီဈေးကွက်ကာလအတွက်လည်း အသင်းကမန်နေဂျာ အာစင်ဝင်းဂါးကို ကမ္ဘာ့အဆင့်တိုက်စစ်မှူးကောင်းတစ်ဦး ခေါ်ယူနိုင်ဖို့ငွေလိုသလောက် အသုံးပြုခွင့်ပေးထားပါတယ်။ ဒါကြောင့် အာဆင်နယ်အနေနဲ့ လာမယ့်ဇန်နဝါရီဈေးကွက်မှာ ပေါင်သန်း ၅၀ ဝန်းကျင်လောက်သုံးစွဲ လာဖို့ရှိနေပါတယ်။

### ဘယ်သူတွေကိုစောင့်ကြည့်နေသလဲ

အာဆင်နယ်အနေနဲ့ လာမယ့် ဇန်နဝါရီဈေးကွက်အတွက် အဓိကအကျဆုံးစောင့်ကြည့်မှုတွေမှာ တိုက်စစ်မှူးတွေအများအပြားပါဝင်နေပါတယ်။ အထူးသဖြင့် အာစင်ဝင်းဂါးဟာ ဆွာရက်ဇ်ကို ခေါ်ယူဖို့အတွက် စိတ်ဝင်စားလျက်ရှိပြီး ပြီးခဲ့တဲ့နွေရာသီဈေးကွက်တုန်းကလည်း ဆွာရက်ဇ်ကိုခေါ်ယူနိုင်ဖို့ ကြိုးစားခဲ့ဖူးပါတယ်။ ဒါပေမယ့် ဆွာရက်ဇ်အနေနဲ့ လာမယ့် ဇန်နဝါရီဈေးကွက်မှာ လီဗာပူးကနေ ထွက်ခွာဖို့ဆိုတာ ဖြစ်နိုင်ဖို့ခဲယဉ်းနေပါတယ်။ အထူးသဖြင့် ဆွာရက်ဇ်ဟာ လာမယ့်ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် ဥရုဂွေးအသင်းမှာ နေရာရဖို့ သူ့ရဲ့ခြေစွမ်းကို ထိခိုက်မယ့် အသင်းပြောင်းရွှေ့မှုမျိုးကို ပြုလုပ်ဖို့ဆိုတာ မသေချာပါဘူး။

ဒါကြောင့်ဝင်းဂါးအနေနဲ့ ဆွာရက်ဇ်ကို ခေါ်ယူလို့မရခဲ့ရင် မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ဇ်ကို ပြောင်းလဲပစ်မှတ်ထားလာနိုင်ပါတယ်။ ဟာနန်ဒက်ဇ်နဲ့ ဆွာရက်ဇ်တို့ဟာ ကစားပုံဆင်တူသူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် လက်ရှိအချိန်မှာ ဟာနန်ဒက်ဇ်အနေနဲ့ မန်ယူအသင်းမှာ ပွဲထွက်ပါဝင်ခွင့် ဆုံးရှုံးနေရပြီး လူစားဝင် ကစားသမားအဖြစ်သာ ပါဝင်ကစား နေရတာကြောင့် ဟာနန်ဒက်ဇ်ရဲ့ အရည်အသွေးပိုင်းကတော့ သံသယဖြစ်စရာ အခြေအနေမှာ ရှိနေပါတယ်။

ဒါ့အပြင် အာစင်ဝင်းဂါးဟာ ရီးရဲ လူငယ်တိုက်စစ်မှူး မိုရာတာကိုလည်း အငှားနဲ့ခေါ်ယူဖို့ စဉ်းစားနေပါတယ်။ ဒါပေမယ့် မိုရာတာကို ရီးရဲက ဘယ်လိုနည်းနဲ့မှ လက်လွှတ်မှာ မဟုတ်ဘူးလို့ ငြင်းထားပါတယ်။ ဒါကြောင့် ဝင်းဂါးအနေနဲ့ ဆွာရက်ဇ်၊ ဟာနန်ဒက်ဇ်တို့ကို ခေါ်ယူလို့မရခဲ့ရင် ဇက်ကို၊ လော်ရန်တီတို့ကို ထပ်မံပစ်မှတ်ထားလာနိုင်ပါတယ်။ ဒါပေမယ့် ဒီနှစ်ဦးကိုခေါ်ယူနိုင်ဖို့ဆိုတာကလည်း ဝင်းဂါးအတွက် ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။

ဒါကြောင့် အာစင်ဝင်းဂါးဟာ သူ့ရဲ့တိုက်စစ်ပိုင်းကို အားဖြည့်နိုင်ဖို့အတွက် ဇန်နဝါရီဈေးကွက်မှာ ဘင်ဇီမာကို နောက်ဆုံးပစ်မှတ်အဖြစ် သတ်မှတ်လာနိုင်ပါတယ်။ ဘင်ဇီမာဟာ အာစင်ဝင်းဂါးနှစ်သက်တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပြီး ဝင်းဂါးအနေနဲ့ အသင်းရဲ့တိုက်စစ်ကို ပြင်သစ်တိုက်စစ်မှူး နောက်တစ်ယောက်နဲ့ ပိုမိုခိုင်မာအောင်တည်ဆောက်ဖို့ကြိုးစားလာနိုင်ပါတယ်။

### ဘယ်သူတွေထွက်နိုင်သလဲ

တကယ်တော့ လာမယ့်ဇန်နဝါရီဈေးကွက်မှာ အာစင်နယ်ကနေ ထွက်ခွာသွားမယ့် ကစားသမားများများစားစား မရှိနိုင်ပါဘူး။ အာစင်ဝင်းဂါးအနေနဲ့ စနစ်တကျ ဆောင်ရွက်နိုင်မယ်ဆိုရင် ဒီအတိုင်းဆက်ရှိနေမယ့် အခြေအနေတောင်ရှိပါတယ်။ ဒါပေမယ့် ဒီအထဲမှာ အသင်းရဲ့ ခံစစ်မှူးဗာမေလန်ကတော့ အသင်းမှာ ဆက်ရှိနိုင်ဖို့ သေချာမှုမရှိပါဘူး။ ဗာမေလန်အနေနဲ့ လက်ရှိအချိန်မှာ ပွဲကစားခွင့်ဆုံးရှုံးနေတဲ့အတွက် အသင်းကနေထွက်ခွာသွားမလားဆိုတာ စောင့်ကြည့်ရပါလိမ့်မယ်။ အထူးသဖြင့် ဗာမေလန်အနေနဲ့ လာမယ့်ကမ္ဘာ့ဖလားမှာ ဘယ်လ်ဂျီယံအသင်းနဲ့အတူပါဝင်ခွင့်ရဖို့ ပွဲပိုမိုကစားခွင့်ရရေးအသင်းကို စွန့်ခွာသွားနိုင်ဖွယ်ရှိနေပါတယ်။ ဒါ့အပြင် ဖာဘီယန်စကီးအနေနဲ့လည်း ပွဲထွက်ကစားခွင့် ဆုံးရှုံးနေရတာကြောင့် သူ့အနာဂတ်ကို စဉ်းစားနေသလို ရှော်လ်ကေးကလည်း ဖာဘီယန်စကီးကိုစိတ်ဝင်စားမှုရှိနေပါတယ်။

ဒါ့အပြင် အာဆင်နယ် အနေနဲ့ လူငယ် ကစားသမား မီယာချီကို အတွေ့အကြုံရရေး အငှားချသွားမယ့်အခြေအနေမှာရှိသလို အသင်းမှာ ကစားခွင့်ဆုံးရှုံးနေတဲ့ ဖရင့်ပေါင်၊ ပတ်ချူယောင်တို့ကလည်း ကမ်းလှမ်းလာတဲ့ အသင်းတွေရှိရင် အသင်းကို စွန့်ခွာသွားဖွယ်ရှိနေပါတယ်။

### ဇန်နဝါရီရဲ့ အကောင်းဆုံးခေါ်ယူမှု

တကယ်တော့ အာဆင်နယ်ဟာ ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်မှာ ထိရောက်တဲ့ခေါ်ယူမှုတွေကို များများစားစားပြုလုပ်လေ့မရှိပါဘူး။ သူတို့အနေနဲ့ နွေရာသီ အပြောင်းအရွှေ့ဈေးကွက်မှာသာ အသင်းကိုထိရောက်တဲ့ အားဖြည့်မှုတွေပြုလုပ်လေ့ရှိပါတယ်။

### သွင်းယူပေး

ဒါပေမယ့် ၂၀၀၆ ခုနှစ် ဇန်နဝါရီတုန်းကတော့ ဝေါလ်ကော့နဲ့ အဒီဘာယောတို့ကို ပေါင် ၅ သန်း၊ ပေါင် ၇ သန်းတို့နဲ့ ခေါ်ယူခဲ့ဖူးပါတယ်။ အဆိုပါ ခေါ်ယူမှုတွေဟာ ကောင်းမွန်ထိရောက်တဲ့ ခေါ်ယူမှုတွေဖြစ်ခဲ့ပြီး ၂၀၁၂ ဇန်နဝါရီတုန်းကလည်း အွန်နရီကို အငှားနဲ့ခေါ်ယူခဲ့ကာ အွန်နရီဟာလည်း အရေးပါတဲ့ဂိုးအချို့ကို သွင်းယူပေးခဲ့ပါတယ်။

### ဇန်နဝါရီရဲ့မှားယွင်းတဲ့ခေါ်ယူမှု

ဒါပေမယ့် အာဆင်နယ်အနေနဲ့ ၂၀၀၈ ခုနှစ် ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်မှာခေါ်ယူခဲ့တဲ့ အာရှာဗင်ကတော့ အသင်းအတွက် အကျိုးမဖြစ်ခဲ့ပါဘူး။ အာဆင်နယ်အနေနဲ့ အာရှာဗင်ကို အဲ့ဒီတုန်းက အသင်းရဲ့စံချိန်ဖြစ်တဲ့ ပေါင် ၁၅ သန်းအထိ ပေးခေါ်ခဲ့တာ ဖြစ်ပါတယ်။

အာရှာဗင်အနေနဲ့လည်း ရောက်စမှာ အသင်းအတွက် အကောင်းဆုံးကစားပေးနိုင်ခဲ့ပေမယ့်လည်း နောက်ပိုင်းမှာ အာစင်ဝင်းဂါးလိုချင်တဲ့ အဆင့်တစ်ခုကို မရောက်ခဲ့သလို အာဆင်နယ်ပရိသတ်ရဲ့မျှော်လင့်သလောက်လည်း ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ပါဘူး။

ဒါကြောင့် လာမယ့်ဇန်နဝါရီဈေးကွက်မှာ ဒီအခြေအနေတွေနဲ့ ချင့်ချိန်ပြီး အာဆင်နယ်ရဲ့ခြေလှမ်းတွေကို စောင့်ကြည့်သွားရမှာဖြစ်ပါတယ်။

**ဝေမိုးဆက်**

## ဇန်နဝါရီဈေး...
## ထိပ်တန်းက...

မကြာခင် နှစ်ဟောင်းကုန်... လှုပ်ရှားမှုတွေရှိလာတော့မယ်။ အ... သင်းဝင်ရောက်နိုင်ရေးအတွက် ... သေးတွေကလည်း တန်းဆင်းဇုန်... အပိုင်းတွေအတွက် ကစားသမား... ရာသီမှာတော့ ဥရောပအသင်း... စိတ်ဝင်စားမှုအရှိဆုံးလို့ ပြော... ဖော်ပြလိုက်ပါတယ်။



ဆွာရက်ဇ်



လီဝမ်ဒေါ့စကီ



ဒီမာရီယာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)

# နိုင်ငံတော်၏ မတည်မှုဖြင့် ရှမ်း (မြောက်) အတွင်းရှိ (တအာင်း) ပလောင်နှင့် နမ့်ကျန် ကျေးရွာ လျှပ်စစ်မီးလင်းပြီ



သတင်းနှင့်ဓာတ်ပုံ-ဟန်ငွေး(iprd)

နမ့်ကျန်ရွာသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် မန်အိုင်အုပ်စုအတွင်းရှိ (တအာင်း) ပလောင်လူမျိုးများ အများဆုံးနေထိုင်ရာကျေးရွာတစ်ခုဖြစ်သည်။ လားရှိုးမြို့မှ ၂ ဒသမ ၂၅ မိုင် အကွာအဝေးတွင်တည်ရှိပြီး တောင်ပေါ်ကျေးရွာတစ်ရွာဖြစ်သည်။ လားရှိုးမြို့၏ တစ်စိတ်တစ်ဒေသသို့ ရေပေးဝေလျက်ရှိသော နမ့်ကျန်ရေလှောင်တမံတည်ရှိရာဆည်နှင့် နှစ်ဖာလုံခန့်အကွာတွင် တည်ရှိသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန လွယ်ငူးကြိုးဝိုင်းတည်ရှိရာနေရာနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိသည်။

ဗုဒ္ဓဘာသာကို အများဆုံးသက်ဝင်ယုံကြည်ကြပြီး အိမ်ခြေ ၃၀၀ကျော်တည်ရှိကာ အပေါ်ရွာနှင့် အောက်ရွာဟူ၍ ခွဲခြားတည်ရှိသော်လည်း တစ်စုတစ်စည်းတည်းနေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်နေထိုင်စားသောက်ကြသည်။ ပြောင်း၊စပါးများကို အဓိကစိုက်ပျိုးကြသည်။ နှစ်ရှည်အနေဖြင့် လိုက်ချီး၊ ဥယျာဉ်ခြံအနေဖြင့် ပိန္နဲ၊ ငှက်ပျော၊ သရက်စသည်တို့ကိုလည်း စိုက်ပျိုးကြသည်။ မြန်မာနိုင်ငံအတွင်းရှိ (တအာင်း)ပလောင်လူမျိုးစု ၃၆မျိုးအတွင်းမှ ငွေပလောင်လူမျိုးများဖြစ်ကြောင်းကိုလည်း သိရသည်။ လားရှိုးမြို့မှ မြေသားလမ်း ၂ ဒသမ ၂၅ မိုင်ဖြင့် နမ့်ကျန်ကျေးရွာသို့ သွားရောက်နိုင်သည်။ မကြာသေးမီအချိန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးမိသားစုတို့ အမှူးပြု၍ စေတနာရှင်များ လှူဒါန်းကြသော နမ့်ကျန်ဘုန်းတော်ကြီးကျောင်းဆောင်သစ်နှင့်အတူ ဗုဒ္ဓမြတ်စွာဘုရားဆင်းတုတော်တစ်ဆူကိုလည်း ဖူးတွေ့နိုင်ပြီဖြစ်သည်။ ပညာရေးဝန်ကြီးဌာနက မူလတန်းကျောင်းတစ်ကျောင်းကိုလည်း ထားရှိသည်။ ပြန်/ဆက်ဦးစီးဌာနကလည်း ပညာ့ဘဏ္ဍာစာကြည့်တိုက်တစ်ခုကိုလည်း ကျေးရွာနေပြည်သူတို့ အသိပညာတိုးပွားစေရေးအတွက် ရည်ရွယ်ဖွင့်လှစ်ပေးထားပြန်သည်။ ကျေးရွာဘုန်းတော်ကြီးသင် ပညာရေးကျောင်းလည်းရှိနေပြီး အင်္ဂလိပ်ဘာသာကို အင်္ဂလန်နိုင်ငံမှ မြန်မာအမည် မစန္ဒာဦး (Miss, Filicity) က ရက်ပေါင်း ၂၀ ခန့် အခမဲ့သင်ကြားပေးခဲ့ကြောင်းကိုလည်းသိရသည်။

ကျေးရွာမီးလင်းရေးကော်မတီကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။ *(ဆက်လက်ဖော်ပြပါမည်)*

**တစ်ချိန်တစ်ခါက မူးယစ်ဆေးဝါး၏အကျိုးဆက်ကို ခံစားခဲ့ရသည့် နမ့်ကျန်ကျေးရွာလေးမှာ ယခုအခါ ကျေးရွာသူ ကျေးရွာသားများ မျက်စိအလင်း ပိုမိုပွင့်လင်းလာကြပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို ရာနှုန်းပြည့်နီးပါး တွန်းလှန်နိုင်နေပြီဖြစ်**



ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

# ရွှေဖီရန့်သင်းပါတဲ့ သွေးချင်းတို့ ပလောင်မြေ



ပလောင်တောင်တန်းကြီးများပေါ်က ကျေးရွာတစ်ရွာ။

မြင့်စိုး(နတလ)

### ပလောင်ဒေသ အမှတ်တရပုံရိပ်များ

၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၈ရက်နေ့။

ရဟတ်ယာဉ်က လားရှိုးလေဆိပ်မှ အားယူရုန်းထပြီး နမ့်ဆန်မြို့ဆီသို့ ဦးတည်ပျံသန်းနေပြီဖြစ်၏။ ၂၅ မိနစ် စွန်းစွန်းမျှသာကြာမြင့်သော ရဟတ်ယာဉ် ပျံသန်းနေချိန်လေးအတွင်း လွန်ခဲ့သော ၂၂ နှစ်ခန့်က ပလောင်ဒေသ၏ မြင်ကွင်းပုံရိပ်များအား ဟိုတစ်စ၊ သည်တစ်စ ပြန်လည်မြင်ယောင်လာမိသည်။ နမ္မတူမြစ်ကို ဖြတ်ကျော်နေစဉ် ကံအားလျော်စွာ လေလုံတံတားကို တွေ့မြင်လိုက်ရသည်။ တစ်ချိန်က လေလုံတံတားဆိုတာ မရှိခဲ့။ ကူးတို့ဖောင်ဖြင့် ဖြတ်ကူးကြရသည်ဖြစ်ရာ ဟိုမှာဘက်ကမ်း၊ သည်မှာဘက်ကမ်းတို့၌ ကားကြီးကားငယ် အသွယ်သွယ်က တန်းစီ၍စောင့်ကြရသည်။ မနိုင်ဝန်တို့ကို လူဖြင့်ထမ်းချကြရသည်။ အဆင်မသင့်လို့ကတော့ ကူးတို့ဆိပ်မှာပင် တစ်ညအိပ်ပေရော့။ လေလုံတံတားမှ နမ့်ဆန်ဘက်သို့တက်သွားသော ကားလမ်းကို ငုံ့ကြည့်နေရင်းက အဘဗိုလ်မှူးကြီး စောဘိုးသာ(ကွယ်လွန်)ကိုသတိရမိသည်။ သည်လမ်းတစ်လျှောက်မှာ သူ၏လက်စွဲတော်နှစ်လုံးပြူးသေနတ်ကြီးနှင့် တောကောင်ပစ်နေကျ။ လက်ကလည်း တည့်လွန်းလှသည်။ တစ်ချက်ပစ်တစ်ကောင်ထိ။ သူ၏တပည့်ကျော် အောင်တိုးနှင့်ချစ်ဆွေမြင့်တို့က ပြေးပြေးကောက်ရသည်။ ထမ်းရသည်။ မျောက်ချီးခါးဟင်းကို သူကိုယ်တိုင်ချက်ကျွေးသည်မှာ ခဏခဏ။

၁၉၉၁ ခုနှစ် နှစ်ဆန်းပိုင်း၌ မိမိတို့၏ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လှုပ်ရှားအမှတ်(၁) စစ်ဗျူဟာသည် ခလရ(၂၂)၊ ခလရ(၂၃)၊ ခလရ(၃၃)၊ ခလရ(၆၇)တပ်ရင်း လေးရင်းဖြင့် ပလောင်ဒေသမှာ စစ်ဆင်ရေး ဝင်ရောက်ခဲ့ရသည်။ မကြာသော အချိန်ကာလမှာပင် နမ့်ဆန်မြို့မကျောင်းဆရာတော်ကြီး၏ မေတ္တာ၊ ကရုဏာ၊ ဒေသခံတိုင်းရင်းသားတို့၏ ဆန္ဒ၊ နိုင်ငံတော်အစိုးရ၏ စိတ်ရင်းစေတနာတို့ကို အလေးဂရုထားကာ ဦးအိုက်မုန်းခေါင်းဆောင်သည့် PSLAအဖွဲ့သည် တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည်။ ထိုနေ့သည် ၁၉၉၁ ခုနှစ် ဧပြီလ ၂၁ ရက်နေ့။ ဦးအိုက်မုန်းတို့အဖွဲ့ကို စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စောဘိုးသာနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများက အာရန်းရွာမှာသွားပြီး ကြိုခေါ်လာခဲ့ကြသည်။ နမ့်ဆန်တစ်မြို့လုံး၊ ပလောင်ဒေသတစ်ခုလုံး ဝမ်းသာပျော်ရွှင်ခဲ့ကြရသည်။ ပျော်ရှာကြပေမပေါ့။ ငြိမ်းချမ်းခဲ့ပြီလေ။

### ယခင်စစ်ဗျူဟာကုန်း၊ ယခုပြည်သူ့ဆေးရုံ

ဝေဟင်မှကြည့်ခွင့်ရခိုက် ဝေ့ဝိုက်ကြည့်လိုက်သောအခါ ပလောင်ဒေသသည် တောင်တန်းကြီးများ မြင့်မားမတ်စောက်ပြီး မြေပြန့်လွင်ပြင်ဟူ၍ မရှိသလောက်နည်းပါးကြောင်း ပို၍သေချာသွားသည်။ နှစ်တွေကြာပြီမို့ နေရာတိုင်းကို ကျွန်တော်မမှတ်မိ။ ရှေ့ခုံတန်းမှာထိုင်နေသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်းက သူကိုယ်တိုင် ခါတ်ပုံတဖျတ်ဖျတ်ရိုက်ရင်း ဒါက ၂၀ မိုင်နေရာ၊ ဟိုမှာမြင်နေရတာ လွယ်ဆိုင်တောင်မစသည်ဖြင့် ပြောပြသည်။

နမ့်ဆန်မြို့သို့ ရဟတ်ယာဉ်ဆင်းသည်နှင့် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းတို့ ဦးဆောင်သောအဖွဲ့အား ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် ဒေသခံတိုင်းရင်းသားများက လှိုက်လှဲဝမ်းသာစွာ ကြိုဆိုကြသည်။ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရိပ်သာတွင် ခေတ္တရပ်နားပြီး နမ့်ဆန်မြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်ပေးမည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း၊ ထိုမှဆက်လက်၍ နမ့်ဆန်မြို့နယ် ပြည်သူ့ဆေးရုံသို့လည်းကောင်း သွားရောက်ကြည့်ရှုကြသည်။ ကျွန်တော်ခြေချမိသော ယင်းဆေးရုံနေရာသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်က ကျွန်တော်တို့ စစ်ဗျူဟာအဖွဲ့အခြေပြုနေထိုင်ခဲ့ဖူးသည့် တောင်ကုန်းနေရာကို မြေထိုး၊ မြေညှိပြုပြင်တည်ဆောက်ထားခြင်း ဖြစ်ကြောင်း သိလိုက်ရသောအခါ ငြိမ်းချမ်းရေး၏ အဓိပ္ပာယ်သည် ပို၍ပီပြင်လာသလို တွေးဆခံစားလိုက်ရသည်။

> ❝ ပလောင်ဒေသသည် ယခင်ကတည်းက လက်ဖက်စိုက်ပျိုးရေးကို အားထားခဲ့သောဒေသဖြစ်သည်။ စိုက်ပျိုးရေးနည်းပညာများနှင့် ဈေးကွက်ရရှိရေး၊ ပညာရည်မြင့်မားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ယခုထက်ပိုမိုကောင်းမွန်ရေးတို့အတွက် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဒေသခံတိုင်းရင်းသားအားလုံးက လိုလားတောင့်တကြ ❞

### တောင်ထိပ်မှာ ရွှေကြာပေါက်သလိုပ

ထိုနေ့ မွန်းလွဲပိုင်းတွင် ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲအခမ်းအနားကို နမ့်ဆန်မြို့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ခရီးစဉ်၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မိမိတို့တိုင်းပြည် တည်ငြိမ်အေးချမ်းသည့်အနေအထားမှ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်ရေး ကြိုးပမ်းတည်ဆောက်သွားမှာ ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြုဖွံ့ဖြိုးတိုးတက်ရန် ပြည်သူတို့၏ လိုအင်ဆန္ဒများကို တာဝန်ရှိသူအဆင့်ဆင့်က ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသား ညီအစ်ကိုများနှင့် လက်တွေ့ကျကျ ထိတွေ့ဆက်ဆံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းကလည်း နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်များနှင့် လုပ်ငန်းတာဝန်များ၊ နယ်စပ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ကျော်က ဒေသဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးပေးစေလိုသော ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။ ယင်းဆွေးနွေးပွဲတွင် ရပ်မိရပ်ဖလည်းဖြစ်၊ မြို့စည်ပင်သာယာရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌလည်းဖြစ်သော ဦးသန်းညွန့်က နမ့်ဆန်မြို့၌ လူငယ်သင်တန်းကျောင်း ဖွင့်လှစ်ပေးခြင်းအတွက် အထူးပင်ကျေးဇူးတင် ဝမ်းမြောက်ကြောင်း လူငယ်သင်တန်းကျောင်းများသည် မိဘမဲ့ဆင်းရဲနွမ်းပါးကလေးငယ်များအနေဖြင့် အခြေခံပညာကို ဆက်လက်သင်ယူခွင့်ရရှိမည်။ တက္ကသိုလ်ဝင်တန်းအောင်ပါက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)နှင့် (စစ်ကိုင်း)တို့ကို တက်ရောက်ခွင့်ရမည်။ ဒီဂရီကောလိပ်များတွင် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် AGTI (ဒီပလို မာ) ဘွဲ့များရရှိပြီး ဝန်ကြီးဌာနအသီးသီး၌ အလုပ်ခန့်ထားပေးဦးမည်။ အရည်အချင်းမီသူများက မဟာတန်းတက်ရောက်ခွင့်ရရှိပြီး ပါရဂူဘွဲ့ရသည်အထိ ဆက်လက်ပြုစုပျိုးထောင်ပေးမည်။ အင်ဂျင်နီယာကျောင်းသားများ အနေဖြင့်လည်း BE ဘွဲ့၊ MEဘွဲ့များရရှိသည်အထိ ဆက်လက်သင်ယူခွင့်ရမည်။ တက္ကသိုလ်ဝင်တန်းမအောင်မြင်ပါကလည်း စက်မှုလက်မှုသင်တန်းကျောင်းများတွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ယူခွင့်ရမည်။

### ချစ်သောပလောင်မြေ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း

ပလောင်ဒေသသည် ယခင်ကတည်းက လက်ဖက်စိုက်ပျိုးရေးကို အားထားခဲ့သောဒေသဖြစ်သည်။ စိုက်ပျိုးရေးနည်းပညာများနှင့် ဈေးကွက်ရရှိရေး၊ ပညာရည်မြင့်မားရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အပြည့်အဝရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ယခုထက်ပိုမိုကောင်းမွန်ရေးတို့အတွက် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးရန် ဒေသခံတိုင်းရင်းသားအားလုံးက လိုလားတောင့်တကြသည်။ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များကလည်း ချက်ချင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်သည့် ကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ပြီး ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများကိုလည်းရှင်းလင်းပြောကြားခဲ့သည်။ပြည်ထောင်စုဝန်ကြီးဦးလှထွန်းက နိဂုံးချုပ်စကားအဖြစ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခြောက်ခု ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတော်အစိုးရက ယာဉ်/ယန္တရား ခြောက်စီးစီ ကူညီထောက်ပံ့ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့ရာ ဒေသခံများ ဝမ်းမြောက်ဝမ်းသာရှိကြသည်။

နေညိုညိုအပြန်ခရီးတွင် ပလောင်တောင်တန်းကြီးများပေါ်ရှိ လက်ဖက်စိုက်ခင်းများကို ငေးမောကြည့်ရှုရင်းက သွေးချင်းတို့၏ ပလောင်မြေမှာ ရွှေဖီရန့်တွေ ဝေပါစေ။ ယခုထက် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ပိုင်ဆိုင်နိုင်ပါစေဟု ဆန္ဒပြုမိပါကြောင်း။ ။

---

စစ်ကိုင်းတိုင်းဒေသကြီး

## DVB -T2 Set Top Box များ မြင်းမူမြို့နယ်၌(အခမဲ့) ဖြန့်ဝေ

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်များကို အဆင်ပြေစွာကြည့်ရှုနိုင်ရန်အတွက် DVB -T2 Set Top Box များကို ဒီဇင်ဘာ ၈ ရက်နေ့၌ (ပထမအကြိမ်)၊ ဒီဇင်ဘာ ၁၇ ရက်တွင် (ဒုတိယအကြိမ်)အဖြစ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့် မြင်းမူမြို့နယ်အတွင်းရှိ ပြည်သူများအား (အခမဲ့)ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ DVB -T2 Set Top Box များကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာဗီဒီယိုရုံများ၊ ဘုန်းကြီးကျောင်းများ၊ လျှပ်စစ်မီးရရှိသော စာသင်ကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကျေးလက်ကျန်းမာရေးဌာနများ၊ လက်ဖက်ရည်ဆိုင်များနှင့် လျှပ်စစ်မီးရရှိသော စာကြည့်တိုက်များအား ဖြန့်ဝေပေးခဲ့သည်။

အခမဲ့ဖြန့်ဝေပေးသော DVB -T2 Set Top Box များမှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်ရုံများရှိသည့်ဒေသများတွင် (MRTV, MITV)၊လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း၊ တောင်သူလယ်သမားရုပ်သံလိုင်းစသည့် လိုင်း (၅)လိုင်းကို (အခမဲ့) ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပြီး MRTV-4 နှင့် MWD ရုပ်သံထပ်ဆင့်လွှင့်စက်ရှိသော ဒေသများတွင် မြန်မာ့အသံမှထုတ်လွှင့်သော ရုပ်သံလိုင်း (၅)လိုင်းအပြင် နောက်ထပ်ရုပ်သံလိုင်း (၄၀) ကျော်ကို ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်သည်။

သန်းမြင့်

# ဝါရီဈေးကွက်နဲ့အတူပြောင်းလဲမှုတွေရှိလာမယ့် တန်းကစားသမားများ

အောင်က

င် နှစ်ဟောင်းကုန်ဆုံးတော့မယ့် နှစ်သစ်နဲ့အတူ အသင်းတွေကလည်း ွရှိလာတော့မယ်။ အသင်းကြီးတွေကလည်း ဆုဖလားရရှိဖို့၊ ထိပ်တန်းလေး က်နိုင်ရေးအတွက် အသင်းရဲ့အင်အားကို ထပ်မံဖြည့်တင်းကြသလိုအသင်း လည်း တန်းဆင်းဇုန်ကို မကျရောက်ရေးအတွက် အသင်းရဲ့လိုအပ်နေတဲ့ တွက် ကစားသမားသစ်တွေ ခေါ်ယူကြဖို့ အပြိုင်ကြိုးစားကြတယ်။ ဒီနှစ် ာ့ ဥရောပအသင်းတော်တော်များများကကခေါ်ယူဖို့ မူအရှိဆုံးလို့ ပြောလို့ရတဲ့ ကစားသမားအချို့ကို ပါတယ်။



ဆွာရက်ဇ်



လီဝမ်ဒေါ့စကီ



ဒီမာရီယာ



**ဆွာရက်ဇ်**

တိုက်စစ်မှူးဆွာရက်ဇ်လို့ ပြောလိုက်တာနဲ့ ခပ်ဆိုးဆိုးအပြုအမူတွေကို ပိုင်ဆိုင်ထားတဲ့ ကစားသမားတစ်ဦးဖြစ်တယ်ဆိုတာကို လူတိုင်းက သိနေပါတယ်။ ဒါပေမယ့် ပြီးတဲ့ရာသီထဲက သူ့ရဲ့ဂိုးသွင်းစံချိန်တွေကတော့ ပရီမီယာလိဂ်မှာ အကောင်းဆုံးရှိနေခဲ့ပြီး ယခုနှစ်ရာသီမှာလည်း ၁၇ဂိုး သွင်းယူပေးထားပြီး ပရီမီယာလိဂ်ရဲ့ ထိပ်တန်း ဂိုးသွင်းရှင်တစ်ဦးအဖြစ်ရှိနေခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဆွာရက်ဇ်ဟာ သူ့ရဲ့အနာဂတ်ကို ဘယ်လိုဆုံးဖြတ်မယ်ဆိုတာ မသိသေးပါဘူး။ ဒါပေမယ့် လီဗာပူးအသင်းက သူ့ကို အသင်းရဲ့ စံချိန်တင်လုပ်ခနဲ့ စာချုပ်သစ်ထပ်မံချုပ်ဆိုပြီးအသင်းမှာ ဆက်လက်ဆွဲထားနိုင်ဖို့ ကြိုးစားသွားမယ်လို့လည်း ဆိုပါတယ်။ ဇန်နဝါရီဈေးကွက်မှာ ဆွာရက်ဇ် ကိုခေါ်ယူဖို့ စိတ်ဝင်စားမှုအရှိဆုံးအသင်းကတော့ အာဆင်နယ်နဲ့ ရီးရဲမက်ဒရစ်အသင်းတို့ပါပဲ။

**လီဝမ်ဒေါ့စကီ**

ဒေါ့မွန်အသင်းနဲ့လက်ရှိ ရာသီကုန်မှာ စာချုပ်သက်တမ်း ကုန်ဆုံးမယ့် တိုက်စစ်မှူး လီဝမ်ဒေါ့စကီဟာ ဇန်နဝါရီဈေး ကွက် မှာ အသင်းကနေ ထွက်ခွာဖို့ ရှိနေပါတယ်။ ဒီနှစ်ရာသီမှာလည်း အသင်းမှာ ၁၆ ဂိုးသွင်းယူပေးထားသလို ပြီးခဲ့တဲ့ရာသီကလည်း အသင်းအတွက် ၃၆ ဂိုးအထိ သွင်းယူပေးပြီး ချန်ပီယံလိဂ်နောက်ဆုံး ဗိုလ်လုပွဲအထိ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့တဲ့သူပါ။ ဒါကြောင့်လည်း ထိပ်တန်းအသင်းတွေ ဖြစ်တဲ့ မန်စီးတီး၊ မန်ယူ၊ ချဲလ်ဆီး၊ အာဆင် နယ်၊ ဘိုင်ယန်မြူးနစ်၊ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်အသင်းတို့က ခေါ်ယူဖို့စိတ်ဝင်စားနေတဲ့ ကစားသမား တစ်ဦးလည်း ဖြစ်ပါတယ်။

**ဖယ်ကာအို**

တိုက်စစ်မှူးဖယ်ကာအိုဟာ နွေရာသီဈေးကွက်ကမှ မိုနာကိုအသင်းကို ပြောင်းရွှေ့သွားခဲ့တာဖြစ်ပေမယ့် အသင်းသစ်မှာ ကစားရတာ အသားကျမှုမရှိတဲ့ ကစားသမား တစ်ဦးလည်းဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့ ရာသီက အက်သလက်တီကို အသင်းမှာ ၃၄ ပွဲ ပါဝင်ကစားကာ ၂၈ဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တဲ့သူပါ။ ဒီရာသီမှာလည်း မိုနာကိုအသင်းမှာ ၁၃ ပွဲ ပါဝင်ကစားကာ ၉ဂိုးအထိ သွင်းယူပေးထားတဲ့သူပါ။ ဒါကြောင့်လည်း ချဲလ်ဆီးနဲ့ ရီးရဲမက်ဒရစ်အသင်းတို့လို အသင်းကြီးတွေက ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်ဆိုတာဟာ အထူးအဆန်းတော့မဟုတ်ပါဘူး။

**စနိုက်ဒါ**

လက်ရှိတူရကီကလပ် ဂါလာတာစာရေးအသင်းမှာကစားနေတဲ့ ကွင်းလယ်ကစားသမား စနိုက်ဒါဟာ ဇန်နဝါရီဈေးကွက်မှာတော့ အသင်းကနေ ထွက်ခွာဖို့ရှိနေတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ စနိုက်ဒါကို အဓိကခေါ်ယူဖို့စိတ်ဝင်စားနေတဲ့ အသင်းတွေကတော့ မန်ယူနဲ့ ချဲလ်ဆီးအသင်းတို့ပါပဲ။ မန်ယူအသင်းဟာ စနိုက်ဒါကို အင်တာမီလန်အသင်းမှာ ကစားခဲ့စဉ်ကတည်းက ခေါ်ယူဖို့ စိတ်ဝင်စားနေခဲ့တာလည်း ဖြစ်ပါတယ်။

**ဒီမာရီယာ**

အာဂျင်တီးနား တောင်ပံကစားသမား ဒီမာရီယာဟာ ဆွာရက်ဇ်သို့မဟုတ် ဖယ်ကာအိုကိုခေါ်ယူရာတွင် အလိုက်ပေးကမ်းလှမ်းဖို့ရှိနေတယ်လို့ သတင်းတွေထွက်ပေါ်တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒီမာရီယာဟာအသင်းကို ဂါရတ်ဘေးလ်ရောက်ရှိလာခဲ့တဲ့နောက် ပုံမှန်နေရာပျောက်ခဲ့ရတာကြောင့် ဇန်နဝါရီဈေးကွက်မှာ အသင်းကနေထွက်ခွာဖို့ရှိနေတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ သူ့ကို အဓိကခေါ်ယူဖို့ စိတ်ဝင်စားနေတဲ့အသင်းတွေကတော့ မန်ယူနဲ့ အာဆင်နယ်အသင်းတို့ပါပဲ။

**မန်ဂါလာ**

အသက် ၂၂ နှစ်သာရှိနေသေးတဲ့ မန်ဂါလာဟာ လက်ရှိဥရောပဘောလုံးလောကမှာတော့ အလားအလာရှိနေတဲ့ လူငယ်ကစားသမားကောင်းတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရရုံသာမက ပြောင်းရွှေ့ကြေးအဖြစ်လည်း ပေါင်သန်း ၄၀ သတ်မှတ်ထားသောကြောင့် တန်ကြေးမြင့်ကွင်းလယ်ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ပေါ်တိုအသင်းအနေနဲ့ မန်ဂါလာကိုအသင်းမှ မထွက်ခွာစေချင်သော်လည်း အသင်းကြီးတွေက ခေါ်ယူကမ်းလှမ်းမှုတွေရှိနေခဲ့တာကြောင့်သူ့ကိုအသင်းမှာ ဆက်လက်ထားရှိနိုင်ဖို့ခက်ခဲတဲ့ အနေအထားမှာရှိပါတယ်။ မန်ဂါလာကို မန်ယူ၊ ချဲလ်ဆီး၊ မန်စီးတီးအသင်းသာမက မိုနာကိုအသင်းကပါ ခေါ်ယူရန် စိတ်ဝင်စားနေကြပါတယ်။

**ဂန်ဒိုဂန်**

ဒေါ့မွန်ကွင်းလယ်ကစားသမား ဂန်ဒိုဂန်ဟာ ပြီးခဲ့တဲ့ရာသီတွေကတည်းက ဒေါ့မွန်အသင်းမှာခြေစွမ်းပြ ကစားနေတာကြောင့် ရီးရဲမက်ဒရစ်အသင်းကနေခေါ်ယူဖို့ ကြိုးစားနေတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ အခုအခါမှာတော့ ပရီမီယာလိဂ် ထိပ်တန်းအသင်းနှစ်သင်းဖြစ်တဲ့ အာဆင်နယ်နဲ့ မန်ယူအသင်းတို့က ဇန်နဝါရီ ဈေးကွက်မှာ အရခေါ်ယူဖို့ကြိုးစားနေကြပါတယ်။ ဒါကြောင့် လာမယ့်ဇန်နဝါရီ ၁ ရက်နေ့မှာစတင်မယ့် ဆောင်းရာသီဈေးကွက်မှာ ဘယ်ကစားသမားတွေဟာ ဘယ်အသင်းကြီးတွေကိုရောက်ရှိမလဲ။ ဒါမှမဟုတ် အသင်းမှာပဲ ဆက်လက်ရှိနေမလားဆိုတာကတော့ ......။

> အသင်းကြီးတွေကလည်း ဆုဖလားရရှိဖို့၊ ထိပ်တန်းလေးသင်း ဝင်ရောက်နိုင်ရေးအတွက် အသင်းရဲ့ အင်အားကို ထပ်မံဖြည့်တင်းကြသလို အသင်းသေးတွေကလည်း တန်းဆင်းဇုန်ကို မကျရောက်ရေးအတွက် အသင်းရဲ့လိုအပ်နေတဲ့အပိုင်းတွေအတွက် ကစားသမားသစ်တွေ ခေါ်ယူကြဖို့ အပြိုင်ကြိုးစားကြ



# 2013 Golf Writers Trophy ဆွီဒင်ဂေါက်သီးသမား ဟင်းနရစ်စတန်ဆန်ရရှိ

ဆွီဒင်နိုင်ငံသား ဂေါက်သီးအားကစားသမား ဟင်းနရစ်စတန်ဆန်သည် ဥရောပဂေါက်သီးအားကစားကလောင်ရှင်များအဖွဲ့က ပေးအပ်သည့် ၂၀၁၃ ခုနှစ် Golf Writers Trophyဆု ရရှိသွားခဲ့သည်။

အဆိုပါဆုကို ဥရောပတွင် မွေးဖွားသည့် ဂေါက်သီးအားကစားသမားများ၊ ဥရောပတွင်နေထိုင်သည့် ဂေါက်သီးအားကစားသမားများအား ပေးအပ်ချီးမြှင့်ခြင်းဖြစ်သည်။

အသက် ၃၇ နှစ်အရွယ်ရှိ စတန်ဆင်သည် ၂၀၁၃ ခုနှစ်အတွင်း PGA Tour ပြိုင်ပွဲဖြစ်သည့် FedEx Cup ပြိုင်ပွဲနှင့် ဥရောပ Tour ပြိုင်ပွဲဖြစ်သည် Race to Dubai ပြိုင်ပွဲများတွင် ဗိုလ်စွဲခဲ့ပြီး တစ်နှစ်အတွင်း အဆိုပါပြိုင်ပွဲနှစ်ခုစလုံးတွင် ဗိုလ်စွဲနိုင်သည့် ပထမဆုံး ဂေါက်သီးအားကစားသမားဖြစ်လာခဲ့ပြီးနောက် ယခုကဲ့သို့ Golf Writers Trophy ဆု ပေးအပ်ခံခဲ့ရခြင်းဖြစ်သည်။

စတန်ဆင်သည် ဥရောပဂေါက်သီးအားကစားကလောင်ရှင်များအဖွဲ့၏ မဲပေးမှုတွင် အင်္ဂလန်ဂေါက်သီးသမား ဂျက်စတင်ရို့စ်ထက် မဲအသာဖြင့် အဆိုပါဆု ရရှိခဲ့ခြင်းဖြစ်သည်။

Golf Writers Trophy ဆုကို ၁၉၅၁ ခုနှစ်ကတည်းက စတင်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး စတန်ဆင်သည် အဆိုပါဆုကိုရရှိသည့် ပထမဆုံး ဆွီဒင်အမျိုးသား ဂေါက်သီးသမားဖြစ်လာခဲ့သည်။ ဆွီဒင်ဂေါက်သီးအားကစားမယ် အန်နီကာဆိုရင်စတမ်သည် အမျိုးသမီး Golf Writers Trophy ဆုကို နှစ်ကြိမ် ရရှိခဲ့ဖူးသည်။

၂၀၁၂ ခုနှစ်အတွက် အမျိုးသား Golf Writers Trophy ဆုကို မြောက်အိုင်ယာလန်ဂေါက်သီးအားကစားသမား မက်အီရွိုင်းက ရရှိခဲ့သည်။

ဟင်းနရစ်စတန်ဆန်သည် ပြီးခဲ့သည့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၃ ခုနှစ် Thailand Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲ၌ စပိန်နိုင်ငံသား ဆာဂျီယိုဂါစီယာ(၃၃နှစ်)အား အရေးနိမ့်ခဲ့ရသည်။

အဆိုပါပြိုင်ပွဲတွင် စတန်ဆန်သည် ပြိုင်ပွဲအားလုံးကစားပြီးချိန်၌ စုစုပေါင်း ရိုက်ချက် ၂၇၀ ချက်ရိုက်ပြီး စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက် လျော့ရိုက်နိုင်ခဲ့သည်။ သို့သော်လည်း ဂါစီယာသည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်လျော့ရိုက်ကာ စတန်ဆန်ထက် လေးချက်လျော့ဖြင့် ချန်ပီယံဆုရရှိသွားခြင်းဖြစ်သည်။

Thailand Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိခဲ့ခြင်းသည် ဂါစီယာအတွက် ၂၀၁၃ ခုနှစ်အတွင်း ပထမဆုံးချန်ပီယံဆု ရရှိခဲ့ခြင်းဖြစ်သည်။

Thailand Golf Championship ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၁ ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

**» စာမျက်နှာ ၈မှ**

၂၀၁၃ ခုနှစ်အတွက် ဘီဘီစီတစ်နှစ်တာ အားကစားထူးချွန်ဆု၏ ဒုတိယဆုကို ရဂ်ဘီအားကစားသမား လီဟပ်ဖင်နီ၊ တတိယဆုကို မြင်းစီး အားကစားသမားတော်မီမက် ကွိုင်း တို့က ရရှိသွားခဲ့သည်။ ဘီဘီစီမှချီးမြှင့်သည့် ၂၀၁၃ ခုနှစ်အတွက် လူငယ်တစ်နှစ်တာအားကစားထူးချွန်ဆု (2013 BBC Young Sports Personality of the Year)အား အသက် ၁၆နှစ်အရွယ်ရှိ သေနတ်ပစ် အားကစားမယ် အမ်ဘာပေးလ်က ရရှိသွားခဲ့သည်။

အဆိုပါဆုအား ယခင်က ဝိန်းရွှန်နေး၊ သီယိုဝေါလ်ကော့၊ အင်ဒီမာရေးတို့ ရရှိခဲ့ဖူးသည်။

ထိုဆုပေးပွဲအခမ်းအနားတွင် မန်ယူ အသင်းမန်နေဂျာဟောင်း ဖာဂူဆန်ကိုလည်း ဘီဘီစီမှ အထူးဆုတစ်ဆု ဖြစ်သည့် BBC Sports Personality of the Year BBC Diamond award ဆု ပေးအပ်ခဲ့ပြီး မန်ယူအသင်း၏ နာမည်ကြီး ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဆာဘော်ဘီချာလ်တန်က ဖာဂူဆန်အား ဆုပေးအပ်ချီးမြှင့်ပေးခဲ့သည်။

မြန်မာ့အလင်း
၂၀-၁၂-၂၀၁၃ (သောကြာနေ့)

# ဘီဘီစီမှ ချီးမြှင့်သည့် ၂၀၁၃ ခုနှစ်အတွက် တစ်နှစ်တာ အားကစား ထူးချွန်ဆု မာရေးဆွတ်ခူး





၂၀၁၃ခုနှစ် လူငယ်တစ်နှစ်တာအားကစားထူးချွန်ဆု သေနတ်ပစ်အားကစားမယ် အမ်ဘာဟေးလ်က ရရှိ

ဘီဘီစီမှ ပေးအပ်ချီးမြှင့်သည့် ၂၀၁၃ ခုနှစ်အတွက် တစ်နှစ်တာ အားကစားထူးချွန်ဆု (2013 BBC Sports Personality of the Year) ကို စကော့တလန်နိုင်ငံသား တင်းနစ်အားကစားသမား အင်ဒီမာရေးက ဆွတ်ခူးရရှိသွားခဲ့သည်။ ဆုပေးပွဲအခမ်းအနားကို ပြီးခဲ့သည့် ဒီဇင်ဘာ ၁၅ ရက်တွင် အင်္ဂလန်နိုင်ငံ လိဒ်မြို့၌ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အသက် ၂၆ နှစ်အရွယ်ရှိ အင်ဒီမာရေးသည် ၂၀၁၃ ခုနှစ်အတွင်းတွင် ဝင်ဘယ်ဒန်အိုးပင်း တင်းနစ်ချန်ပီယံဆု အပါအဝင် ချန်ပီယံဆု ၄ ခု ရရှိခဲ့သူဖြစ်သည်။

မာရေးသည် ကျောဒဏ်ရာ ခွဲစိတ်ကုသမှု ခံယူခဲ့ရပြီးနောက် ကြံ့ခိုင်မှု ပြန်လည်ရရှိစေရန်အတွက် အမေရိကန်နိုင်ငံမီယာမီတွင်လေ့ကျင့်မှုများ သွားရောက်ပြုလုပ်နေခြင်းကြောင့် ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်နိုင်ခြင်းမရှိခဲ့ပေ။ မာရေးအား တင်းနစ်အကျော်အမော်ဟောင်းတစ်ဦးဖြစ်သည့် ချက်နိုင်ငံသူ မာတီနာနာဗရာတီလိုဗာက မာရေး၏ လေ့ကျင့်ရေးစခန်းသို့ လာရောက်ကာ ဆုပေးအပ်ချီးမြှင့်ခဲ့သည်။

အင်ဒီမာရေးသည် ၂၀၁၂ ခုနှစ်အတွက် ဘီဘီစီတစ်နှစ်တာ အားကစားထူးချွန်ဆု ပေးအပ်ရာတွင် တတိယဆု ရရှိခဲ့ဖူးသူဖြစ်သည်။

စာမျက်နှာ ၇ သို့ »

## ARSENAL VS CHELSEA

| Team | League | FACup | Capital Cup | Community Shield | European Cup | UEFA Cup | Cup Winner's Cup | UEFA SuperCup | Intercontinental Cup | Club World Cup | Total |
|---|---|---|---|---|---|---|---|---|---|---|---|
| အာဆင်နယ် | ၁၃ | ၁၀ | ၂ | ၁၂ | - | - | ၁ | - | - | - | ၃၈ |
| ချယ်လ်ဆီး | ၄ | ၇ | ၄ | ၄ | ၁ | ၁ | ၂ | ၁ | - | - | ၂၄ |



### PREDICTED TEAM

နှစ်ပွဲဆက်အနိုင်ပျောက်ပြီး မန်စီးတီးကိုဂိုးပြတ်ရှုံးနိမ့်မှုက အာဆင်နယ်၏ ချန်ပီယံဖြစ်ချင်စိတ်ကို သံသယဝင်စေသည်။ တိုက်စစ်မျိုးကောင်းမရှိခြင်းကလည်း အဓိကပြဿနာဖြစ်သည်။ သို့သော် ဝေါကော့သ်ပြန်ကစားနိုင်ခြင်းက အားတစ်ခုဖြစ်သည်။

### PREDICTED TEAM

တစ်ကျော့ပြန်ချန်ပီယံဖြစ်ချင်သည့် ချယ်လ်ဆီး၏စိတ်သည် တိုက်စစ်မှူးများ၏ အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် ဟာကွက်များဖြစ်လျက်ရှိသည်။ ထို့အပြင်အဝေးကွင်းတွင်လည်း ယုံကြည်လောက်သော အခြေအနေတွင် မရှိပေ။



### KEY PLAYER

**ရမ်ဆေး(ကွင်းလယ်)**

| | |
|---|---|
| ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး | - ၈ ဂိုး |
| ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု | - ၁၅ ပွဲ |
| ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး | - ၃၉ ဂိုး |
| ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး | - ၁၅ ဂိုး |
| အာဆင်နယ်အတွက် ပွဲကစားမှု | - ၁၆၂ ပွဲ |
| အာဆင်နယ်အတွက် စုစုပေါင်း သွင်းဂိုး | - ၂၄ ဂိုး |

### KEY PLAYER

**ဟာဇက်(ကွင်းလယ်)**

| | |
|---|---|
| ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး | - ၆ ဂိုး |
| ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု | - ၁၆ ပွဲ |
| ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး | - ၇၆ ဂိုး |
| ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး | - ၁၅ ဂိုး |
| ချယ်လ်ဆီးအတွက် ပွဲကစားမှု | - ၈၃ ပွဲ |
| ချယ်လ်ဆီးအတွက် စုစုပေါင်း သွင်းဂိုး | - ၂၀ ဂိုး |



## သစ်မင်းအိမ်

### Last 5 matches record

| L(6-3) | D(1-1) | W(2-0) | W(0-3) | W(2-0) |
|---|---|---|---|---|

### Last 5 matches record

| W(2-1) | L(3-2) | W(3-4) | W(3-1) | W(0-3) |
|---|---|---|---|---|

### Five classic matches

**အာဆင်နယ် ၀-၂ ချယ်လ်ဆီး**
**၃၀-၁၀-၁၃ ကက်ပီတယ်ဝမ်း**

ယခုနှစ်ကက်ပီတယ်ဝမ်း၌ ဆုံခဲ့ခြင်းဖြစ်သည်။ ဂီရောက်ဒ်၊ အိုဇေးလ်တို့ ပွဲထွက်မပါခဲ့ခြင်းက အာဆင်နယ်ကို အားလျော့စေခဲ့သည်။ ၂၅မိနစ်၌ ဆီယူတာကချယ်လ်ဆီးအတွက် အဖွင့်ဂိုးသွင်းခဲ့သလို ၆၆မိနစ်၌မာတာက ချယ်လ်ဆီးအတွက် ဒုတိယဂိုးသွင်းခဲ့၍ အာဆင်နယ်တို့ရှုံးပွဲနှင့်ကြုံခဲ့ရခြင်းဖြစ်သည်။

**အာဆင်နယ် ၁-၂ ချယ်လ်ဆီး**
**၂၉-၉-၁၂ ပရီမီယာလိဂ်**

ထိုပွဲတွင်လည်း အာဆင်နယ်တို့အရေးနိမ့်ခဲ့ရသည်။ ပွဲချိန်မိနစ် ၂၀တွင် တောရက်စ်က ချယ်လ်ဆီးအတွက် အဖွင့်ဂိုးသွင်းယူခဲ့မှုကို ၄၂မိနစ်တွင် ဂျာဗင်ညိုက ပြန်ချေပနိုင်ခဲ့သည်။ သို့သော် ၅၃မိနစ်တွင် မာတာက ချယ်လ်ဆီးအတွက် အနိုင်ဂိုးသွင်းခဲ့၍ အာဆင်နယ်တို့အရေးနိမ့်ခဲ့သည်။

**အာဆင်နယ် ၀-၀ ချယ်လ်ဆီး**
**၂၁-၄-၁၂ ပရီမီယာလိဂ်**

ထိုပွဲတွင် အာဆင်နယ်သည် ပွဲကို သိသိသာသာမထိန်းချုပ်နိုင်ခဲ့ပေ။ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိကစားနိုင်ခဲ့သော်လည်း ချယ်လ်ဆီး၏ တန်ပြန်ထိုးဖောက်မှုများကို ခက်ခက်ခဲခဲ ထိန်းချုပ်ခဲ့ရသလို ရရှိသောအခွင့်အရေးများကိုလည်းအသုံးမချနိုင်၍ သရေကျခဲ့သည်။

**အာဆင်နယ် ၃-၁ ချယ်လ်ဆီး**
**၂၈-၁၂-၁၀ ပရီမီယာလိဂ်**

အိမ်ကွင်းနောက်ဆုံးငါးကြိမ် အာဆင်နယ်အတွက် တစ်ပွဲတည်းသောအနိုင်ဖြစ်သည်။ ၄၄၊၅၁၊၅၃ မိနစ်တို့တွင် ဆောင်း၊ ဖာဘရီဂတ်စ်၊ ဝေါကော့သ်တို့က ဂိုးများသွင်းခဲ့ပြီး သုံးဂိုးပြတ်အသာရနေပြီးမှ ၅၇မိနစ်တွင် အိုင်ဗန်နိုဗစ်က ချယ်လ်ဆီးအတွက် တစ်ဂိုးပြန်ချေပနိုင်ခဲ့ခြင်းသာဖြစ်သည်။

**အာဆင်နယ် ၀-၃ ချယ်လ်ဆီး**
**၂၉-၁၁-၀၉ ပရီမီယာလိဂ်**

အာဆင်နယ် အတွက် အရှက်ရစရာဖြစ်ခဲ့သည်။ ၄၁ မိနစ်တွင် ဒရော့ဘာက ချယ်လ်ဆီးအတွက် အဖွင့်ဂိုးသွင်းခဲ့ပြီး ၄၄မိနစ်တွင် ဗာမေလန်က ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သည့်အပြင် ၈၆ မိနစ်တွင် ဒရော့ဘာကပင် ချယ်လ်ဆီးအတွက် တတိယဂိုးသွင်းခဲ့၍ ဂိုးပြတ်နိုင်ခဲ့သည်။

### ပရီမီယာလိဂ် ပွဲစဉ်(၁၇)

| | | | | |
|---|---|---|---|---|
| လီဗာပူး | - | ကာဒစ်ဖ် | ည ၇း၁၅ | (၂၁-၁၂-၁၃) |
| ပဲလေ့စ် | - | ကာဆယ် | ည ၉း၃၀ | (၂၁-၁၂-၁၃) |
| ဖူလ်ဟမ် | - | မန်စီးတီး | ည ၉း၃၀ | (၂၁-၁၂-၁၃) |
| မန်ယူ | - | ဝက်စ်ဟမ်း | ည ၉း၃၀ | (၂၁-၁၂-၁၃) |
| စတုတ် | - | ဗီလာ | ည ၉း၃၀ | (၂၁-၁၂-၁၃) |
| ဆန်းဒါးလန်း | - | နော့ဝှစ်ချ် | ည ၉း၃၀ | (၂၁-၁၂-၁၃) |
| ဝက်စ်ဘရွန်း | - | ဟားလ် | ည ၉း၃၀ | (၂၁-၁၂-၁၃) |
| ဆောက်သမ်တန် | - | စပါး | ည ၈း၀၀ | (၂၂-၁၂-၁၃) |
| ဆွမ်ဆီး | - | အဲဗာတန် | ည ၁၀း၃၀ | (၂၂-၁၂-၁၃) |
| အာဆင်နယ် | - | ချယ်လ်ဆီး | နံနက် ၂း၃၀ | (၂၄-၁၂-၁၃) |